SILVER STAR
FASHION SHOP

The VOICE
Weekly
Vol.10 / No.8
Monday, March 3 - 9, 2014
http://www.thevoicemyanmar.com






စာ 3



စာ 30



စာ 12

SPECIAL REPORT

# သမ္မတနှင့် လွှတ်တော် - ခေါင်းနှင့် ပန်း

**နိုင်ငံ** တစ်ဝန်းရှိ မြို့နယ်တစ်မြို့နယ်စီအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်သုံးစွဲရေးအပေါ် လွှတ်တော်နှင့် နိုင်ငံတော်သမ္မတရုံးကြား နားလည်မှုတင်းမာသည်မှာ သုံးလခန့်ကြာပြီဖြစ်သည်။

သမ္မတအနေနှင့် ဒေသဖွံ့ဖြိုးရေး ကျပ်သိန်းတစ်ထောင်သုံးစွဲရေးအချက် ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို အခြေခံဥပဒေနှင့်မညီကြောင်း ထင်ဟပ်ပြသခဲ့ပြီးဖြစ်သလို ယင်းဥပဒေကို အခြေခံဥပဒေနှင့်ညီမညီ အဓိပ္ပာယ်ဖွင့်ဆိုရန် အသစ်ဖွဲ့စည်းထားသည့် ခုံရုံးကိုတင်ပြထားပြီးဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက အတိအလင်း ကြေညာထားပြန်သည်။

ယင်းကာလအတွင်း၌ပင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအတွက် နိုင်ငံတော်သမ္မတရုံးနှင့် အစိုးရအဖွဲ့က ခေတ္တစောင့်ဆိုင်းရန် ဇန်နဝါရီလ ဒုတိယပတ်တွင် အသိပေးထားသော်လည်း သုံးစွဲမြဲဆက်လက်သုံးစွဲရန် နာယကသူရဦးရွှေမန်းကိုယ်တိုင် ဇန်နဝါရီလ တတိယပတ်တွင် မောင်းထုကြေညာခဲ့ပြီးဖြစ်သည်။

"ပြည်သူအတွက် အမှန်လိုအပ်နေတယ်။ သုံးစွဲချိန်နောက်ကျနိုင်တယ်" ဟု အစိုးရအဖွဲ့၏ တောင်းဆိုမှုကို စာ 4



စာ 8
ဓာတ်ပုံ - မင်းကျော်သာ

၂၁ရာစုသည် ဗုဒ္ဓဘာသာမကွယ်ပျောက်စေရေးအတွက် ပြတ်ပြတ်သားသားဆုံးဖြတ်လုပ်ကိုင်ရမည့် အရေးကြီးသောအချိန်ကာလဖြစ်သည်ဟုဆိုသည်

**မျိုးစောင့်ဥပဒေ**

"အစိုးရဘက်က ဘယ်လို ပြန်ရေးလာမလဲဆိုတာ ကြည့်ပြီးမှ ဒီဥပဒေတွေကိုသုံးသပ်ရမယ်"
**ဒေါ်အောင်ဆန်းစုကြည်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဥက္ကဋ္ဌ**
စာ I

"ဗုဒ္ဓဘာသာ အများစုနေထိုင်တဲ့နိုင်ငံမှာ ဒီလိုဥပဒေမျိုးက လိုအပ်နေတာကြာပါပြီ"
**ဦးဘရှိန်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်**
စာ I

"ဒီဥပဒေကမလိုအပ်ဘူး။ ဘာလို့လဲဆိုတော့ လွတ်လပ်မှုကို အနှောင့်အယှက်ဖြစ်စေတယ်"
**ဦးလှဆွေ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်**
စာ I

**အိန္ဒိယ - မြန်မာ ပင်မကုန်သွယ်လမ်းပိတ်ဆို့မှု အိန္ဒိယဘက်က ၁၅ ရက်ထပ်တိုး** စာ 29



SPECIAL REPORT

# အာဆီယံ အင်ဂျင်နီယာအိပ်မက်

လဲ့ရည်မြင့်

**အာဆီယံ** **အင်ဂျင်နီယာအဖြစ် အသက်မွေးဝမ်းကျောင်း စတင်တော့မည့်အကြောင်း ကိုမိုးအောင် တစ်ဆင့်စကားနှင့် သိခဲ့ရသည်။**


ဓာတ်ပုံ-မြင့်မိုးညို

ဒုတိယနှစ် ဓာတုအင်ဂျင်နီယာ ကျောင်းသား ကိုမိုးအောင်အတွက် အာဆီယံ အင်ဂျင်နီယာအိပ်မက်က ခွန်အားဖြစ်စေသည်။

အင်ဂျင်နီယာဘွဲ့(B.E)ရရှိထားသူများအနက် Professional Engineer (PE) လက်မှတ်ရှိထားသူများကို ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းတွင် ဒေသတွင်းနိုင်ငံများ၌ လွတ်လပ်စွာသွားရောက်လုပ်ကိုင်ရန် ၂၀၁၄ ခုနှစ်တွင် စတင်စမ်းသပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့က ထုတ်ဖော်ပြောဆိုထားပြီဖြစ်သည်။

ကဏ္ဍအလိုက် ကျွမ်းကျင်လုပ်သားများ သွားလာလုပ်ကိုင်ခွင့်အတွက် အာဆီယံ သဘောတူညီချက်များရှိသော်လည်း အင်ဂျင်နီယာကဏ္ဍတွင် လုပ်ငန်းနှင့် စာတွေ့ရှိထားသော PE အဆင့်ကိုသာ ကနဦး စမ်းသပ်မည်ဖြစ်ကြောင်း အဆိုပါဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောကြားသည်။

ဒေသတွင်း အင်ဂျင်နီယာဆိုင်ရာ အကြံပေး (PE) များ မြန်မာ့ရေမြေအနေအထား၊ တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို သဘောပေါက်နားလည်စေရန်ရည်ရွယ်၍ အင်ဂျင်နီယာအချင်းချင်း ပူးတွဲအလုပ်လုပ်ခွင့်ကို စတင်စမ်းသပ်ခြင်းဖြစ်ပြီး ယင်းစမ်းသပ်မှုကြောင့် မြန်မာနိုင်ငံက အင်ဂျင်နီယာများအနေနှင့် အာဆီယံ အဆင့် အသိအမှတ်ပြုလက်မှတ်များ ရရှိမည်ဖြစ်ကြောင်း ပြည်တွင်းအင်ဂျင်နီယာ အသိုင်းအဝိုင်းက သုံးသပ်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့က Asean Chartered Professional Engineer (ACPE) အဆင့်မီရန် ဒေသတွင်းနိုင်ငံအလိုက်ညှိနှိုင်းရန် လိုအပ်နေသေးကြောင်း ၎င်းတို့က ဆိုသည်။

အင်ဂျင်နီယာဘွဲ့(B.E) ရများတွင် လုပ်သက် ခုနစ်နှစ်အထက်ရှိသူတိုင်း Professional Development Program (PDP) ကိုတက်ရောက်ပြီး အရည်အချင်းစစ် စာမေးပွဲဖြေဆိုရန်လိုအပ်ကြောင်း၊ ယင်းအပြင် Continuing Professional Development (CPD) အတွက် အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်ခြင်းနှင့် Professional Assessment ခံယူပြီးမှသာ PE လက်မှတ်ထုတ်ပေးကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့မှ စုံစမ်းသိရှိရသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အင်ဂျင်နီယာ(PE) တစ်ဦး၏ တစ်လစာဝင်ငွေသည်လည်း လစဉ်ကျပ် ၁၂သိန်းမှ သိန်း ၂၀ ကျော်ထိရှိပြီး အင်ဂျင်နီယာပညာရပ်အပြင် စီမံခန့်ခွဲမှုပညာရပ်ကိုပါ တတ်မြောက်သူများက PE အဖြစ် အသက်မွေးကြကြောင်း အင်ဂျင်နီယာ အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

သို့သော် မြန်မာနိုင်ငံမှ PE လက်မှတ်ရထားသူများအတွက် ဒေသတွင်းနိုင်ငံတိုင်းက လက်ကမ်းခေါ်သောအဆင့်မှာ အလှမ်းဝေးနေဆဲဖြစ်သည်။

ကျွမ်းကျင်လုပ်သားအမြောက်အမြားမွေးထုတ်ထားသော ဒေသတွင်းဖွံ့ဖြိုးပြီးနိုင်ငံများက အလုပ်အကိုင် အခက်အခဲတွေ့နေသူများသည် မြန်မာနိုင်ငံ၏နိုင်ငံရင်းနှီးမြှုပ်နှံမှုများနှင့်အတူ လိုအပ်လာမည့် ကျွမ်းကျင်လုပ်သားများကြား ဝင်ဆံ့ရန် ကြိုးစားလာနိုင်ကြောင်း ရောင်နီဦးဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာလည်းဖြစ်သူ မြို့ပြအင်ဂျင်နီယာပညာရှင် ဦးအောင်ဝင်းက ပြောကြားသည်။

"မြန်မာနိုင်ငံကျတော့လည်း ကိုယ်ကသွားနိုင်တာနည်းနည်း၊ ကိုယ့်ပရောဂျက်တွေက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတော့ သူတို့တွေ အကုန်လုံးသယ်ချလာရင် ဒီကလူတွေအတွက် စိုးရိမ်ရတယ်" ဟု ၎င်းက ပြောဆိုသည်။

ကျွမ်းကျင်လုပ်သားရှားပါးမှုပြဿနာ နောက်ဆက်တွဲတွင် သင်ကြားရေးစနစ်အားနည်းနေသော နည်းပညာတက္ကသိုလ်ပညာရေးနှင့် သက်မွေးပညာကျောင်းများ အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း ပြည်တွင်းလေ့လာစောင့်ကြည့်သူများက သုံးသပ်ကြသည်။

"အင်ဂျင်နီယာ ကျောင်းဆင်းတစ်ယောက်က လုပ်ငန်းခွင်ထဲချက်ချင်း မဝင်နိုင်ဘဲ ၂နှစ်လောက် ဟိုသင်တန်းတက် ဒီသင်တန်းတက်နေရတယ်။ သင်တန်းတက်ပြီး လုပ်ငန်းခွင်ထဲ ဝင်လာပြန်တော့လည်း ဘာမှကောင်းကောင်း မတတ်ဘူး" ဟု ဦးအောင်ဝင်းကပြောဆိုသည်။

အင်ဂျင်နီယာဘွဲ့ရရှိရန် ငါးနှစ်သင်ကြားရပြီး လက်တွေ့မပါ၍ ပြင်ပသင်တန်းများနှင့် ထပ်မံသင်ကြားရသောအချိန်ရှိသောကြောင့် နိုင်ငံတကာ အင်ဂျင်နီယာဘွဲ့ရ ကျောင်းဆင်းများနှင့်ယှဉ်ပြိုင်ပါက ကျွမ်းကျင်မှုသိသိသာသာ ကွာခြားနေကြောင်း ၎င်းကဝေဖန်သုံးသပ်သည်။

နှစ်စဉ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ တစ်သောင်းဝန်းကျင်ကို နည်းပညာတက္ကသိုလ်များတွင် လက်ခံသင်ကြားနေသော်လည်း လက်တွေ့နှင့် စာတွေ့ပြည့်စုံသော အင်ဂျင်နီယာဘွဲ့ရများ ရှားပါးနေဆဲရှိသည်။

မြန်မာကျောင်းသား၊ ကျောင်းသူများ လက်တွေ့အသုံးချဘာသာရပ်များနှင့် ဝေးကွာသဖြင့်နိုင်ငံတကာနှင့် ရင်ပေါင်တန်းလုပ်ကိုင်ရန် မလွယ်ကူနိုင်ကြောင်း၊ သိပ္ပံ အထူးပြုဘာသာရပ်များနှင့် နည်းပညာတက္ကသိုလ်များ၏ ဓာတ်ခွဲခန်းနှင့်သင်ကြားရေးဆိုင်ရာများ မြှင့်တင်မှသာ ၂၀၁၅ ခုနှစ်နောက်ပိုင်းအတွက် ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ Curtin University မှ အီလက်ထရွန်နစ်နှင့် ကွန်ပျူတာအင်ဂျင်နီယာ ဒေါက်တာ ဇေယျာဦးက ပြောကြားသည်။

"မကျွမ်းကျင်ဘဲ ဘယ်နေရာမှ မသွားနဲ့။ အခုခေတ်က ပညာတတ်မှ အလုပ်ရမယ့်ခေတ်ဖြစ်နေပြီ" ဟု ၎င်းကဆိုသည်။

အာဆီယံအဆင့် ကျွမ်းကျင်လုပ်သားစီးဆင်းမှုတွင် အသက်မွေးဝမ်းကျောင်းအင်ဂျင်နီယာ (PE) ကို စတင်လုပ်ဆောင်ပြီးဖြစ်သော်လည်း လာမည့် ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် AGTI အဆင့် ကျွမ်းကျင်လုပ်သားများအတွက်ပါ ဆက်လက်ဆောင်ရွက်ရန်ရှိနေသေးကြောင်း အင်ဂျင်နီယာအသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

သို့သော် PE အဆင့်လုပ်သားစီးဆင်းမှုတွင်ပင် မြန်မာလုပ်သားထုများအတွက် စိန်ခေါ်မှုများတွေ့နေရသည်။

ယင်းကြောင့် အင်ဂျင်နီယာဘွဲ့ရ အလုပ်လက်မဲ့နှုန်းများနေသော မြန်မာနိုင်ငံထဲတွင် တိုးဝင်အလုပ်လုပ်နိုင်ရေး ရင်ပူနေဆဲရှိကြောင်း နည်းပညာတက္ကသိုလ်ကျောင်းသား ကိုမိုးအောင်က ဖွင့်ဟပြောကြားသည်။

ပြည်ပလုပ်ငန်းခွင်တွင် နိုင်ငံတကာ အင်ဂျင်နီယာများနှင့် တန်းတူလုပ်ကိုင်နိုင်ရန် မရေရာဖွယ် အနာဂတ်တစ်ခု ဖြစ်နေကြောင်း ၎င်းကညည်းညူမိသည်။

"ကျောင်းပြီးရင်အလုပ်ချက်ချင်း ရ မရ တော့ မသိဘူး။ Lab (လက်တွေ့ခန်း) အခန်းဝင်တာတောင် ဆပ်ပြာပဲ လုပ်ဖူးသေးတယ်"

လဲ့ရည်မြင့်

We Make Things Perfect
ခေတ်မီ လုံခြုံစိတ်ချ ယုံကြည်စွာ သုံးနိုင်တာ

UP ELEVATOR & ESCALATOR

- အိမ်သုံးလျှပ်စစ်မီတာ 220 V ဖြင့်မောင်းနှင်၍ရရှိနိုင်သော Home Lift ဓါတ်လှေကားဆိုဒ်အသေးများကိုစတင်တင်သွင်းရောင်းချပေးနေပါပြီ။
- ဓါတ်လှေကားရောင်းချသည့်ဈေးနှုန်းကိုဆိုဒ်ပြီးစီးမှုအခြေအနေပေါ်မူတည်၍အရစ်ကျငွေပေးချေမှုရာခိုင်နှုန်းပုံစံကိုတမူထူးခြားစွာဆောင်ရွက်ပေးနေပါပြီ။
- လူသားများ၏အသက်အန္တရာယ်ကင်းရှင်းမှုအတွက်နိုင်ငံခြားအတွေ့အကြုံရပညာရှင်များမှတိကျသေသပ်စွာတပ်ဆင်မှုများကြောင့် စိတ်ချယုံကြည်စွာသုံးစွဲနိုင်သည်။
- ခေတ်မီလှပသောနောက်ဆုံးပေါ်ဓါတ်လှေကားဒီဇိုင်းများရွေးချယ်သော်လည်း ဈေးနှုန်းပြောင်းလဲမှုမရှိပါ။
- လူကြီးမင်းတို့ဝယ်ယူလိုသောဓါတ်လှေကားအမျိုးအစား၊ Kg နှင့်လူဦးရေရွေးချယ်ရန်လိုပြီး ကျန်လိုအပ်နေသောအချက်အလက်များကိုအခမဲ့ဝန်ဆောင်မှုအဖြစ်ဆောင်ရွက်ပေးပါသည်။
- UP Elevator မှကိုရီးယားနိုင်ငံထုတ် Modern Brand Name Elevator နှင့် Fuji Brand Name Elevator အမျိုးအစားများကိုဖြန့်ဖြူးတင်သွင်းရောင်းချပေးပါသည်။
- ဓါတ်လှေကားဝယ်ယူလျှင် One Year Free Service နှင့် Before & After sale service အပြည့်အဝပါဝင်ပါသည်။
- လူစီး၊ကုန်တင်၊ဆေးရုံသုံး၊ဟိုတယ်သုံး၊အိမ်သုံးနှင့် အစားအသောက်တင်ပို့နိုင်သော Dumb Waiter အစရှိသည့်ဓါတ်လှေကားအမျိုးမျိုးတို့ကို ဝယ်ယူရရှိနိုင်ပါပြီ။



UP2 Industry Co.,Ltd. No.168 (B), Dhammazedi Road, Bahan Tsp, Yangon. Tel; 01 505057, 524412, Mobile; 09 73208582
E-mail: up.elevator@gmail.com

EDITORIAL

# ရွေးချယ်မရသော အိမ်နီးချင်းနှင့် စင်ကာပူ သင်ခန်းစာ

'အိမ်နီးချင်းကို ရွေးချယ်မရ' ဆိုသည်မှာ စင်ကာပူနိုင်ငံ လက်ကိုင်ထားသော သဘောတရားတစ်ခုဖြစ်ပြီး ထိုသဘောတရားကိုအခြေခံကာ နိုင်ငံကြီးပွားတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင် လုပ်ဆောင်နိုင်ခဲ့သည်ဖြစ်ရာ အင်အားကြီး အိမ်နီးချင်းများနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံအတွက် သင်ခန်းစာယူရမည် ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံတို့ကို ရွေးချယ်မရ၊ နဂိုကတည်းက ရှိနေပြီးဖြစ်သည့်အတွက် ထိုအိမ်နီးချင်းတို့ကို သတိထားပြီး မိမိအခြေအနေနှင့် လိုက်လျောညီထွေစွာ နေထိုင်ဆက်ဆံရမည်ဟူသော သဘောပင်ဖြစ်သည်။

လူဦးရေ ငါးသန်းခန့်သာရှိကာ ရန်ကုန်မြို့ခန့်သာရှိသော ကျွန်းနိုင်ငံငယ်လေး စင်ကာပူသည် ယင်းထက် အဆများစွာကြီးမားသော၊ သယံဇာတကြွယ်ဝသော၊ လူဦးရေ အဆပေါင်းများစွာများပြားသော အိမ်နီးချင်းများအကြား ရှင်သန်ရပ်တည်ရေးကို ရေရှည်ရေတို မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ကျင့်သုံးနေရသော နိုင်ငံဖြစ်သည့်အတွက် 'You cannot choose your neighbors' ဆိုသည့် စကားမှာ စင်ကာပူ၏ နိုင်ငံခြားရေးမူဝါဒ၊ လူဝင်မှုကြီးကြပ်ရေးမူဝါဒ၊ ပြည်ထဲရေးမူဝါဒ၊ ကာကွယ်ရေးမူဝါဒ စသော ပြည်သူ့ရေးရာမူဝါဒများစွာတို့၏အသက် ဖြစ်လာသည်။

စင်ကာပူနိုင်ငံ တည်ထောင်စ ၁၉၆၅ ကာလများက ရန်ဘက်ပြိုင်ဘက်သဖွယ် ဖြစ်ခဲ့ပြီးနောက်ပိုင်းတွင် ပြန်လည်သင့်မြတ်လာသည့်တိုင် အငြင်းပွားမှုများ ကျယ်ကျယ်လောင်လောင်ဖြစ်ဆဲ မလေးရှားနိုင်ငံ၊ လူဦးရေသန်း ၂၅၀ ခန့် အင်ဒိုနီးရှားနိုင်ငံတို့သည် မလေးစကားပြောအနွယ်များဖြစ်သည်။ စင်ကာပူနိုင်ငံ လူဦးရေတွင် ဒုတိယအများဆုံးမှာ မလေးများဖြစ်သည့်အတွက် နိုင်ငံတွင်း အဓိကမျိုးနွယ်ကြီးများဖြစ်သည့် တရုတ်၊ မလေးနှင့် အိန္ဒိယတို့အကြား လူဦးရေအချိုးအစားပြောင်းလဲမသွားရေးကို အဓိကဂရုစိုက်ကာ မျက်ခြည်မပြတ်ကြည့်နေရသည်မှာလည်း စင်ကာပူနိုင်ငံ ရှင်သန်ရပ်တည်ရေး မူဝါဒ၏ အဓိကအစိတ်အပိုင်းဖြစ်သည်။

သေးငယ်ပြီး သဘာဝသယံဇာတမရှိသောကြောင့် ကုန်သွယ်ရေး၊ ငွေအရင်းအနှီးများရရေး စသော စီးပွားရေးတွင် အခြားနိုင်ငံများကိုအားကိုးရသည့် စင်ကာပူသည် နိုင်ငံတည်ငြိမ်မှုသာ ရင်းနှီးမြှုပ်နှံလိုသူများအား ဆက်လက်ဆွဲဆောင်နိုင်မည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေးကို လိုလားသလို အိမ်နီးချင်းများနှင့် ချစ်ကြည်ရေးထိန်းသိမ်းနိုင်အောင် ဆောင်ရွက်သည်မှာ အထူးမှတ်သားစရာဖြစ်သည်။ ငြိမ်းချမ်းရေးကို လိုလားသော်လည်း မိမိနိုင်ငံကိုထိပါးလာလျှင် မုတ်လောက်သားလောက်အောင် တုံ့ပြန်နိုင်ရန် သေးငယ်သော်လည်း ခေတ်မီထက်မြက်သည့် အဆိပ်ပြင်းတပ်မတော်တစ်ရပ် ထားရှိခြင်းဖြင့် ငြိမ်းချမ်းရေးကို အကောင်းဆုံးထိန်းသိမ်းထားသည်။ စင်ကာပူနိုင်ငံသား အရွယ်ရောက်သူအမျိုးသားတိုင်း စစ်မှုမထမ်းမနေရစနစ်ကျင့်သုံးသောကြောင့် တပ်မတော်၏ အရန်အင်အားသည် တစ်နိုင်ငံလုံးပင်ဖြစ်ပြီး တပ်မတော်နှင့်ပြည်သူ တစ်သားတည်းဖြစ်စေသည်။

'ကြက်ဥအားလုံးကို ခြင်းတောင်းတစ်လုံးတည်းတွင် မထည့်ရ' ဟူသော စကားအတိုင်း အိမ်နီးချင်းနိုင်ငံများအပေါ်တွင်သာ ကိုယ့်ကံကြမ္မာကို ပုံမထားဘဲ ဒေသအပြင်ဘက်မှ အင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ စသောနိုင်ငံများနှင့်လည်း ရင်းနှီးသောဆက်ဆံရေးများ တည်ဆောက်ထားရှိသလို စစ်ရေးပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်းတို့ဖြင့် မိမိရွေးချယ်ပိုင်ခွင့်တို့ကို စင်ကာပူသည် ဖြန့်ကြက်ထားသည်။

မိမိထက် အင်အားကြီးသောနိုင်ငံများနှင့် အိမ်နီးချင်းဖြစ်နေရသောနိုင်ငံငယ်များသည် သာမန်မတွေးဘဲ တီထွင်ဖန်တီးမှုရှိရှိဖြင့် မူဝါဒများ ရေးဆွဲဖော်ဆောင်နိုင်ခြင်းဖြင့် အချုပ်အခြာအာဏာအခွန့်ရှည်စွာ တည်တံ့ခိုင်မြဲပြီး အမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဆိုပါနိုင်ငံများနှင့် အကျိုးတူ Win-Win ဆောင်ရွက်နိုင်ကြောင်း စင်ကာပူထံမှ သင်ခန်းစာယူနိုင်ပါသည်။

မြန်မာနိုင်ငံသည် လူဦးရေသန်း ၁၃၀၀ ကျော်ရှိသည့် ကမ္ဘာ့မဟာအင်အားကြီးလောင်းလျာ တရုတ်နိုင်ငံ၊ လူဦးရေ သန်း ၁၂၀၀ ကျော်ရှိသည့် အစဉ်အလာအင်အားကြီး အိန္ဒိယ၊ ရှမ်းပြည်နယ် အရွယ်အစားလောက်သာရှိသော်လည်း မြန်မာလူဦးရေ၏ သုံးဆခန့်လူဦးရေဖြင့် လူဦးရေပေါက်ကွဲကြီးထွားနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ပြည်ပရန်တို့ကို နေရာပေးခဲ့သည့် ထိုင်းနိုင်ငံတို့နှင့် နယ်ချင်းရှည်လျားစွာဆက်စပ်နေသည်ဖြစ်သောကြောင့် 'ရွေးချယ်မရသော အိမ်နီးချင်းများ' သဘောတရားကို အခြေခံကာ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်သင့်ကြောင်း သတိပေးလိုက်ပါသည်။

**အယ်ဒီတာ (၂၇.၂.၂၀၁၄)**

SPECIAL REPORT

# သမ္မတနှင့်လွှတ်တော် - ခေါင်းနှင့်ပန်း

အောင်ထက်

**နိုင်ငံ** တစ်ဝန်းရှိ မြို့နယ်တစ်မြို့နယ်စီအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်သုံးစွဲရေးအတွက် လွှတ်တော်နှင့် နိုင်ငံတော်သမ္မတရုံးကြားနားလည်မှု တင်းမာသည်မှာ သုံးလခန့်ကြာပြီဖြစ်သည်။



ဓာတ်ပုံ-နေဘ်ကို

သမ္မတအနေနှင့် ဒေသဖွံ့ဖြိုးရေးကျပ်သိန်းတစ်ထောင်သုံးစွဲရေးအချက်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို အခြေခံဥပဒေနှင့် မညီကြောင်း ထင်ဟပ်ပြသခဲ့ပြီးဖြစ်သလို ယင်းဥပဒေကို အခြေခံဥပဒေနှင့်ညီမညီ အဓိပ္ပာယ်ဖွင့်ဆိုရန် အသစ်ဖွဲ့စည်းထားသည့် ခုံရုံးကို တင်ပြထားပြီးဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက အတိအလင်း ကြေညာထားပြန်သည်။

ယင်းကာလအတွင်း၌ပင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရေးအတွက် နိုင်ငံတော်သမ္မတရုံးနှင့် အစိုးရအဖွဲ့ဝင်ခေတ္တစောင့်ဆိုင်းရန် ဇန်နဝါရီလ ဒုတိယပတ်တွင် အသိပေးထားသော်လည်း သုံးစွဲမြဲဆက်လက်သုံးစွဲရန် နာယကသူရဦးရွှေမန်းကိုယ်တိုင် ဇန်နဝါရီလ တတိယပတ်တွင် မောင်းထုကြေညာခဲ့ပြီး ဖြစ်သည်။

" ပြည်သူအတွက် အမှန်လိုအပ်နေတယ်။ သုံးစွဲချိန်နောက်ကျနိုင်တယ်" ဟု အစိုးရအဖွဲ့၏ တောင်းဆိုမှုကို မျက်ကွယ်ထား၍ ၎င်းကထုတ်ဖော်ပြောကြားခဲ့သည်။

လွှတ်တော်က တာဝန်ခံသုံးစွဲသောငွေကြေးအတွက် အုပ်ချုပ်ရေးမဏ္ဍိုင်၏ ကြီးစိုးခြယ်လှယ်မှုကို လိုလားမှုမရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်တို့က ထောက်ခံပြောဆိုထားပြီးဖြစ်သောကြောင့် နာယက၏ ဆုံးဖြတ်ချက်သည် လွှတ်တော်အတွင်း ပို၍ပင်ကျယ်ပြန့်မှုရှိလာသည်။

ဖွံ့ဖြိုးဆဲ မြို့နယ်များသာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လမ်း၊ တံတား၊ ရေ သုံးစွဲရေးအပါအဝင် ပညာရေးနှင့် ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းများ (ဥပမာ-အိမ်သာမှအစ) ကို သုံးစွဲနေဆဲဖြစ်သောကြောင့် လုပ်ငန်းများ ရပ်ဆိုင်းထားရန် မဖြစ်နိုင်ကြောင်း သူရဦးရွှေမန်းကဆိုသည်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတွင်ဒေသဖွံ့ဖြိုးရေးအချက်ထည့်သွင်းထားခြင်းကို ပြည်သူအတွက်အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်သည်ဟု သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများသာမက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြောဆိုထားသည်။

သို့သော်အပြုသဘောဆောင်သော လုပ်ဆောင်ချက်များစွာတွင် ပြဿနာများစွာရှိနေပြီဖြစ်ပြီး အလွန်သတိထားရမည့် ကိစ္စများရှိလာသည်ဟု ဒေါ်အောင်ဆန်းစုကြည်၏ သတိပေးချက်များ ထွက်လာပြန်သည်။

"ကိုယ့်ရဲ့မြို့နယ်ကို ပိုင်အောင်လုပ်ကိုင်ထား။ သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းကို သေချာလိုက်နာပါ" ဟု သူမက ပြောဆိုထားသည်။

ယင်းကဲ့သို့ သတိပေးသံသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကြား ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကွာဟနေသော စည်းတစ်ခုကြောင့်ဖြစ်နိုင်ကြောင်း ကိုယ်စားလှယ်အများစုက သုံးသပ်သည်။

ပါတီစည်းရုံးရေးဟု စွပ်စွဲပြောဆိုမှုများရှိလာနိုင်သလို သုံးစွဲငွေစာရင်းမှားနိုင်သည့် အဖြစ်များကို အစိုးရဘက်က ထောက်ပြလာနိုင်ကြောင်း ၎င်းက ကြိုတင်မှန်းဆထားပုံရသည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ လမ်းညွှန်ချက်ကို လိုက်နာရန် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုထားခြင်းဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်က ချမှတ်ထားသည့် ငွေသုံးစွဲရေးထုတ်ပြန်ချက်ကို လက်ကိုင်ထားခြင်းမှာ လွှတ်တော်နှင့် ကိုယ်စားလှယ်တို့၏ ဒီမိုကရေစီလမ်းစဉ်ကို ဖေးမပေးမည်ဟု ၎င်း၏ပါတီဝင်ကိုယ်စားလှယ်တို့က ပြောဆိုကြသည်။

"အစိုးရဘက်က လုံးဝလက်ခံထားတာမဟုတ်ဘူးနော်။ ဒီကိစ္စမအောင်မြင်ရင် လွှတ်တော်ကို အများကြီးဂယက်ရိုက်

**စာမျက်နှာ 5 သို့**

The VOICE Weekly

The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)

**Chief Editor** - Kyaw Min Swe, **Editor in-Charge**-Zeya Thu, **Managing Editor**-Kyaw Naing, **Contributor** -Nathan Maung,
**Senior Executive Editors** - Kyaw San Min, Khine Cho Zaw Win Tin, Zin Zin Thaw, Thiri Zaw, Nwet Kay Khine,
**Senior Editors**-Mya Hnin Aye, Thu Rein Hlaing @ Khunn Thu, **Editorial Secretary**- Aung Soe,
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han, Hein Tint, **Photo Editor**-Moe Kyaw Lwin,
**Foreign Affairs** - Aung Kyaw Soe (Desk Editor), Tin Aye Kyaw, Thant Zin Soe, Aung Nyein Chan,
**Editors** - Aung Bo Bo Shein, Kyaw Swar Soe, Min Myo, Kyi Kyi Lwin, Moe Khine, Kyu Kyu Thin (Moe Myay), Zin Marlar Htay@Green, Aung Aung Tun,
**Editorial Assistant**- Swe Nyein Aye, Chan Nyein Phyu, Thiri Win Thu Lwin.
**Senior Reporters**-Tin Linn, Pyae Phyo Lin, Aung Myint Htun, Le Yee Myint, Aung Htet
**Reporters** - Ei Mon Aung, Ye Zon Aung, Naw Ko Ko, Shwe Sin Oo, Nyan Myo Aung , Kyaw Oo Naing, Sid Nyein Thu,
Pyae Phyo Aung, Ye Naing Oo, Khine Cherry Htun, Thant Zin Oo, Thin Yadanar Su, Thazin Oo, Kan Zaw,
**Photographer**- Ye Pyae Zarni, Aung Naing, **Mandalay**- Ye Win Naing, Aye Thanda Tun,Win Shwe Yi Oo,
**Monywa** - Ko Thet, Myat (Kalay),

စာမျက်နှာ 4 - သမ္မတနှင့်လွှတ်တော် - ခေါင်းနှင့်ပန်းမှ အဆက်

လာမယ်" ဟူသည်မှာ ဒေါ်အောင်ဆန်းစုကြည်၏ ဒုတိယမြွက် စကားလုံးဖြစ်သည်။

ထို့အပြင် ငွေသုံးစွဲရေးအတွက် ပါတီအချင်းချင်း ပဋိပက္ခဖြစ်လာနိုင်ကြောင်း နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ရှိနေသောကြောင့် ကျပ်သိန်း ၁၀၀၀ နှင့် မတန်သော ဒေါသအငွေ့များကို ပါတီအချင်းချင်းကြား ထွက်မလာစေလိုကြောင်း ၎င်းက ထပ်မံသတိပေးထားပြန်သည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအပါအဝင် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် နာယကသူရဦးရွှေမန်း၏ အရိပ်အောက်တွင် ရှိနေရကြောင်းဆိုလျှင် မှားမည်မဟုတ်။ ယင်းကော်မတီနှစ်ခုသည် ငွေကြေးသုံးစွဲရေးအတွက် အခြေခံပြုလုပ်ပေးသူများဖြစ်သည်။

ထို့ကြောင့် နာယကသည် ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံမှုများ အကြိမ်ကြိမ် ပြုလုပ်နေဆဲဖြစ်သည်။

ဒေသဖွံ့ဖြိုးရေးအတွက် မူလပြဋ္ဌာန်းချက်ပါရှိသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို အခြေခံဥပဒေနှင့် ညီ မညီ ခုံရုံးတင်ထားသော်လည်း လွှတ်တော်က ယင်းနှင့်ပတ်သက်၍ ရှေ့ခရီးဆက်ဆဲဖြစ်သည်။

ယခုနှစ်သာမက ကျန်ရှိနေသေးသည့် အစိုးရသက်တမ်းအတွက် ကျပ်သိန်းတစ်ထောင်စီ ထပ်မံသုံးစွဲရေးအတွက် ထပ်ဆင့်ဥပဒေဖြစ်သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းကိုပင် ပြည်ထောင်စုလွှတ်တော်က ဖေဖော်ဝါရီလ ဒုတိယပတ်တွင် အတည်ပြုလိုက်ပြန်သည်။

ယင်းဥပဒေကိုပင် နိုင်ငံတော်သမ္မတထံ တင်ပြလိုက်ပြီဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ပြောကြားသည်။

"ဒီဥပဒေကိုလည်း သမ္မတကြီးက လက်မှတ်ထိုးအတည်ပြုမှာ မဟုတ်ဘူး" ဟု ၎င်းက သူ၏အမြင်ကိုဖွင့်ဆိုသည်။

အဆိုပါဥပဒေကဲ့သို့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသောဥပဒေကို နိုင်ငံတော်သမ္မတအနေနှင့် သဘောမတူပါက ပြင်ဆင်လိုသည့် သဘောထားမှတ်ချက်ဖြင့် ၁၄ ရက်အတွင်း လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်ဟု အခြေခံဥပဒေက ဆိုထား၏။

ယင်းဥပဒေကို ပြည်ထောင်စုမှ ပြန်လည်ဆွေးနွေးပြီး နောက်တစ်ကြိမ် ပြန်ပို့လိုက်ပါက နိုင်ငံတော်သမ္မတအတွက် ပြင်ဆင်ချက်မရှိ အတည်ပြုပေးရတော့မည်ဖြစ်သည်။ လက်မှတ်ရေးထိုးရန် အချိန်ခုနစ်ရက်သာရှိကြောင်း အခြေခံဥပဒေက ထောက်ပြထားသည်။

"ခုနစ်ရက်အတွင်းလက်မှတ်ထိုးထိုး မထိုးထိုး အခြေခံဥပဒေအရ အတည်ဖြစ်သွားမှာပါ" ဟု ဦးစောလှထွန်းက ထပ်လောင်းပြောဆိုသည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုထားသောဥပဒေများမှ သမ္မတသဘောမတူဘဲ အတည်ဖြစ်သည့် ဥပဒေငါးခုအထိဖြစ်လာနိုင်စရာ ရှိနေပြီဖြစ်သည်။

ထို့အပြင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ငွေထုတ်ပေးခြင်း၊ စာရင်းများ စိစစ်ခြင်းကို တာဝန်ယူထားသော ပြည်သူ့ငွေစာရင်းကော်မတီသည်လည်း နာယကရုံး၏ ညွှန်ကြားချက်အောက်၌ ပုံမှန်အတိုင်း လုပ်ကိုင်ဆဲ၊ လုပ်ကိုင်မြဲဖြစ်သည်။

ထို့ကြောင့် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း၌ပင် မဲဆန္ဒနယ်မြေ ၂၅၅ မြို့နယ်အတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အားလုံးကို ဒေသအသီးသီးသို့ လွှဲအပ်ပေးခဲ့ပြီဟု ကော်မတီအတွင်းရေးမှူး ဦးမောင်တိုးက ပြောကြားသည်။

ကျန်ရှိသည့် ငါးမြို့နယ်တွင် ရွေးကောက်ခံကိုယ်စားလှယ်များ မရှိခြင်းကြောင့်သာ လွှဲအပ်ခြင်းမရှိပေ။

နိုင်ငံတော်သမ္မတက မည်သို့ပင်ဆိုစေ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော် နာယက၏ ညွှန်ကြားချက်အတိုင်း မြို့နယ်အသီးသီးမှ တင်ပြလာသည့်အချက်အလက်များကို စိစစ်၍ သုံးစွဲငွေထုတ်ပေးရမည်ဖြစ်ကြောင်း ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်က ဆိုသည်။

ယင်းကိစ္စသည် ပြည်ထောင်စုလွှတ်တော်၏ အားသာချက်တစ်ခုအဖြစ် အများစုက မြင်လာနိုင်စရာအကြောင်းရှိသော်လည်း နိုင်ငံတော်သမ္မတနှင့်လွှတ်တော်ကြား ယနေ့တိုင် စေ့စပ်ခွင့်မရသည့် ပြဿနာတစ်ခုလည်း ဖြစ်လာသည်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေအပါအဝင် ဥပဒေသုံးခုကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်းမရှိခြင်းသည် သမ္မတ၏ ဆုံးဖြတ်ချက်ဖြစ်သည်။ မှန်သည်မှားသည် ဆိုသည့်အချက်သည် အခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ်သာ မူတည်သည်ဟု လွှတ်တော်နှင့် သမ္မတတို့အကြား လက်ခံထားပြီးဖြစ်သည်။

"ခုလိုဖြစ်နေတာတွေဟာ သမိုင်းမှာရှိနေဦးမှာပါ။ သမ္မတရဲ့ ပြင်ဆင်ချက်ကို လွှတ်တော်က လက်မခံတာတွေက နောင်တစ်ချိန်မှာ သမိုင်းပညာရှင်တွေ၊ ဥပဒေပညာရှင်တွေက ပြန်တွေ့ကြမှာပါ" ဟု သမ္မတရုံးညွှန်ကြားရေးမှူးက ထုတ်ဖော်ပြောဆိုထားသည်။



ဓာတ်ပုံ-နေဘ်ကို

အလားတူ ငွေကျပ်သိန်းတစ်ထောင် သုံးစွဲရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသည့်အချက်အလက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ အခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့် မကိုက်ညီကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်ကလည်း အကြိမ်ကြိမ်ပြောဆိုထားပြီးဖြစ်သည်။

မည်သို့ပင်ဆိုစေ ဥပဒေပြုရေးကို တင်းပြည့်ကိုင်ဆောင်ထားသော လွှတ်တော်က အလျှော့ပေးသည့်ဟန်မပြ။ ပြည်သူ့အကျိုးဟူသော ခေါင်းစဉ်အောက်တွင် လွှတ်တော်နာယက ကိုယ်တိုင်ဆက်လက်လုပ်ဆောင်မည်ဟု ကြွေးကြော်ထားပြီးဖြစ်၏။

"ပြည်ထောင်စုလွှတ်တော်က ကိုယ်စားလှယ် ၆၀၀ ကျော်က ကလေးတွေမှ မဟုတ်တာ။ အခြေခံဥပဒေနဲ့ ညီ မညီကို ပဲစောင့်ကြည့်ပါ" ဟု ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက လွှတ်တော်ဘက်မှ ပြတ်သားစွာ တုံ့ပြန်သည်။

ထိုကဲ့သို့ သမ္မတရုံးနှင့် လွှတ်တော်ကြားတွင် ဥပဒေပြုရေးဆိုင်ရာကိစ္စများအတွင်း မီးသဖွယ်ဖြစ်ပေါ်လာမှုကို အခြေခံဥပဒေနှင့် ညီညွတ်မှု ရှိမရှိ အဓိပ္ပာယ်ဖွင့်ဆိုရေးအတွက် အခြေခံဥပဒေဆိုင်ရာ ခုံရုံးထံသို့ ဝကွက်အပ်နှံရန် ဇန်နဝါရီ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သမ္မတအနေနှင့် ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော ဥပဒေလေးခုနှင့် လက်မှတ်ရေးထိုးမှုမရှိဘဲ အတည်ဖြစ်နေခဲ့သည့် ဥပဒေလေးခုကို အခြေခံဥပဒေနှင့် ညီ မညီ ဆုံးဖြတ်နိုင်းခဲ့ခြင်းဖြစ်သည်။

ခုံရုံးအဖွဲ့ဝင် ၁၅ ဦးတွင် နိုင်ငံတော်သမ္မတအနေနှင့် သုံးပုံတစ်ပုံသာ ၎င်း၏စိတ်ကြိုက် ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်ပြီး ကျန်အဖွဲ့ဝင်တို့မှာ လွှတ်တော်နှစ်ရပ်မှ ပူးပေါင်းခန့်အပ်ထားခြင်းဖြစ်၏။

ထို့ကြောင့်ခုံရုံးသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကြား ဗျာများရနိုင်သောကိစ္စတစ်ခုဖြစ်လာကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က သုံးသပ်ပြောကြားကြသည်။

"ဒီကိစ္စမှာ လွှတ်တော်ဘက်က မှန်ပါလိမ့်မယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က ခန့်မှန်းထွက်ဆိုခဲ့သော်လည်း လွှတ်တော်ကိုယ်စားလှယ်အချို့က ထိုသို့ လုံးဝမသုံးသပ်ရဲပေ။

"ခုံရုံးရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုပဲ စောင့်ကြည့်မှာပါ" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုနှင့် ဦးသိန်းညွန့်တို့က ဝိနည်းလွတ် စကားဆိုသည်။

ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် နိုင်ငံတော်သမ္မတ၏ ဥပဒေပြင်ဆင်ချက်သည် အခြေခံဥပဒေနှင့် ညီသည်ဆိုပါက လွှတ်တော်၏ ဂုဏ်သိက္ခာနှင့်ကိုယ်စားလှယ်တို့၏ အရည်အချင်းကို အစိုးရအဖွဲ့မှ ထောက်ရှုစရာပျော့ကွက်များ ဖြစ်လာနိုင်သည်ကမလွဲ။ ထိုကဲ့သို့ပင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်သည် အခြေခံဥပဒေနှင့် ညီညွတ်နေသည်ဟုဆိုပါက နိုင်ငံတော်သမ္မတ၏ လုပ်ဆောင်ချက် အားနည်းသည်ဟု မှတ်ချက်ပေးလာနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ထင်မြင်ပြောကြားသည်။

"ခုဟာကခေါင်းပန်းလှန်နေသလိုပဲ။ ဥပဒေကို အနိုင်အရှုံးလို့ ယူဆလို့မရသလို၊ အနိုင်အရှုံးလို့သတ်မှတ်ထားရင် ရှုံးတဲ့ဘက်ကသူတွေ ရှက်ရမ်းမရမ်းစေချင်ဘူး။ ခုံရုံးက ဖွင့်ဆိုပိုင်ခွင့်ရှိနေတာဆိုတော့ လူကြီးဆန်ဖို့တော့လိုတယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။

ခုံရုံးသည် လွှတ်တော်၏စွပ်စွဲပြစ်တင်မှုကြောင့် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၅ ဦး ရာထူးမှ နုတ်ထွက်ခဲ့ရသည်မှာ သာဓကဖြစ်၏။ ထို့ကြောင့် မှန်ကန်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရဲရဲဝံ့ဝံ့ဆုံးဖြတ်နိုင်ရန်လိုကြောင်း ၎င်းကဆိုသည်။

"ဒီမိုကရေစီမှာ အခြေခံဥပဒေက အကြီးဆုံးပဲ။ သမ္မတကလည်းဥပဒေကျွမ်းကျင်သူမဟုတ်သလို လွှတ်တော်ကလည်း အမှန်ချည်းပဲလို့ မပြောနိုင်ဘူး။ ဒါကြောင့် မှန်ကန်တဲ့ဖွင့်ဆိုချက်ကို ခုံရုံးက ထွက်ဆိုပေးဖို့လိုတယ်" ဟု ၎င်းက ထပ်လောင်းပြောသည်။

ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ဘက်လိုက်မှုမကင်းပါက ဒီမိုကရေစီ၏ လားရာအတွက် သမိုင်းတွင်မည့်ကျောက်စာဖြစ်မည်ဟုအများစုက လက်ခံထားပြီးဖြစ်သည်။ ဆုံးဖြတ်ချက်မှန်သော အဖြေတစ်ခုဖြစ်ဖို့သာလိုသည်။ ထိုကဲ့သို့ပြုလုပ်နိုင်ရန် အချိန်အကန့်အသတ်ပေးထားခြင်းမရှိပေ။

ဥပဒေပြဋ္ဌာန်းမှုအတွက် နိုင်ငံတော်သမ္မတ၊ လွှတ်တော်တို့၏ဆုံးဖြတ်ချက်သည် အခြေခံဥပဒေနှင့် ညီ မညီ မလွဲမသွေ ပေါ်ထွက်လာမည်ဖြစ်သည်။ ထို့ကြောင့် မဏ္ဍိုင်နှစ်ရပ်ကြား ဥပဒေပြုရေးတွင် လှိုင်းဂယက်မထစေဖို့ သတိထားရမည်ဟု ဦးစောလှထွန်းက ချင့်ချိန်သည်။

"ခေါင်းပန်းလှန်မယ်ဆိုရင် လေထဲမှာ ကြာကြာမြောက်ထားနိုင်ရင် ပိုကောင်းမယ်" ဟု ၎င်းကမှတ်ချက်ပြုသည်။

**အောင်ထက်**

The VOICE Weekly

The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)

**Publisher** - Daw Khin Kywe Oo (4099),**Finance** - Pe Aung Zin(Genernal Manager), San Thida (Manager), Htet Htet Nyein (Deputy Manager), Saw Thandar Aye (Assistant Manager, HR), **Marketing** - Kyaw Than (Manager), Min Aung, Pyae Phyo Aung, Nu Nu Nge, Shwe Sin Tun, Thein Aung Htut (Designer), **Production** - Aung Kyaw Sann (Manager) , Soe Win Zaw
**DTP** - Ma Khine (Manager), Cho Cho Zin, Khin Mar Myint, Kyi Chan Hnin, Saw Elijah,
**Distribution** - Htet Khaung (Manager), Khin Myo Chit (Deputy Manager), Jack Too Too, Htet Aung,
**Receptionist** - Su Eindray Oo, Lai Yee Oo **Web Administrator** - Kyaw Htun Khine,
**Web Team**- thevoicewebteam@gmail.com, Website - www.thevoicemyanmar.com,
**Office** -No (458-460), 4th Floor (E), Corner of 31st Street and Mahabandula Road, Pabaedan Township, Yangon.
**Tel:** 01 - 242424, 389210, 389211, 372905.
**Marketing** - 01 242424, 09 51 76835, 01 11220284 , **Distribution** - 09 42 1006579, **Hot Line (News)** - 09 73248886,09 73174086.
**E-mail**-Admin; Chief Editor : c-editor@thevoicemyanmar.com, News Room : newsroom@thevoicemyanmar.com,
Press- Hnit Thit Oo Printing House Nawaday Cinema Compound , MayangoneTsp,Yangon.

# အမ်ဘီအေ (MBA) ဘာကြည့်ရွေးမလဲ၊ ဘယ်မှာတက်မလဲ

အောင်ကျော်စိုး

**'အမ်ဘီအေဘယ်လဲ၊ ဘာလဲ၊ အလုပ်ထွက်ပြီး သွားတက်သင့်လား' မှာ နိုင်ငံခြားသွားပြီး ကျောင်းသွားတက်ရင် ကိုယ့်အလုပ်ကလည်းကောင်းနေရင် ကောင်းတဲ့ကျောင်းပဲ သွားတက်ဖို့ အကြံပေးခဲ့ပါတယ်။ နောက်တစ်ပတ်ကျတော့ 'အချိန်ပိုင်းအမ်ဘီအေ၊ အီးအမ်ဘီအေ' မှာ အလုပ်မထွက်ဘဲ တက်လို့ရတဲ့ အမ်ဘီအေသင်တန်းတွေအကြောင်းရေးပါတယ်။ ဒါပေမဲ့ ဘယ်ကျောင်းကကောင်းတယ်၊ ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာ မရေးခဲ့မိပါဘူး။ ဒီအပတ်က အဲဒီရွေးစံနှုန်းတွေကို နည်းနည်းမိတ်ဆက်ပေးတဲ့အနေနဲ့ ရေးမှာပါ။**



ပထမဆုံးကြည့်သင့်တာကတော့ ကျောင်းရဲ့ Accreditation ဘွဲ့ရဲ့ Accreditation ပါပဲ။ ပြီးတော့ ဘယ်သူက Accredit လုပ်တာလဲ ဆိုတာပါ။ ဗမာလိုပြောရင် Accreditation ဆိုတာကောင်းကြောင်း စစ်ဆေးထားတဲ့ သက်သေခံလက်မှတ်ပါ။ အဲဒီတော့ စစ်ဆေးပေးတဲ့ အဖွဲ့အစည်းကိုလည်း ကြည့်ရပါသေးတယ်။ ဘွဲ့နဲ့ ကျောင်းရဲ့Accreditationမတူပါဘူး။ ကျောင်းကိုအသိအမှတ်ပြုပေမယ့် ဘွဲ့ကအသိအမှတ်မပြုတာရှိတယ်။ Accreditation ရဲ့ အသုံးဝင်မှုကလည်း ဥရောပနဲ့ မြောက်အမေရိက မတူပါဘူး။

အေအေစီအက်စ်ဘီ (AACSB)၊ အေဘီစီအက်ပီ (ABCSP) အီးအက်(ဖ်)အမ်ဒီ (EFMD) ရဲ့ အီးကွစ် (EQUIS)၊ အေအမ်ဘီအေ (AMBA) တို့နဲ့ မိတ်ဆက်ပေးပါရစေ။

အေအေစီအက်စ်ဘီက ဘိုလို The Association of Advanced Collegiate Schools of Business ပါ။ AACSB က သူ့ရဲ့အတိုကောက်ပါ။ သူကကျောင်းကို အကဲဖြတ်တာပါ။ ဒီကျောင်းမှာ ဆရာတွေ တကယ်အရည်အချင်းရှိလား၊ ကျောင်းက ကောင်းလားဆိုတာကိုကြည့်ပြီး လက်ခံရင် အေအေစီအက်စ်ဘီ Accreditation ပေးတာ ပါ။ AACSBက အရေးကြီးပါတယ်။ တန်ဖိုး ရှိပါတယ်။ မြောက်အမေရိကအလုပ်တွေလျှောက်ရင် အမ်ဘီအေတောင်းတဲ့ အလုပ်တွေလျှောက်ရင် အေအေစီအက်စ်ဘီ အသိအမှတ်ပြုကျောင်းမဟုတ်ရင် လက်မခံဘူးဆိုတဲ့ စည်းတွေရှိပါတယ်။ တချို့အလုပ်ရှင်တွေက အေအေစီအက်စ်ဘီရှိတဲ့ကျောင်းမှာ အီးအမ်ဘီအေ (Executive MBA) တက် တာမဟုတ်ရင် ကျောင်းလခကို မပေးပါဘူး။ ပြန်မအမ်းပါဘူး။ (No rebate) (Tuition Refund မလုပ်ပေးပါဘူး) အဲဒါကြောင့်အေအေစီအက်စ်ဘီအသိအမှတ်ပြုတဲ့ ကျောင်းမဟုတ်ရင် ဗီဇာလျှောက်ပြီး ကိုယ့်ပိုက်ဆံနဲ့ ကိုယ်လုံးဝမတက်သင့်ပါဘူး။

အေအေစီအက်စ်ဘီ အဖွဲ့အစည်းရဲ့ဝက်ဘ်ဆိုက် (www.aacsb.net) မှာ 'Schools Accredited in Business-ordered by country/region, state, name' နဲ့ ကိုယ်သွားမယ့်နိုင်ငံမှာ တက်မယ့်ကျောင်းက အေအေစီအက်စ်ဘီအသိအမှတ်ပြု အိန္ဒိယဟုတ် မဟုတ် ကြည့်သင့်ပါတယ်။ AACSB Accreditation ရှိတာ အိန္ဒိယဘိဇနက်ကျောင်း (India School of Business ခေါ် ISB) ရယ် ကာနတကာပြည်နယ်က တီအေပိုင် အုပ်ချုပ်ရေးကျောင်း (T.A Pai Management Institute (Kanataka)) နှစ်ခုထဲရှိပါတယ်။ ဂျပန်မှာ နာဂိုယာတက္ကသိုလ် ဝါဏိဇ္ဇဌာန (Nagoya University of Commerce and Business (Aichi)) နဲ့ ကိုင်ရိုတက္ကသိုလ် (Keio University (Kanagawa)) ပါပဲ။

စင်ကာပူရဲ့ အမျိုးသားတက္ကသိုလ် (NUS), နန်ယန်း (NTU) နဲ့ စင်ကာပူစီမံခန့်ခွဲရေးတက္ကသိုလ် (Singapore Management University) တို့ဟာ အေအေစီအက်စ်ဘီ Accreditation ရှိပါတယ်။ ဆွစ်ဇာလန်မှာ အေအေစီအက်စ်ဘီရှိတာ သုံးကျောင်းတည်းပါ။ IMD (International Institute for Management Development) ရယ်၊ စိန့်ဂေါလန် တက္ကသိုလ် (University of St. Gallen) နဲ့ ဇူးရစ်တက္ကသိုလ် (University of Zurich) ပါ။ AACSB က အရေးကြီးဆုံး Accreditation စံနှုန်းပါ။ ကိုယ့်အိတ်ထဲက ပိုက်ဆံနဲ့ တက်ရရင် ကိုယ်ကလုပ်ငန်းရှင်ဖြစ်လို့ ကိုယ့်လူတွေကို အဆင့်မြင့်ချင်ရင် အေအေစီအက်စ်ဘီ အသိအမှတ်ပြု (Accredited) ကျောင်းရွေးသင့်ပါတယ်။ တတ်နိုင်ရင်ပေါ့။

နောက်ထပ် Accreditation ပေးတဲ့ အဖွဲ့အစည်းက အီးအက်ဖ်အမ်ဒီ (EFMD- The Management Development Network) ပါ။ AACSB က မြောက်အမေရိကအတွက်ဆိုရင် EFMD က ဥရောပအတွက်ပါ။ အီးအက်ဖ်အမ်ဒီက ကျောင်းကို အသိအမှတ်ပြုရင် အီးကွစ် EQUIS လက်မှတ်တုံးထုပေးပြီး တစ်ကျောင်းလုံးတော့ လက်မခံဘဲ ဒီဂရီဒီပလိုမာတစ်ခု သင်တန်းပရိုဂရမ်ကိုတော့ အသိအမှတ်ပြုရင် အီးပတ်စ် (EPAS) အသိအမှတ်ပြုတာ ပေးပါတယ်။ အဲဒီတော့ တက္ကသိုလ်တစ်ခုထဲက စီးပွားစီမံခန့်ခွဲရေးကျောင်းတစ်ကျောင်းမှာ သူ့ရဲ့ဘီဘီအေ (BBA) ဘွဲ့ကို အီးပတ်စ် (EPAS) ရဲ့ အသိအမှတ်ပြုခံရပြီး သူ့ရဲ့ MBA ကျတော့ ဘာမှအသိအမှတ်မပြုခံရတာလည်း ရှိမှာပါ။ MBA ဘွဲ့ချင်းတောင် သူ့ရဲ့ အချိန်ပြည့် ကျောင်းဝင်းတွင်း (Full-time, on-campus) တက်ရင်တောင် ဟို Campus နဲ့ ဒီ Campus မှာ မတူပါဘူး။

တစ်ခုကို အသိအမှတ်ပြုပြီး တစ်ခုကို မပြုတာရှိနိုင်ပါတယ်။ အီးကွစ် အသိအမှတ်ပြုတဲ့ ကျောင်းဆိုရင်တော့ သူ့ရှိတဲ့ သင်တန်းပရိုဂရမ်အားလုံး၊ ဘွဲ့အားလုံးက ကောင်းတယ်လို့ယူဆလို့ရပါတယ်။ အီးပတ်စ်ပဲ ရှိရင် ဘယ်ဘွဲ့သင်တန်းက EPAS ရလဲ ဆိုတာ ထပ်ကြည့်ဖို့လိုပါတယ်။ အိန္ဒိယမှာ အီးကွစ်အသိအမှတ်ပြုကျောင်းတွေက အိန္ဒိယစီမံခန့်ခွဲရေးတက္ကသိုလ် ဘင်ဂါလိုကျောင်းဝင်းနဲ့ အိန္ဒိယစီမံခန့်ခွဲရေးတက္ကသိုလ် အာမတ်ဒါဘတ် ကျောင်းဝင်းတို့ပါပဲ။ သူ့ပြည်တွင်းမှာ နာမည်ကြီးအိန္ဒိယစီမံခန့်ခွဲရေးတက္ကသိုလ် ဒေလီကျောင်းဝင်းတောင် အီးကွစ်တုံး (their seal of approval လို့တင်စားရမယ့် Accreditation) မရှိပါဘူး။ ခုနကကျောင်းတွေက (IIMB, Bangalore, IIMA, Ahmedabad)ပါ။ စင်ကာပူက NUS, NTU, SMU သုံးကျောင်းလုံးက လက်မှတ်ရတွေပါ။ ဆွစ်ဇာလန်မှာတော့ HEC Lausanne (University of Lausanne အောက်က)၊ IMD (ခုနက အေအေစီအက်စ်ဘီရှိတဲ့ IMD) Uni versity of St.Gallen နဲ့ University of Zurich (ဇူးရစ်တက္ကသိုလ်)တွေပါပဲ။ ပိုသိချင်ရင်တော့ www.efmd.org ကိုသွားကြည့်ပါ။

သိပ်ပြီးလူမသိတဲ့ AACSB လောက်တန်ဖိုးမရှိတဲ့ မြောက်အမေရိကက Accreditationတစ်ခုက အေစီဘီအက်စ်ပီ (ACBSP) ပါ။ အရှည်က Accreditation Council For Business Schools and Programs ပါ။ ဒါက သိပ်တန်ဖိုးမရှိပါဘူး။ ဒါပေမဲ့ အေအေစီအက်စ်ဘီက ငွေဆိုရင် ဒါကကြေး သို့မဟုတ် ဘော်လောက်တန်ဖိုးရှိမှာပါ။ အနည်းဆုံးတော့ ဒါလေးရှိရင် မဆိုးပါဘူး။

နောက်ထပ်ရွှေတံဆိပ်ကို တန်ဖိုးရှိတာက အေအမ်ဘီအေ (AMBA)ပါ။ သူကအရှည်က (The Association of MBAs ) ပါ။ အင်္ဂလန်က အမ်ဘီအေယူရင် AMBA အသိအမှတ်ပြု ဘွဲ့မဟုတ် ရင် မယူစေချင်ပါဘူး။ ကုလားပြည်မှာ Indi an Institute of Mangement, Kozhikode ရယ်၊ IIM, Lucknow ရယ်၊ International Management Institute (Delhi), SP Jain တို့ဟာ AMBA လက်မှတ်ယူထားကြပါတယ်။

အဲ့ဒါအားလုံးရှိတဲ့ကျောင်းတွေက သူတို့ကိုသူတို့ သုံးပန်လုကျောင်းတွေ (Triple Accreditation) လို့ ဂုဏ်တင်ပါတယ်။ တတ်နိုင်ရင် ဖြစ်နိုင်ရင် အပြင်မှာထွက်ပြီး ကျောင်းတက်ရင် အပြင်က ကျောင်းတက်ရင် AACSB ရော၊ EQUIS ရော၊ AMBA ရောရှိတဲ့ ကျောင်းက MBA ဘွဲ့ကိုပဲ ယူသင့်ပါတယ်။ တကယ်တော့ ဒီသုံးပန်လုဆိုတာတောင် ငွေကိုရွှေရည်စိမ်ထားတာပဲ ရှိပါသေးတယ်။ ရွှေစစ်စစ်က ဘာလဲဆိုရင် ခုနလို AACSB, ANBA နဲ့ EQUIS လည်းရှိမယ်၊ ပြီးရင် Financial Times(FT), Economist တို့ရဲ့ ranking မှာလည်း ထိပ်ဆုံး ၅၀ မှာပါတယ်။ သူ့နိုင်ငံမှာလည်း ထိပ်ဆုံးလို့ယူဆကြတဲ့ တက္ကသိုလ်/ကျောင်းရဲ့ MBA ရွေးနိုင်ရင်တော့ ရွှေစံနှုန်း (Gold Standard) လို့ယူဆလို့ရပါတယ်။ သုံးပန်လုပေါင်း ထိပ်ဆုံး ၅၀ ဆိုရင် တော်တော်ကောင်းပါပြီ။

ဒါပေမဲ့ အဲဒီလိုကျောင်းမျိုးက MBA ပြီးရင်တောင် အလုပ်ရမှာမသေချာပါဘူး။ အဆင့်ကောင်းကောင်း၊ အမှတ်မြင့်မြင့်နဲ့ အောင်မှ အလုပ်ရဖို့ ပိုလွယ်မှာပါ။ အဲဒီတော့ ထိပ်ဆုံးကျောင်းသွားပြီး ဘိတ်ဆုံးက အောင်မလား။ ကိုယ့်အတွက် နည်းနည်းပိုကိုက်မယ့် ကောင်းတာလည်း သေချာတဲ့ ကျောင်းသွားပြီး ထိပ်ဆုံးက အောင်အောင်လုပ်မလားဆိုတာ စဉ်းစားစရာတစ်ခုပါ။

ကိုယ့်အိတ်ထဲကပိုက်ဆံ ဘဏ်ထဲက စာရင်း အခြေအနေကလည်း ထည့်စဉ်းစားရမှာပါ။ ပါးပါး မားမား စကော်လာမရှိရင်ပေါ့။

နောက်တစ်ခုက ကိုယ်ကသူများထက် ပိုမြဲမယ့်အစီအစဉ်ရှိမယ့် ကျောင်းတွေလည်းရှိပါတယ်။ ဥပမာ- INSEAD ခေါ် Europeam Institute of Business Administration ဥရောပဘိဇနက်အင်စတီကျူပါ။ သူက Singapore ရယ်၊ ပြင်သစ်က ဖောင်တိန်ဘလူး (Fontainbleau) မှာဖြစ်ပြီး အာရှမှာကျတော့ စင်ကာပူက ဘွန်နာဗစ်စတာ (Bonavista) ရပ်ကွက် မှာ ကျောင်းခွဲလာဖွင့်ထားပါတယ်။ ၂၀၀၁ လောက်က သွားလည်ရင်းနဲ့ ကျောင်းသားသုံးယောက်နဲ့ ကော်ဖီသောက်ရင်း စပ်စုခဲ့ပါတယ်။ ဂျာမန်တစ်ယောက်က အာရှပစိဖိတ်မားကက်တင်း မန်နေဂျာ MBA မတက်ခင်လုပ်ခဲ့တာဖြစ်ပြီး ပြင်သစ်ကတော့ တယ်လီဖုန်းအိတ်ချိန်းဆော့ဖ်ဝဲတွေ ဒီဇိုင်းရေးတဲ့ အကြီးစား ပရောဂျက်အင်ဂျင်နီယာပါ။ အာဂျင်တီးနားက ငတိမကတော့ အငယ်တန်းမန်နေဂျာပါ (ဥရောပသား နှစ်ယောက်လုံးက ဘွဲ့လွန်ကိုယ်စီရှိကြပါတယ်။ ဥရောပမှာ တကယ့်တက္ကသိုလ်စစ်စစ်တွေက ၁၃ တန်းအောင်ပြီး (သူတို့က တက္ကသိုလ်မတက်ခင် ၁၃ နှစ်တက်ရပါတယ်)မှ တက္ကသိုလ်ဝင်၊ တက္ကသိုလ်မှာ ငါးနှစ်တက်ပြီး ဘွဲ့လွန်မာစတာရကြပါတယ်။ သုံးနှစ်တက်ပြီး ဘွဲ့ဘတ်ချ်လာဘွဲ့ပေးတာက တက္ကသိုလ်ကောလိပ် မြန်မာပြည်မှာလို ဒီဂရီကောလိပ်တွေပါ။

ပြောချင်တာက MBA အချိန်ပြည့်သွားပြီးတက်ရင် အဲဒီလူတွေနဲ့ ခင်လို့ရမှာဖြစ်ပေမယ့် ကျောင်းပြီးရင် အလုပ်ရဖို့ ကျောင်းမပြီးခင် လခရတဲ့ Paid Intern ဆင်းဖို့ သူတို့နဲ့ ပြိုင်ရမှာပါ။ အဲဒီမှာ ကိုယ်က သူတို့ထက်ဘာသာစကားတစ်ခု အားနည်းနေနိုင်ပါတယ်။ ဂျာမန်က ဂျာမန်အပြင် ဘိုလို ကိုယ့်ထက်ပိုကောင်းနေရင်၊ ကိုယ်က ဘီအီးဘွဲ့တစ်လုံးပဲ ရှိတဲ့အချိန်မှာ သူက မာစတာဘွဲ့ ဖြစ်နေပါပြီ။ ကိုယ်က မောင်ကြင်ဝမ်းနှင့်သားများ ကုမ္ပဏီမှာ ပီအေဘီအိတ် (PABX) ထိုင်တဲ့ အင်ဂျင်နီယာလုပ်တဲ့အချိန်မှာ သူက တယ်လီကွန်းအိတ်ချိန်းတွေကို ထိုင်ပြီး Install လုပ်တာ မဟုတ်ဘဲ ဒီဇိုင်းဆွဲခဲ့ပြီးပါပြီ။ အဲဒီတော့ ကျောင်းဆင်းရင် သူနဲ့ပြိုင်ပြီး သူ့ထက်သာတဲ့အလုပ်ရဖို့ဆိုတာ နှစ်ဆပြင်ဆင်ရမှာပါ။ ဒါပေမဲ့ ရွာကွင်းမှာ အောင်ဘုချင်းကန် နေတာထက်စာရင် အာစင်နယ်နဲ့ မန်ယူမှာ ဝင်ကစားခွင့်ရရင် ကိုယ့်ခြေက တက်လာမှာပါ။ သက်လုံတော့လိုမှာပါ။

အဲဒီတော့ စာဖောင်လည်း ပြည့်ခါနီးပြီမို့ ကျောင်းတွေတက်မယ်ဆိုရင် ကိုယ့်ကို လိမ်မယ့်ပွဲစားတွေရဲ့ စကားကို မယုံပါနဲ့။ ကိုယ့်ဘာသာလေ့လာပါ။ စာဖတ်ပါ။ စဉ်းစားပါ။ တတ်သင့်တာကို ရှာတက်ပါ။ ကိုယ့်အတွက် အကောင်းဆုံးကိုမှန်းပါ၊ ကိုယ့်ပြိုင်ဘက်တွေကို ကြိုသိပါ။ တန်းတူပြိုင်နိုင်အောင် ပြည်တွင်းမှာ အပြင်မထွက်ခင်ထဲက ကြိုးစားပါလို့ အကြံပြုရင်း ဒီတစ်ပတ်နားပါရစေ။ ကျေးဇူးတင်ပါတယ်။

အောင်ကျော်စိုး

ယခုဆောင်းပါးသည် စင်ကာပူနိုင်ငံ နန်ယန်းတက္ကသိုလ် Rajaratnam School of International Studies ၏ RSIS Commentaries ကဏ္ဍတွင်ပါဝင်သော Myanmar's Religious Violence: A Buddhist 'Siege Mentality' at Work ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်

# မြန်မာပြည်မှာရှိနေသည့် အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေး စိတ်နေစိတ်ထား

ချွန်ထူးဟန်ဘာသာပြန်ဆိုသည်

**မြန်မာနိုင်ငံတွင် ရိုဟင်ဂျာမွတ်ဆလင်များအပေါ် ဗုဒ္ဓဘာသာမြန်မာလူမျိုးများ အကြမ်းဖက်တိုက်ခိုက်ရသည့် အကြောင်းအရင်းများမှာ ခက်ခဲရှုပ်ထွေးလွန်းလှသည်။ အဆိုပါအကြောင်းအရင်းများနှင့်ပတ်သက်၍ နိုင်ငံတကာမီဒီယာများ၊ ရေးသားတင်ဆက်ကြသည့် ဓာတ်လမ်းများနှင့်ဆန့်ကျင်ကာ မတူကွဲပြားခြားနားသည့် နားလည်သဘောပေါက်မှုဖြစ်ပေါ်လာရေးအတွက် အလားအလာရှိသောအဖြေတစ်ခု ထုတ်ဖော်ရန် လိုအပ်ပါသည်။**

မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်က ဘာသာရေးအကြမ်းဖက်မှု ဖြစ်ပွားပြီးနောက်ပိုင်း၌အခြားသောပြည်နယ်ဒေသများသို့ကူးစက်ပျံ့နှံ့သွားသည့်အချိန်မှစ၍ ရိုဟင်ဂျာများ၏ဘေးဒုက္ခများနှင့် ပဋိပက္ခ၏ အကြောင်းအရင်းမှန်များအပေါ် ဝေဖန်ဆန်းစစ်မှုများတစ်သီကြီး ထွက်ပေါ်လာခဲ့ပါသည်။ ယင်းအကြောင်းအရင်းနှင့် သက်ဆိုင်သောလေ့လာဆန်းစစ်မှုအများစုမှာ အမျိုးသားရေးဝါဒီများနှင့် '၉၆၉ လှုပ်ရှားမှု' ဟု အမည်ရသည့် အမျိုးဘာသာ၊ သာသနာထိန်းသိမ်းစောင့်ရှောက်သော ဘုန်းတော်ကြီးများဦးစီးသည့် အဖွဲ့အစည်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကိုသာ အဓိကအခြေခံထားသည်ကို တွေ့ရပါသည်။

လေ့လာဆန်းစစ်သူများက စစ်တပ်ထိန်းချုပ်မှုနှင့် ဆင်ဆာတည်းဖြတ်မှုလျော့နည်းလာခြင်း၊ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ အစိုးရတွင်းမကျေမချမ်း ဖြစ်နေသည့် အုပ်စုများ၏ အကွက်ချစီစဉ်မှုများအစရှိသည်တို့ကြောင့် အကြမ်းဖက်မှုများဖြစ်ပွားရသည်ဟု ယူဆကြသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သမ္မတဦးသိန်းစိန်၏အုပ်ချုပ်ရေးယန္တရားသည်ပင် အရေးတယူပြုဆောင်ရွက်မှုမရှိဟု စွပ်စွဲခံရသလိုရည်ရွယ်ချက်ရှိရှိပါဝင်ပတ်သက်နေသည်ဟုပင်ပြောဆိုဝေဖန်ခံရသည်။ မြန်မာနိုင်ငံတွင်မွတ်ဆလင်များအပေါ် အကြမ်းဖက်သည့်အခြေအနေသို့ ဆိုက်ရောက်စေခဲ့သည့်လတ်တလောဖက်တာ (Factor)များစွာရှိနေစဉ် အခြားအရေးကြီးသည့် အရေးကိစ္စရပ်များကိုမူ သတိမပြုမိဘဲဖြစ်နေကြသည်ကို တွေ့ရသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ နိုင်ငံတော် သို့မဟုတ် ဗုဒ္ဓဘာသာသီးခြားလူ့အဖွဲ့အစည်းထူထောင်ရေး (Buddhist Millenarianism)၊ အမျိုး၊ ဘာသာ၊ သာသနာထိန်းသိမ်းစောင့်ရှောက်ရေးဟူသည့် ယုံကြည်မှုများအပေါ် နှစ်ကာလကြာရှည်စွာ အခြေတည်ထားသည့် မြန်မာလူမျိုးများ၏ စည်းတားလိုသော စိတ်နေစိတ်ထားကိစ္စပင်ဖြစ်သည်။

## ဗုဒ္ဓဘာသာနိုင်ငံကိစ္စ

မြန်မာဗုဒ္ဓဘာသာဝင်များအကြားတွင်တွင်ကျယ်ကျယ် ဖြစ်နေသည့်ယုံကြည်မှုတစ်ရပ်ရှိပါသည်။ ယင်းမှာအနာဂတ်ကာလတွင် ဗုဒ္ဓသာသနာကွယ်ပျောက်လိမ့်မည်ဟူသော ယုံကြည်ချက်ပင်ဖြစ်သည်။ နိုင်ငံတကာက ရေးသားဖော်ပြကြရာတွင် မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာဝင်လူဦးရေကိုထောက်ပြပြီး အစ္စလာမ်ဘာသာဝင်များ၊ ဝင်ရောက်လာခြင်းကြောင့်ဖြစ်ပေါ်နေသည့် စိုးရွံ့ထိတ်လန့်မှုများမှာ အဓိပ္ပာယ်မရှိသောအတွေးအခေါ်မျှသာဖြစ်သည်ဟုသုံးသပ်ကြသည်။ သို့သော် မြန်မာဗုဒ္ဓဘာသာဝင်များ၏ အမြင်မှာမူ ကမ္ဘာ့အမြင်နှင့် လုံးလုံးလျားလျားပင် ကွဲပြားဆန့်ကျင်လျက်ရှိသည်။ မြန်မာဗုဒ္ဓဘာသာဝင်များကငင်းတို့ ယုံကြည်ကိုးကွယ်သည့် ဘာသာတရားသည်စနစ်တကျစည်းရုံးမှုထောက်ပံ့မှုအားကောင်းသောဘာသာခြားတို့၏ ဝိုင်းရံခြင်းခံလာရသည်ဟု ရှုမြင်ကြသည်။ ယခုလိုဗုဒ္ဓဘာသာနိုင်ငံတော် သို့မဟုတ် သီးခြားလူ့အဖွဲ့အစည်းထူထောင်ရေးကိစ္စမှာပိဋကတ်ကျမ်းတော်များတွင် အခိုင်အမာမတွေ့ရသော်လည်း၊ ဗုဒ္ဓဘာသာသည်မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်းငါးထောင်အချိန်ကာလအရောက်တွင်ကွယ်ပျောက်လိမ့်မည်ဟူသော ဟောကိန်းကိုမူ ဗုဒ္ဓဘာသာဝင်များက အတိုင်းထက်အလွန် လက်ခံယုံကြည်လျက်ရှိသည်။

ဗြိတိသျှကိုလိုနီနယ်ချဲ့တို့ဝင်ရောက်လာသောအခါ ဗုဒ္ဓဘာသာအပေါ်နိုင်ငံတော်အစိုးရ၏ ကျောထောက်နောက်ခံပြုမှုမှာပြိုလဲသွားခဲ့ရပြီး၊ ကိုလိုနီအစိုးရကခရစ်ယာန်သာသနာပြုမစ်ရှင်များအပေါ်နည်းဗျူဟာကျကျ ထောက်ခံအားပေးခဲ့သည်။ ဗြိတိသျှလက်အောက်ခံအိန္ဒိယမှရွှေ့ပြောင်းလုပ်သားများ၊ ဒလဟောဝင်ရောက်လာမှုက ဘာသာခြားများနှင့်လူမျိုးခြားများ၊ တစ်စထက်တစ်စ ဝင်ရောက်လာသည်ဟူသော သဘောတရားများကိုဖြစ်ပေါ်ဖန်တီးစေခဲ့ပြီး၊ ၁၉၃၀ ပြည့်နှစ်ဆရာစံဦးဆောင်သော အမျိုးသားရေးပုန်ကန်ထကြွသည့် ဖြစ်ရပ်များပေါ်ထွက်သည်အထိပင် ဖြစ်လာခဲ့သည်။

ပို၍ဆိုပါက အာရှဒေသနေရာအချို့တွင် ဗုဒ္ဓဘာသာအယူဝါဒ မှေးမှိန်လာပြီး၊ အစ္စလာမ်အယူဝါဒ ဩဇာလွှမ်းမိုးလာမှုက '၇၈၆' အမှတ်တံဆိပ်အပေါ် မှားယွင်းစွာအဓိပ္ပာယ်ကောက်ယူမှုနှင့် အတူတကွပေါ်ပေါက်လာသည်။ (၇၈၆သည်မွတ်ဆလင်တို့ပိုင်ဆိုင်မှုဟူသည့်အမှတ်သင်္ကေတ သို့မဟုတ် မွတ်ဆလင်တို့၏အုတ်မြစ်ချမှုအဖြစ် ရှုမြင်ခံရသည်) ထိုအတူ အစ္စလာမ်ဟူသည်ဗုဒ္ဓဘာသာဝင်တို့ရန်သူဖြစ်သည်၊ ၂၁ ရာစုသည် ဗုဒ္ဓဘာသာ မကွယ်ပျောက်စေရေးအတွက်ပြတ်ပြတ်သားသားဆုံးဖြတ်လုပ်ကိုင်ရမည့် အရေးကြီးသောအချိန်ကာလဖြစ်သည်ဟူသည့် အတွေးအခေါ်အယူအဆမျိုးကို ဖြစ်ပေါ်စေခဲ့ပါသည်။

## လူဦးရေဖြင့် ဝါးမျိုမည့်ကိစ္စ

ဗုဒ္ဓသာသနာထွန်းကားပါမှ လူ့အဖွဲ့အစည်းအေးချမ်းသာယာမည်ဟူသည့်ယုံကြည်မှုသည် ဘာသာခြားနှင့် လူမျိုးခြားများ၊ ဝိုင်းရံခံနေရသည်ဟူသည့် ပြင်းထန်သော အတွေးအခေါ်အယူအဆမျိုး ဖြစ်ပါသည်။ မြန်မာလူမျိုးအများစု ကောင်းစွာသိရှိနားလည်ထားသည်မှာ ငင်းတို့၏တိုင်းပြည်သည် လူဦးရေအင်မတန် များပြားလှသည့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့လိုနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်ဟူသော အချက်ပင်ဖြစ်သည်။ ပို၍ဆိုပါက ၁၉၈၀ ပြည့်နှစ်နှောင်းပိုင်းကာလများအတွင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ထဲမှ တရုတ်လူမျိုးများ၊ ဝင်ရောက်မှုကို လူဝင်မှုကြီးကြပ်ရေးဌာနက အသေအချာ ကြပ်မတ်စစ်ဆေးမှုမပြုလုပ်ခဲ့သည့်အချိန်မှစ၍ မြန်မာပြည်မြောက်ပိုင်းဒေသတွင် တရုတ်ဘက်မှ ရွှေ့ပြောင်းဝင်ရောက်လာသူ တရုတ်လူမျိုးနှစ်သန်းခန့်ထိဖြစ်လာပြီး၊ တင်းမာမှုများကိုဖြစ်ပေါ်စေခဲ့သည်။ ရိုဟင်ဂျာတို့၏ နိုင်ငံရေးခေါင်းဆောင်အီလစ်များက ရိုဟင်ဂျာများ၊ နိုင်ငံသားဖြစ်ခွင့် တောင်းဆိုနေသော်လည်း၊ ငင်းတို့၏အနေအထားမှာ ယခုအချိန်ထိ ရှင်းရှင်းလင်းလင်းမရှိပေ။ ၁၉၇၅ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကရန်ကုန်အခြေစိုက် ဗြိတိန်နိုင်ငံသံအမတ်ကြီးကို ''ရခိုင်ပြည်နယ်ထဲတွင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူ ဘင်္ဂါလီငါးသိန်းခန့်ရှိကြောင်း၊ ငင်းတို့ကိုမြန်မာများ၊ အနေနှင့် လက်သင့်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိကြောင်း၊'' ပြောကြားခဲ့ဖူးသည်။

ကိုလိုနီခေတ်ကာလတုန်းက အာရှတောင်ပိုင်းဒေသ (အထူးသဖြင့်အိန္ဒိယ) မှ ရွှေ့ပြောင်းလုပ်သားများနှင့် အမှုထမ်း၊ အရာထမ်းများ၊ ဒလဟောဝင်ရောက်လာခဲ့ကြရာ စီးပွားရေးတွင် တရုတ်နှင့် အိန္ဒိယလူမျိုးများ၊ ကြီးစိုးလာမှုအပေါ် မကျေမနပ်ဖြစ်သည့် စိတ်အခံများ၊ မူလကတည်းကရှိထားပြီးဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံဟူသည်သဘာဝသယံဇာတနှင့်အခြားသောအရင်းအမြစ်များပေါကြွယ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု အသိအမှတ်ပြုလက်ခံထားရာ လူဦးရေအင်မတန်များပြားသောအိမ်နီးချင်းနိုင်ငံကြီးများသည် လူဦးရေဟူသောဖိအားဖြင့် တိုင်းပြည်ကို ဝါးမျိုရန်ကြံစည်လျက်ရှိသည်ဟူသော စိတ်ခံစားချက်မျိုးကို အတော်အတန်ဖြစ်ပေါ်စေသည်။

ရခိုင်ပြည်နယ်တစ်ခုတည်းကိုကြည့်မည်ဆိုလျှင်ပင် ဗုဒ္ဓဘာသာဝင်ရခိုင်လူမျိုးများသည်မြန်မာနိုင်ငံ၏ ပင်မလူမျိုးများဖြစ်သောဗမာလူမျိုးနှင့်အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်တို့က နိုင်ငံရေး၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်း၊ စီးပွားရေး၊ လူဦးရေနှင့် ဘာသာရေးအကြောင်းကိစ္စများဖြင့် ဝိုင်းရံလာလျက်ရှိသည်ဟူသော ခံပြင်းသည့်စိတ်သဘောထားမျိုးရှိကြသူများဖြစ်ကြရာ မွတ်ဆလင်ရော၊ ရခိုင်လူမျိုးမဟုတ်သူ အခြားတိုင်းရင်းသား၊ ဗုဒ္ဓ ဘာသာဝင်များကိုပါ ရန်ငြိုးသို မုန်းတီးမှုများ ပိုမိုကြီးထွားစေသည်။



ဓာတ်ပုံ-မင်းကျော်သာ

## အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးစိတ်ဓာတ်သစ်

မြန်မာနိုင်ငံမှ ဘာသာရေးဆိုင်ရာအကြမ်းဖက်မှုများအပေါ် သတင်းပေးပို့ရေးသားဖော်ပြမှုများ၊ ပိုမိုများပြားလာသည်နှင့်အမျှ နိုင်ငံတကာအသိုင်းအဝိုင်းနှင့်မီဒီယာတို့သည်မြန်မာဗုဒ္ဓဘာသာဝင်တို့၏ဆန္ဒသဘောထားအမြင်များကို လျစ်လျူရှုပြီး၊ ငင်းတို့နှင့် ရိုဟင်ဂျာအရေးကိစ္စများ၊ အပေါ်သာ စိုးရိမ်တကြီးဖြစ်နေကြသည်ဟူသောခံစားချက်များ၊ မြန်မာဗုဒ္ဓဘာသာဝင်များအကြား၊ ကြီးထွားလာပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့ အမှန်တကယ်စိုးရိမ်ပူပန်စရာကောင်းသော အရာအဖြစ်ရှုမြင်ခံစားမှုများအပေါ် ပြည်ပနိုင်ငံများမှထင်မြင်သုံးသပ်ချက်ပေးသူများက အလေးအနက် စဉ်းစားဆင်ခြင်မှုမရှိဘဲ ပယ်ချနေခြင်းက နိုင်ငံတကာမီဒီယာများအပေါ် ရှုံ့မှန်းသည့် စိတ်ခံစားချက်များထပ်မံဖြစ်ထွန်းစေသည်။ ထို့အတူ ရိုဟင်ဂျာနှင့် ဆူပူအကြမ်းဖက်မှုများအကြောင်း၊ နိုင်ငံတကာမီဒီယာများ၏ ရေးသားတင်ဆက်မှုမှန်သမျှသည် အလွန်အမင်းပုံကြီးချဲ့ကားထားသောဝါဒဖြန့်မှုများဖြစ်သည်ဟူသည့် အထင်အမြင်များလည်း၊ ပိုမိုဖြစ်ပေါ်လာစေပါသည်။

အချို့သော နိုင်ငံတကာမီဒီယာများတွင် မြန်မာဗုဒ္ဓဘာသာနှင့် အမျိုးသားရေးကိစ္စတို့ကို '၉၆၉ လှုပ်ရှားမှု' နှင့်အတူရောနှောပေါင်းစပ်ပြီး၊ နှိပ်ကွပ်သည့်ပုံစံမျိုးများ၊ ရေးသားဖော်ပြလာမှုကြောင့် သဘောထားပျော့ပျောင်းပြီး၊ လူမျိုးကြီးဝါဒကိုလက်သင့်မခံသော မြန်မာများအနေနှင့်ပြည်ပမှ ဝေဖန်မှုများဆန့်ကျင်တွန်းလှန်ရမည့် အခြေအနေဆိုက်ရောက်သွားစေသည်။ ထို့ပြင် ရိုဟင်ဂျာပြဿနာကိုမည်သို့မည်ပုံဖြေရှင်းမည်ဟူသော အရေးကိစ္စနှင့်ပတ်သက်သည့်အချေအတင်ပြောဆိုဆွေးနွေးမှုများကိုလည်း၊ အဟန့်အတားဖြစ်သွားစေပါသည်။

ဤမျှမကသေးပါ။ ယခင်စစ်အစိုးရအပေါ် ဝေဖန်ပုတ်ခတ်ရေးသားမှုများ၊ ကျယ်ကျယ်ပြန့်ပြန့်ပင် ဆက်လက်ရှိနေပြန်ရာ နိုင်ငံတကာဖိအားပေးမှုအပေါ် စစ်အစိုးရ၏ တွန်းလှန်ဖယ်ရှားလိုသည့်သဘောတရားများလည်း၊ သာမန်မြန်မာလူမျိုးများအကြား၊ ပျံ့နှံ့လျက်ရှိသည်။ ဆိုလိုသည်မှာမြန်မာနိုင်ငံအနေနှင့် ရိုဟင်ဂျာအရေးကိစ္စနှင့်ပတ်သက်၍ ပြည်ပမှလာသော ဖိအားများကို ခေါင်းငုံ့နာခံရန် မလိုအပ်ဟူသောအယူအဆမျိုးဖြစ်သည်။

## လေးနက်သည့်ဆန်းစစ်မှုလိုအပ်

အမျိုးသားရေးဝါဒီများ၊ အစွန်းရောက်သော ဘုန်းတော်ကြီးများက မီးထိုးပေးလိုက်သည့် ပုံကြီးချဲ့ကားပြောဆိုမှုနှင့်လူမျိုးခြား၊ ဘာသာခြားတို့အပေါ်သံသယလွန်ကဲမှုတို့ကြောင့် ယခုလိုသန္ဓေတည်လာသည့် အမျိုး၊ ဘာသာ၊ သာသနာကာကွယ်လိုသော စိတ်နေသဘောထားများ၊ (ဤသို့ကာကွယ်မှုမပြုပါက လူမျိုး၊ ဘာသာ၊ သာသနာ ကွယ်ပျောက်မည်ဟူသော စိုးရိမ်စိတ်များ၊) နှင့် ပတ်သက်၍ ရှုထောင့်ပေါင်းစုံမှ ဝေဖန်မှုများ၊ရှိနေသော်လည်း၊ အခြေအနေသည် ပိုမိုကွဲပြားခြားနားပြီး၊ လေးနက်လှသည့် နားလည်သဘောပေါက်မှုရရှိရန်လိုအပ်သည်မှာ ထင်ရှားပါသည်။ သမိုင်းကြောင်းဆိုင်ရာ ခံစားချက်သဘောတရားများ၊ သတင်းမီဒီယာများအလေးအနက်ထားရေးသားမှုမရှိခြင်း၊ တက်ကြွလှုပ်ရှားမှုပါသည့် သတင်းရေးသားမှုများ၊ အလွန်အမင်း ကောလာဟလထုတ်လွှင့်မှုများ၊ အပါအဝင် အခြားသောဖက်တာများကိုကြည့်မည်ဆိုပါက အမျိုး၊ ဘာသာ၊ သာသနာကာကွယ်လိုသည့်စိတ်နေသဘောထားများကို ကောင်းစွာနားလည်သဘော ပေါက်လာစေရန် သို့မဟုတ် ကောင်းစွာထုတ်ဖော်ဖြေရှင်းရန် လိုအပ်သည်မှာ သံသယဖြစ်ဖွယ်မရှိပေ။

မည်သို့ပင်ဆိုစေကာမူ ရိုဟင်ဂျာနှင့်မြန်မာဗုဒ္ဓဘာသာဝင်များ၊ အရေးကိစ္စအပေါ်ထင်မြင်သုံးသပ်ချက်ပေးသူအချို့က ဗုဒ္ဓဘာသာဝင်များ၏ အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးဟူသည့် သဘောတရားမှာ လူမျိုးခြား၊ ဘာသာခြားများ၊အပေါ်

စာမျက်နှာ-34 သို့

# ဖင်လန်နိုင်ငံမှ သင်ခန်းစာများ (၃)

## ဖင်လန်ပညာရေးပြောင်းလဲမှုကနေ ဘာတွေသင်ယူနိုင်မလဲ

ကိုချမ်း (ပျဉ်းမနား)

### ဖင်လန် ဝိရောဓိ (The Finnish Paradox)

ပညာရေးကောင်းကောင်းလိုချင်ရင် ငွေများများကုန်မယ်။ အကောင်းဆုံးကျောင်းကို ရွေးရမယ်ဆိုတဲ့ အတွေးဟာ ယနေ့ခေတ်ရဲ့ အတွေးသစ်ပါပဲ။ 'ပညာရွှေအိုး လူမခိုး' ဆိုရိုးစကားကို 'ပညာရွှေအိုး လူမခိုး၊ ရွှေအိုးရှိမှ ပညာရ' လို့တောင် ကျွန်တော်တို့ အချင်းချင်း နောက်ပြောင်ပြောဆိုလာကြတာပဲ ကြည့်တော့။

ဒါပေမဲ့ဖင်လန်သားတွေရဲ့အယူအဆကတော့ အဲဒီတွေးတောပုံနဲ့ ဗီလာဆန့်ကျင်နေပုံပဲ။ ဖင်လန်ပညာရေးမှာ ပုဂ္ဂလိကကျောင်းတွေ (Private) မရှိသလောက်ရှားပြီး ပြည်သူတွေရဲ့အခွန် အစိုးရရဲ့ရန်ပုံငွေနဲ့ ထောက်ပံ့ထားတဲ့ အများပြည်သူနဲ့ဆိုင်တဲ့ ကျောင်းတွေ (Public) က ပညာရေးရဲ့ အခရာပါပဲ။ လူတိုင်းအတွက်ပညာရေးဆိုတော့ လူတိုင်းပါဝင်ထောက်ပံ့ကြရမှာပါပဲ။ ဖင်လန်ပညာရေးအတွက်ပုဂ္ဂလိကအထောက်အပံ့ဟာ ၂ ဒသမ ၅ ရာခိုင်နှုန်းပဲရှိတယ်လို့ ဆိုထားပါတယ်။

ဒါဆိုရင် ဖင်လန်နိုင်ငံရဲ့ ပညာရေးဒီလောက်ကောင်းနေတာ ငွေတွေအများကြီး သုံးထားလို့လားဆိုတာကို OECD နိုင်ငံတွေနဲ့ ယှဉ်ပြထားတဲ့ ဂရပ်ပုံမှာ ကြည့်ရင် သိသာပါတယ်။

Figure 2.10. Total Average Teaching Hours per Year in Lower Secondary Education in 2008 in Selected OECD Countries




Source: OECD (2010a).

ပညာရေးအတွက် လုံလောက်တဲ့

Figure 2.8. Relationship between PISA Performance in Science and Cumulative Expenditure per Student between Ages 6 and 15 in Selected OECD Countries in 2006




Source: OECD (2007, 2010a).

ရန်ပုံငွေ လိုအပ်တာတော့အမှန်ပါ။ ဒါပေမဲ့ အဲဒီငွေတွေကို အကျိုးရှိရှိအသုံးချနိုင်မယ့် ပညာရေးစနစ် ခိုင်ခိုင်မာမာရှိဖို့က အလွန်တရာအရေးကြီးတဲ့အကြောင်း ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုးပြလိုက်တာပါပဲ။

### ဝိရောဓိ (၁) (နည်းနည်းသင်ပေး၊ များများလေ့လာ)

ဖင်လန်ကျောင်းသားတွေ နိုင်ငံတကာမှာ ခေါင်းမော့ရင်ကော့နေနိုင်တာ စာသင်ချိန်အများကြီးသင်တာနေမှာပေါ့လို့ ထင်ချင်လည်း ထင်ချင်စရာပါပဲ။ သို့ပေြားလည်း သူတို့ဆီက ဆရာ၊ ဆရာမတွေရဲ့စာသင်ကြားချိန်က အခြား OECD နိုင်ငံတွေထက် သိသိသာသာနည်းနေတာကို အောက်ကပုံမှာ တွေ့နိုင်ပါတယ်။ (ပညာရေးအဆင့်အတန်းမြင့်သော အမေရိကန်၊ နယူးဇီလန်၊ ဩစတြေးလျ စသောနိုင်ငံများနှင့် ယှဉ်ထိုးကြည့်ရန်)

ဖင်လန်နိုင်ငံ အလယ်တန်းကျောင်း ဆရာ၊ ဆရာမတွေရဲ့ စာသင်ချိန်ဟာ တစ်နေ့ကို ၃ နာရီ (၄၅ မိနစ်စာ သင်ခန်းစာ ၄ ခု) ပဲရှိပြီး အမေရိကန်က ဆရာ၊ ဆရာမတွေကတော့ တစ်နေ့ကို ၆ နာရီခန့် သင်ရပါတယ်။

ဒါကြောင့် ဖင်လန်က ဆရာ၊ ဆရာမတွေ တစ်နေ့တာအတွက် စာသင်ပြီးတာနဲ့ ကျောင်းတိုးတက်မှု၊ သင်ရိုးညွှန်းတမ်းပြင်ဆင်မှု၊ မိမိ၏ကိုယ်ရည်ကိုယ်သွေး တိုးတက်မှုအတွက် အချိန်များစွာ ပိုထွက်လာပါတယ်။ (မြန်မာပြည်မှာလို ဆရာ၊ ဆရာမတွေကို မဲရုံစောင့်ခိုင်းတာမျိုး၊ သန်းခေါင်စာရင်း ကောက်ခိုင်းတာမျိုးတွေတော့ မရှိလောက်ဘူးလို့ ထင်ပါတယ်။)

ပြီးတော့ ဖင်လန်ပညာရေးရဲ့သင်ရိုးညွှန်းတမ်းတွေကို ဆရာ၊ ဆရာမတွေကပဲ တာဝန်ယူပြီး ပြင်ဆင်ရတာပါ။ စာသင်ချိန်နည်းတော့ တစ်နေ့တာအတွက် စာသင်ပြီးတဲ့အချိန် သင်ရိုးညွှန်းတမ်းအတွက် အခြားလုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆွေးနွေးတာမျိုးကို ပိုပြီးလုပ်နိုင်ကြပါတယ်။

ကျောင်းစာသင်ချိန်နည်းတဲ့အတွက် အတန်းပြီးလို့နေ့လယ်ခင်းပိုင်းရောက်တာနဲ့ ကျောင်းသားတွေကို အိမ်ပြန်ခွင့်ပေးထားပါတယ်။ ဒါပေမဲ့ မူလတန်းကျောင်းသားလေးတွေအတွက် ကျောင်းတွင်းလှုပ်ရှားမှု၊ အရွယ်ရောက်ကျောင်းသားတွေအတွက် ပညာရေး သို့မဟုတ် အပန်းဖြေစရာ တစ်ခုခု စီစဉ်ပေးဖို့ အခြေခံပညာရေးကျောင်းတွေကို တိုက်တွန်းထားပါတယ်။ ၁၀ - ၁၄ နှစ်အရွယ် ကျောင်းသားတွေထဲက သုံးပုံနှစ်ပုံ၊ ၁၅ - ၁၉ နှစ်အရွယ် ကျောင်းသားတစ်ဝက်ကျော်ကျော်ဟာ အနည်းဆုံး လူငယ်အသင်း တစ်ခုခုမှာ ပါဝင်နေပါတယ်။ ဒါကြောင့်လည်း ဖင်လန်လူငယ်အသင်းတွေဟာ လူငယ်တွေကိုအားကစားလေ့လာလိုက်စားခြင်းမှသည် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်မတန်အရေးပါပါတယ်။ (အားကစားအပြင် ငယ်ငယ်ကတည်းက အသင်းအဖွဲ့နဲ့ စုပေါင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ဟာလည်း မင်္ဂလာတစ်ပါးပါပဲ။)

နောက်ထပ် စိတ်ဝင်စားစရာအချက်က ဖင်လန်ကျောင်းသားတွေမှာ အခြားနိုင်ငံတွေက သက်တူရွယ်တူကျောင်းသားတွေနဲ့ယှဉ်ရင် စိုးရိမ်ကြောင့်ကြမှုနဲ့ စိတ်ဖိစီးမှု လျော့နည်းနေတာပါ။ PISA အချက်အလက်များအရ ဖင်လန်ကျောင်းသား ၇ ရာခိုင်နှုန်းကပဲ သင်္ချာဘာသာရပ်ကို အိမ်စာယူလုပ်တဲ့အခါမှာ စိတ်ဖိစီးမှုရှိပြီး ဂျပန်က ၅၂ ရာခိုင်နှုန်း၊ ပြင်သစ်က ၅၃ ရာခိုင်နှုန်းရှိပါတယ်။ ကျောင်းနေပျော်ပြီး စိတ်ဖိစီးမှုနည်းစေတဲ့ လေ့လာသင်ယူမှုပုံစံဟာ ဖင်လန်ကျောင်းတွေဘက်စုံဖွံ့ဖြိုးရေးအတွက် ရလဒ်ကောင်းထွက်ပေါ်စေတဲ့ အခန်းကဏ္ဍတစ်ခုလည်းဖြစ်ပါတယ်။

ပြီးတော့ အိမ်စာများများလုပ်ခြင်းဟာ ပညာရေးအတွက်ပိုပြီး အကျိုးများမယ်လို့ ဖင်လန်ကျောင်းဆရာတွေက မယူဆပါဘူး။ Wall Street Journal ရဲ့ လေ့လာတွေ့ရှိချက်တစ်ခုမှာ ဖင်လန်ကျောင်းသားတွေဟာ တစ်နေ့ကို နာရီဝက်ထက်ပိုပြီး အိမ်စာလုပ်ရတာမျိုး ရှားတယ်လို့ဖော်ပြထားတယ်။ OECD အချက်အလက်တွေအရ ဖင်လန်ကျောင်းသားတွေဟာ ကျောင်းကသင်ပေးတာကလွဲပြီး ကျူရှင်ယူတာမျိုးတွေမရှိဘူးလို့ သိရပါတယ်။ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ ရှန်ဟိုင်း၊ တရုတ် (အခြား ကမ္ဘာ့ပညာရေးထိပ်တန်းနိုင်ငံတွေ) မှာ ကျောင်းသားတွေဟာ ပုံမှန်ကျောင်းချိန်အပြင် ကျောင်းပိတ်ရက်တွေမှာ ကျူရှင်ယူတာ၊ စာမေးပွဲအတွက် ပြင်ဆင်တာတွေကို နာရီပေါင်းများစွာ လုပ်နေကြတာနဲ့ ယှဉ်ကြည့်နိုင်ပါတယ်။ (မြန်မာပြည်ကို စင်ကာပူဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ အကြောင်းအရာကို မြန်မာပရိသတ်တွေနဲ့ မိတ်ဆက်ပေးတဲ့ ပုဂ္ဂိုလ်များလည်း ဆင်ခြင်ဖွယ်ပါ)

မြန်မာပြည်မှာ ကျောင်းစာ၊ ကျူရှင်၊ အိမ်စာတွေနဲ့ (လိုတာထက်ပိုပြီး) လုံးချာလည်လိုက်နေတဲ့ကလေးတွေဟာ ဆယ်တန်းအောင်ပြီးတာနဲ့ စာဆိုတာကို ကြောက်လန့်သလိုတောင် ဖြစ်သွားပြီး ကိုယ်ရည်ကိုယ်သွေးတိုးတက်ဖို့ အပြင်စာတွေကို ကိုယ့်အသိစိတ်နဲ့ကိုယ် ဖတ်ချင်စိတ်လျော့နည်းသွားတာကိုလည်း အားလုံးသတိပြုဆင်ခြင်စရာပါ။ အဲဒီနောက်ကျောင်းဆိုရင် မပျော်သလောက် ဖြစ်သွားဖို့လည်းများမှာပဲ။ ဖင်လန်နိုင်ငံမှာကတော့ ဆရာရော ကလေးပါ ကျောင်းပျော်ကြတယ်တဲ့ဗျာ။

### ဝိရောဓိ (၂) (စစ်ဆေးမှု ခပ်နည်းနည်း၊ သင်ယူမှု ခပ်များများ)

ကမ္ဘာ့နိုင်ငံများရဲ့ ပညာရေး ပြောင်းလဲမှု စဉ်းစားပုံမှာ ပြိုင်ဆိုင်မှု၊ ရွေးချယ်မှုနဲ့ စာမေးပွဲစစ်ဆေးမှု ခပ်များများလုပ်ခြင်းဟာ ပညာရေးကောင်းမွန်ဖို့အတွက် လိုအပ်ချက်များလို့ ယူဆခြင်းပါ။ ဖင်လန်နိုင်ငံကတော့ ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်း၊ စာသင်ကျောင်းအခြေပြု သင်ရိုးညွှန်းတမ်း၊ ယုံကြည်မှုနဲ့တည်ဆောက်ထားတဲ့ ပညာရေးဆိုင်ရာ ဦးဆောင်မှုတွေကိုပဲ ပဓာနထားပြီး အာရုံစိုက်ပါတယ်။

Figure 2.11. Mathematics Performance Scores of 15-Year-Old Students on Three PISA Surveys in Selected OECD Countries, 2000–2006




Source: OECD (2001, 2004, 2007).

အခြားနိုင်ငံတွေလို အတန်းတင်စာမေးပွဲစနစ် မရှိဘူးဆိုတာဟာ ဖင်လန်မှာ ကျောင်းသားတွေအတွက် စစ်ဆေးမှု လုံးဝမရှိဘူးလို့ ဆိုလိုခြင်းမဟုတ်ဘဲ တကယ်က စစ်ဆေးမှုပုံစံ သုံးမျိုးရှိပါတယ်။

ပထမတစ်ခုက ဆရာ၊ ဆရာမများရဲ့ စာသင်ခန်းတွင်းစစ်ဆေးမှု (Classroom Assessment) ပါ။ ကျောင်းတိုင်းမှာ ဒီစစ်ဆေးမှုအတွက် တစ်ဦးတည်းသော တာဝန်ရှိသူတွေကတော့ ဆရာ၊ ဆရာမတွေပါပဲ။ စစ်ဆေးမှုနည်းလမ်းမျိုးစုံကို ပုံစံချပြီး အကောင်အထည်ဖော်ဖို့ သူတို့ပဲ ပြင်ဆင်ကြရပါတယ်။

ဒုတိယစစ်ဆေးမှုပုံစံက စာသင်နှစ်တစ်ဝက်ပြီးတဲ့အခါတိုင်း ကျောင်းသားရဲ့ တိုးတက်မှုကို မှတ်တမ်းတင်ခြင်းပါ။ ကျောင်းသားတိုင်း သူတို့ရဲ့ပညာရေး၊ အမူအကျင့်ဆိုင်ရာ မှတ်ချက်များပါဝင်တဲ့ ပညာရေး တိုးတက်မှု မှတ်တမ်း (Report Card) ကို စာသင်နှစ်တစ်ဝက်ပြီးတိုင်း လက်ခံရရှိပါတယ်။

တတိယအချက်ကတော့ ကျောင်းပြင်ပစာစစ်အဖွဲ့မှ စာမေးပွဲစစ်ဆေးခြင်းဖြစ်ပြီး ကျောင်းသားအားလုံးမဟုတ်ဘဲ ၁၀ ရာခိုင်နှုန်းကိုပဲ စစ်ပါတယ်။ အဲဒီ ၁၀ ရာခိုင်နှုန်းထဲ အရွေးမခံရတဲ့ ကျောင်းတွေအနေနဲ့ မိမိကျောင်းက ကျောင်းသားတွေရဲ့အရည်အချင်းတွေကို မှတ်ကျောက်တင်ချင်ရင်လည်း အမျိုးသားပညာရေးဘုတ်အဖွဲ့ကနေ မေးခွန်းတွေဝယ်ပြီး စစ်ဆေးနိုင်ပါတယ်။

(ပါစီဆာ့လ်ဘေက ဟောပြောပွဲတစ်ခုမှာ ဒီစစ်ဆေးမှုကို ကျန်းမာရေးဆေးစစ်တဲ့ပုံစံနဲ့ သာဓကဆောင်ပြသွားပါတယ်။ သွေးစစ်ခြင်းဟာ ခန္ဓာကိုယ်ထဲက သွေးအားလုံးကို ထုတ်ယူစစ်ဆေးခြင်း မဟုတ်ဘဲ သွေးနမူနာကိုသာ စစ်တာပါ။ ဒါပေမဲ့ ခန္ဓာကိုယ်ထဲကသွေးဟာ အမျိုးအစား၊ အဆင့်အတန်း၊ အတူတူပဲဖြစ်လို့ပါ။ အဲသလိုပဲ ဖင်လန်နိုင်ငံ သာတူညီမျှပညာရေးရဲ့ အောင်မြင်မှုကြောင့် ဘယ်နေရာက ၁၀ ရာခိုင်နှုန်းကိုပဲစစ်စစ်၊ အဲဒီ ၁၀ ရာခိုင်နှုန်းဟာ ကျောင်းသားအားလုံးကို ကိုယ်စားပြုတယ်။)

"တကယ်တော့ စာမေးပွဲကိုယ်တိုင်က ဆိုးရွားတဲ့အရာတစ်ခုမဟုတ်ပါဘူး။ ဒါပေမဲ့ စာမေးပွဲတွေရှိပြီဆိုတာနဲ့ စာမေးပွဲအတွက်ဦးတည်ပြီး သင်ကြားခြင်း၊ စာမေးပွဲမှာ မေးမယ့်ဘာသာရပ်ကိုပဲ ဦးစားပေးခြင်း၊ ဘာသာရပ်ကို ထဲထဲဝင်ဝင် နားလည်ဖို့ထက် စာမေးပွဲအောင်ဖို့ရာ အလွတ်ကျက်မှတ်ခြင်းတွေကသာ ဆိုးတာပါ" လို့ စာရေးသူ ပါစီဆာ့လ်ဘေက သူ့အမြင်ကို ထည့်ပြောထားပါတယ်။

### ဝိရောဓိ (၃)(ကွဲပြားလာတဲ့လူ့အဖွဲ့အစည်းအတွက် သာတူညီမျှပညာရေး ပိုမိုရရှိဖို့)

၁၉၇၀ ခုနှစ် ဖင်လန်နိုင်ငံ ပညာရေးပြောင်းလဲမှုရဲ့ အဓိကမူဝါဒဟာ လူတိုင်းအတွက် တန်းတူအခွင့်အရေးရှိတဲ့ ပညာရေးဖြစ်ပါတယ်။ လူမှုပတ်ဝန်းကျင်၊ နေထိုင်ရာဒေသ၊ စီးပွားရေးအခြေအနေ ဘယ်လိုပဲကွဲပြားပါစေ ကျောင်းသားတိုင်း ကောင်းမွန်တဲ့ပညာရေးကို ခံစားခွင့်ရရှိစေဖို့ပါ။

၁၉၉၅ ခုနှစ် ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်ပြီးတဲ့နောက်ပိုင်း ဖင်လန်နိုင်ငံထဲကို ကွဲပြားခြားနားတဲ့ ယဉ်ကျေးမှု၊ လူမျိုးများ ပိုမိုဝင်ရောက်လာပါတယ်။ ဒါကြောင့် သူတို့ကြားထဲမှာ သာတူညီမျှပညာရေး ရရှိစေဖို့ ပိုပြီးအရေးကြီးလာတယ်။ မတူညီတဲ့ ယဉ်ကျေးမှု၊ ဘာသာတရား၊ လူမျိုးစုတွေ ရှိလာပြီး အချင်းချင်း နားလည်မှုနည်းပါးသော၊ ထိလွယ်ရှလွယ်သော၊ ပညာရေးအဆင့် မတူညီသောအချက်တွေ များလာလေလေ ပြဿနာဖြစ်ဖို့ အကြောင်းရင်းများလေလေ ဆိုတာကိုလည်း ဖင်လန်နိုင်ငံက ကောင်းကောင်းကြီး သဘောပေါက်ပါတယ်။

ဖင်လန်နိုင်ငံရဲ့ လူဦးရေဟာ ၅.၅ သန်းသာသာပဲရှိလို့ ကျွန်တော်တို့ မြန်မာပြည်က သူတို့ထက် ၁၀ ဆလောက် လူဦးရေပိုများပြီး လူမျိုးစုလည်း ပိုပြီးကွဲပြားပါတယ်။ ဒီတော့ကာ လူတိုင်းအတွက် သာတူညီမျှပညာရေးဟာ ဘာသာရေး၊ လူမျိုးရေး ချိန်ကိုက်ဗုံး လွယ်ထားသလိုဖြစ်နေတဲ့ အနေအထားကနေ အတိုင်းအတာတစ်ခုထိ လွတ်မြောက်စေမယ့် အကြောင်းရင်းတစ်ခုလို့ ယုံကြည်မိပါတယ်။

ကိုချမ်း (ပျဉ်းမနား)

ကိုးကား။ Finnish Lessons
- Pasi SahlBerg

# ကျပ်သိန်းပေါင်းကိုးထောင်ကျော်တန် အိမ်နှင့်ခြံကို လှူဒါန်းသူ


ဓာတ်ပုံ - နေလင်း

နေလင်း

**'အလှူရေစက် လက်နဲ့မကွာ' ဆိုသည့်စကားအတိုင်း မြန်မာလူမျိုးများသည် မိမိတွင်ရှိသည့်ပစ္စည်း ဥစ္စာပမာဏပေါ်မူတည်ကာ မိမိဝန်းကျင်မှသည် မိမိဒေသဖွံ့ဖြိုးရေးအထိ ကဏ္ဍအသီးသီး နယ်ပယ် အသီးသီးတွင် တတ်စွမ်းသလောက် ကိုယ်အား၊ ဉာဏ်အား၊ ဥစ္စာနေအားအလိုက် လှူဒါန်းလေ့ရှိကြပါသည်။ ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းခန့်က မန္တလေးမြို့တော်တွင် အသက် ၂၀ မပြည့်သေးသည့် လူငယ်လေးတစ်ဦးက ၎င်းအမွေ ရထားသော ခေတ်ကာလတန်ကြေး သိန်းပေါင်းကိုးထောင်ကျော်သည့် အိမ်နှင့်ခြံကို ပြင်ဦးလွင် ဖားအောက် ဆရာတော်ဘုရားကြီးအား လှူဒါန်းခဲ့သည်ဟူသော ကြည်နူးဖွယ်၊ လေးစားဖွယ်၊ အတုယူဖွယ်ရာသတင်းတစ်ခု မီဒီယာများတွင် ဖော်ပြခဲ့သည်။**

ထိုလူငယ်မှာ ယခု ၂၀၁၄ ခုနှစ်တွင် အသက် ၁၉ နှစ်ပြည့်ပြီး ၎င်းလှူဒါန်းခဲ့စဉ်က အသက် ၁၈ နှစ်သာ ရှိသေးသော မန္တလေးမြို့တော်ရှိ နာမည်ရ မန်းမြို့တော် ပေါက်စီဆိုင်လုပ်ငန်းရှင်ဖြစ်သူ အဖ ဦးအောင်မြင့် အမိ ဒေါ်ဆွေတို့၏တစ်ဦးတည်းသောသား ကိုဘုန်းရှင် ဖြစ်သည်။ ၎င်း၏ ဖခင်က ၎င်းအား အမွေအဖြစ် ၎င်း၏ နာမည်နှင့် လွှဲပေးထားသော ရန်ကုန်မြို့ လှိုင်မြို့နယ် မြကံသာလမ်းတွင်ရှိသည့် အိမ်နှင့်ခြံကြီးအား ၎င်းတို့ မိဘများလက်ထက်ကတည်းက ကိုးကွယ်လာခဲ့သော ၎င်း၏လက်ဦးဆရာ၊ အဖ ဘုန်းတော်ကြီး ဖြစ်သော ပြင်ဦးလွင် ဖားအောက်တောရဆရာတော် အရှင် အာစိန္နအား တစ်သက်တာပဒေသာပင်အဖြစ် လှူဒါန်း ခဲ့ခြင်းလည်းဖြစ်သည်။

ကိုဘုန်းရှင်တို့ မိသားစု၏ အဓိက စီးပွားရေးမှာ မန်းမြို့တော်ပေါက်စီ ရောင်းချသောလုပ်ငန်းဖြစ်သည်။ မန်းမြို့တော်ပေါက်စီကို ၎င်း၏ အဘိုးလက်ထက် ကတည်းကပင် လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး၊ ၎င်း၏ ဖခင် လက်ထက်တွင် ပိုမိုအောင်မြင်လာခဲ့သည်။ ကိုဘုန်းရှင် ၏ လှူဒါန်းလိုစိတ်သည် ၎င်း၏ ဖခင်ထံမှ အမွေရ လိုက်ခြင်းဟု ဆိုနိုင်သည်။

၎င်း၏ဖခင်သည်လည်း ဖားအောက်တောရ ဆရာတော်ကို ငယ်စဉ်ကတည်းကပင် ကိုးကွယ်လာခဲ့ပြီး မန္တလေးမြို့ မန္တလေးတောင်ခြေတွင်လည်း ဖားအောက် ဆရာတော်ဘုရားကြီး၏ သားတပည့် သံဃာတော် တစ်ပါးအား ကျောင်းဆောက်လှူဒါန်းထားခဲ့ပြီး ပြင်ဦးလွင်မြို့တွင်လည်း မန်းမြို့တော်ပေါက်စီ ဗုဒ္ဓသာသနာ့တက္ကသိုလ်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။

ယနေ့တိုင် မန်းမြို့တော်ပေါက်စီ ဗုဒ္ဓသာသနာ့ တက္ကသိုလ်ကြီးတွင် အမေရိကန်၊ ထိုင်း၊ ကိုရီးယား၊ တရုတ် နိုင်ငံများမှ နိုင်ငံခြားသားများ တရားကျင့်ကြံ အားထုတ်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ ရေရှားပါးသော ဒေသများတွင်လည်း ရေတွင်းများ လှူဒါန်းခဲ့ရာ ရေတွင်းပေါင်း ၅၀ ကျော် လှူဒါန်းခဲ့ပြီး ဖြစ်သည်။

ကိုဘုန်းရှင်သည်လည်း ဖခင် လှူဒါန်းသကဲ့သို့ မလှူဒါန်းနိုင်သေးသော်လည်း ယခုအရွယ်မှာပင် ယခုကဲ့သို့ လှူဒါန်းထားသည့် မွန်မြတ်သော စိတ်ထား ရှိသူဖြစ်လေသည်။

ကိုဘုန်းရှင်သည် မန္တလေးသားတစ်ဦးဖြစ်ပြီး မူလတန်းမှ အငြမအတန်းအထိ မန္တလေးမြို့ အထက (၁၆) ကျောင်းတွင် ပညာသင်ကြားခဲ့ကာ နဝမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ အထက (၁၈) တွင် ပညာသင် ကြားခဲ့သည်။ ယင်းနောက် တက္ကသိုလ်ဝင်တန်းအောင် မြင်ပြီးသည်နှင့် စင်ကာပူနိုင်ငံ တက္ကသိုလ်တစ်ခုတွင် ဝင်ခွင့်ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့ပြီး၊ စင်ကာပူနိုင်ငံရှိ TMC university တွင် Hospital and Tourism Management Higher Diploma ကို တက်ရောက် အောင်မြင်ခဲ့သည်။

သူသည် သူနှင့် သက်တူရွယ်တူ လူငယ်များနှင့် မတူ တစ်မူကွဲလွဲစွာ နေထိုင်သူလည်းဖြစ်သည်။ အနေအထိုင်အေးဆေးကာ မိမိအလုပ်အပေါ်တွင်သာ အာရုံစိုက်ပြီး လုပ်ငန်းကြီးတစ်ခုကို အသက်ငယ်ငယ်ဖြင့် ကြိုးစားလုပ်ကိုင်နေသူတစ်ဦးလည်းဖြစ်သည်။ ယခုမူ မန္တလေးမြို့ ၈၄ လမ်း၊ ၃၂ × ၃၃ လမ်းကြားတွင် မန်းမြို့တော်ဟိုတယ်ကို ဖွင့်လှစ်ကာ ဦးစီးဆောင် ရွက်လျက်ရှိသည်။

ဖားအောက်တောရဆရာတော်ဘုရားကြီး၏ ဩဝါဒစကားများကို လိုက်နာကျင့်သုံးလျက်ရှိသူဖြစ်ပြီး ဆရာတော်ဘုရားကြီးထံတွင် ခြောက်ကြိမ်တိုင်တိုင် သင်္ကန်းဝတ်ကာ တရားအားထုတ်ခဲ့ဖူးသူ ဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ ဩဝါဒစကားများကို ငယ်စဉ် ကတည်းက လိုက်နာခဲ့ပြီး ဗုဒ္ဓ၏ ဆိုဆုံးမစကားများ၊ တရားဟောဒေသနာများကို ခံယူကာ ယခုကဲ့သို့ ဆရာတော်ဘုရားကြီးအား ကြည်ညိုလေးစားကာ ၊ ဆရာတော်ဘုရားကြီး သာသနာ့အကျိုးလုပ်ဆောင် နိုင်ရန်၊ နားနေနိုင်ရန်နှင့် ဆရာတော်ဘုရားကြီးအား တစ်သက်သာ ပရိက္ခရာရှစ်ပါးအတွက် လိုရာသုံးစွဲနိုင်ရန် ယခုလို အမွေရထားသည့် တိုက်နှင့်ခြံကြီးအား လှူဒါန်း ဖြစ်ခဲ့ခြင်း ဖြစ်သည်။

ယခု လှူဒါန်းထားသော အိမ်ကို ပြန်လည် ငှားရမ်းထားကာ ရရှိလာသော ငွေကြေးများအား ဆရာ တော်ဘုရားကြီးထံ အားလုံးလှူဒါန်းကြောင်း၊ မန်းမြို့တော် ဗုဒ္ဓသာသနာ့တက္ကသိုလ်ရှိ တရားကျင့်ကြံ အားထုတ်လျက်ရှိသော သံဃာတော်များအား ဆွမ်း ဆက်ကပ်လှူဒါန်းမှု လုပ်ဆောင်ထားကြောင်း ကိုဘုန်းရှင်က ပြောဆိုသည်။

ငွေကြေးချမ်းသာသည့် အသိုက်အဝန်းမှပင် ဖြစ်စေကာမူ၊ ယခုကဲ့သို့ ငယ်ရွယ်သူတစ်ယောက် ဖြစ်လင့်ကစား ခေတ်ကာလတန်ဖိုး သိန်းပေါင်း ကိုးထောင်ကျော်ရှိသည့် တိုက်နှင့်ခြံအား ကိုယ်ကျိုး အတွက်မသုံး၊ အပျော်အပါးအတွက်အသုံးမပြု လှူဒါန်း ခဲ့ခြင်းလည်းဖြစ်သည်။

လူငယ်များထဲတွင် ပိုက်ဆံရှိကာ ပျက်စီး ချင်တိုင်း ပျက်စီးနေသော လူငယ်များစွာရှိရာ ထိုလူငယ် များအပေါ်တွင်လည်း မောင်ဘုန်းရှင်၏ သဘောထားမှာ ရှင်းလင်းသည်။ ကိုယ်ပြုသောကုသိုလ် ကိုယ့်ထံသို့သာ ပြန်လာသည်ဟူသော ဗုဒ္ဓအယူအဆကိုသာ လက်ကိုင် ထားပါသည်ဟု သူက ဆိုသည်။ သူခံယူထားသည်မှာ ကိုယ့်လှူဒါန်းမှုသည် ကိုယ့် အတွက်နှင့် နောင်ဘဝများ အတွက် ကောင်းကျိုးခံစားရမည်ဟုသာ ဖြစ်သည်။

လှူဒါန်းခြင်းဟူသည် ဆင်းရဲချမ်းသာမရွေး ပြုလုပ်နိုင်ကြသော ကောင်းမှုကုသိုလ်ပင်ဖြစ်သည်။ ညောင်စေ့လောက်လှူလှူ၊ ညောင်ပင်ကြီးလောက် လှူလှူ ယခုဘဝတွင်သာမက နောင်ဘဝများအတွက်ပါ ထိုကောင်းမှုကုသိုလ်၏အကျိုးဆက်များကို ခံစား စံစားနိုင်ကြသည်။ ကိုဘုန်းရှင်၏ မြတ်သောအလှူဒါနကို အတုယူကာ မိမိတတ်နိုင်သော ပမာဏကို နည်းသည် များသည်မဟူ လှူဒါန်းသော အသက်ကြီးငယ်မရွေး လူများ ပိုမိုပေါ်ပေါက်လာရန် မျှော်လင့်ပါသည်။

ပွင့်လင်းလာပြီဖြစ်သော ယခုခေတ်ကာလတွင်၊ လူငယ်အများစု၏ အလှူအတန်းများ၊ အဖွဲ့လိုက် စုဖွဲ့ ထားသော ပရဟိတ အသင်းအဖွဲ့များကို လည်း မောင်ဘုန်းရှင်သည် အားကျ အတုယူခဲ့သူတစ်ဦးလည်း ဖြစ်လေသည်။

သာသနာ့အလှူအတန်းနှင့် ပတ်သက်သော အလှူတန်းအမျိုးမျိုးတို့ကိုလည်း အတတ်နိုင်ဆုံး လှူဒါန်းရန်၊ ပရဟိတ အဖွဲ့များတွင်လည်း ပူးပေါင်း ပါဝင်ကာ လုပ်ကိုင်လိုသည်ဟု ကိုဘုန်းရှင်က ပြောကြား သည်။

**နေလင်း**


THE LUTHERAN WORLD FEDERATION
actalliance

## Vacancy Announcement

The Lutheran World Federation (LWF) Department for World Service is a humanitarian and development organization with operations in more than 30 countries.

The Lutheran world Federation – Myanmar Program is inviting the qualify candidates for below positions.

1) Assistant Project Officer( DRR) one post (Pyapon)
2) Assistant Procurement Officer one post (Sittwe)
3) Business Empowerment Facilitator two posts (Dedeye)

Closing Date: 15th March 2014

Applications can be submitted via e-mail hr.lwf.mm@gmail.com and field offices in Delta, Kayin, Rakhine and Chin States.
Details Info: Please visit www.lwfmyanmar.org



## ထူးထူးဆန်းဆန်းပစ္စည်းလေးတွေ ရနိုင်မယ့်ဆိုင်



သောင်းဂဏန်းဝန်းကျင်လောက်နဲ့ ရနိုင်မယ် **Hidden Camera** လေးတွေ တစ်နေရာတည်းမှာ စိတ်ကြိုက်ရွေးဝယ်နိုင်မယ့်ဆိုင်ကို ညွှန်ပေးချင်ပါတယ်။ အဲဒီဆိုင်မှာ ဘောလ်ပင် ကင်မရာ၊ ပီကေ ကင်မရာ၊ နာရီ ကင်မရာ၊ မီးခြစ် ကင်မရာ၊ MP3 ကင်မရာ၊ ပိုက်ဆံအိတ် ကင်မရာ၊ Memory Stick ကင်မရာ၊ စားပွဲတင်နာရီ ကင်မရာ စတာတွေရှိပြီးတော့ မီတာ ၁၀၀ ကနေကြည့်လို့ရမယ့် Wireless Camera တွေ လည်းရှိပါသေးတယ်။

ဒါ့အပြင် အဲဒီဆိုင်မှာ အဝေးကနေ အသံ နားထောင်လို့ရမယ့် ပစ္စည်းလေးတွေကိုလည်း ရောင်းချပေးနေပါတယ်။ ပြီးတော့ ကမ္ဘာ့အသေးဆုံး GSM Phone လည်း ရှိပါသေးတယ်။ တကယ်လို့ အဲဒီ ဆိုင်လေးမှာရှိတဲ့ ဆန်းဆန်းပြားပြား ပစ္စည်းလေးတွေကို ဝယ်ယူချင်တယ်ဆိုရင်တော့ . . .

**Mr. SLIM** နံပါတ် ၂၅၊ ကျိုက္ကဆံလမ်း၊ တာမွေ (အလုပ်သမားဆေးရုံဘေး) United Livingmall အနီး၊ တာမွေမြို့နယ်။

**(ဆိုင်ခွဲ)** အမှတ် - ၁၄၉၊ ဗညားဒလလမ်း၊ တာမွေရဲစခန်းအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၀၀၁၂၈၊ ၀၉ ၇၃၈၁၀၁၀၁၊ ၀၉ ၄၀၀၀၀၈၀၇၇

**SPY** အမှတ် (၇၆)၊ ၂၈လမ်း၊ ၇၃ လမ်း × ၇၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ - ၄၂၁၁၈၂၆၄၁၊ ၀၉ - ၄၂၀၀၀၉၈၀၂၊ ၀၉ - ၇၃၁၁၃၆၂၀၊ ၀၉ - ၄၃၀၆၈၆၃၈

စင်ကာပူနိုင်ငံကို ဦးဆောင်တည်ထောင်ခဲ့သူ နိုင်ငံပြုသုခမိန် လီကွမ်ယူး၏ အင်တာဗျူးများနှင့် လက်ရွေးစင်အတွေးအမြင်များကို Graham Allison နှင့် Robert D.Blackwill တို့က AliWyne နှင့်အတူ ပူးတွဲပြုစုထားသည်။ LEE KUAN YEW The Grand Master's Insights on China, The United State, and the World စာအုပ်မှ CHAPTER 9, How Lee Kyan Yew Thinks ကို ဘာသာပြန်တင်ပြထားပါသည်။

**အယ်ဒီတာ**

# လီကွမ်ယူး တွေးခေါ်မြော်မြင်ပုံ

## ဘာသာပြန်သူ - ကောင်းထက်ဝင်း (ရန်ကုန်တက္ကသိုလ်)

ယခင်တစ်ပတ်မှအဆက်

**မဟာဗျူဟာအတွေးအခေါ်နဲ့ ပေါ်လစီချမှတ်ရေးကို ခင်ဗျားဘယ်လို ချဉ်းကပ်ဖြေရှင်းပါသလဲ။**

ကျွန်တော့်ကို ကျွန်တော် ထုတ်ဖော်ပြောဆိုရာမှာ ဥရောပသတ်မှတ်ချက်အရ ဖြစ်ကောင်းဖြစ်မယ်။ ဆိုရှယ်လစ်နဲ့ ကွန်ဆာဗေးတစ်ကြားမှာရှိတယ်လို့ ပြောလိုတယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် လစ်ဘရယ်သမားတစ်ယောက်အဆင့်မှာ ထားချင်တယ်။ တန်းတူအခွင့်အရေးတွေရှိတယ်။ ဒါကြောင့် လူတိုင်း အကောင်းဆုံးလုပ်နိုင်တဲ့ အခွင့်အရေး ရသွားတယ်လို့ ယုံကြည်တဲ့ လူတစ်ယောက်ဖြစ်တဲ့အပြင် အောက်ဆုံးအထိ ဘုန်းဘုန်းလဲ၊ လုံးဝကို မပျက်စီးစေချင်တဲ့စေတနာနဲ့ ကျွန်တော်က စနစ်ကို ထိထိမိမိအကျိုးရှိနိုင်သမျှ အကျိုးရှိအောင် စီမံကွပ်ကဲချင်တယ်။ ဒါပေမဲ့ သဘာဝ ဗီဇအရကို ချို့ယွင်းတာကြောင့် ကောင်းကောင်းမလုပ်နိုင်တဲ့ သူတွေ၊ ဒါမှမဟုတ် ပုံမှန်ထက်ပိုပြီး အားမထုတ်နိုင်တော့တဲ့သူတွေကိုတော့ငဲ့ညှာထောက်ထားရမယ်။ ကျွန်တော်က အစဉ်အဆက် လက်ခံထားတဲ့ ဒီလစ်ဘရယ်ဝေါဟာရရဲ့အဓိပ္ပာယ် အရပဲ လစ်ဘရယ်သမားတစ်ယောက်ဖြစ်နေတာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က သတ်သတ်မှတ်မှတ် ကမ္ဘာ့ဘယ်သဘောတရား၊ လူ့အဖွဲ့အစည်း ဘယ်သဘောတရားကိုမှ အစွဲထားတာ မဟုတ်ဘူး။ ကျွန်တော်က လက်တွေ့သမား။ ကျွန်တော်က ပြဿနာကို ကြည့်ရှုစစ်ဆေးပြီး ပြောဖို့ ညွှန်ဖို့ အသင့်ပြင်ထားတဲ့သူကောင်းပြီ။ ဒီပြဿနာကို လူအများဆုံးအတွက် ပျော်ရွှင်ချမ်းသာမှု အများဆုံးရအောင် ဖြေရှင်းပေးမယ့် အကောင်းဆုံးနည်းလမ်းက ဘာလဲ။

မျိုးဆက်သုံးဆက်ရှိတဲ့ မိသားစုတစ်စုထဲမှာ ကျွန်တော်လူလားမြောက်ခဲ့ရတာက ကျွန်တော့်ကို မသိလိုက်မသိဘာသာနဲ့ ကွန်ဖြူးရှပ်စ်ဝါဒီဖြစ်အောင် ဖန်တီးပေးလိုက်တာပဲ။ အဲဒါက ခင်ဗျားအထဲကို စိမ့်ဝင်သွားတာဗျ။ ကွန်ဖြူးရှပ်စ်ဝါဒီတွေက လူတိုင်း လူကြီးလူကောင်းတစ်ယောက်ဖြစ်ဖို့ ရည်မှန်းချက်ထားတဲ့ လူ့အဖွဲ့အစည်းဟာ အကောင်းဆုံး စွမ်းဆောင်နိုင်တယ်လို့ ယုံကြည်ကြတယ်။ စံပြပုဂ္ဂိုလ်က 'ဂျုန်ဇီ' လူကြီးလူကောင်းတစ်ယောက်ပဲ။ အဓိပ္ပာယ်က 'ဂျုန်ဇီ' က မကောင်းမှုကို မလုပ်ဘူး။ ကောင်းမှုလုပ်ဖို့ကြိုးစားတယ်။ သူ့ဖခင်နဲ့ မိခင်ကို ရိုသေလေးစားတယ်။ သူ့ဇနီးအပေါ် သစ္စာရှိတယ်။ သူကလေးတွေကို ကောင်းကောင်းမွေးမြူပြုစုတယ်။ သူမိတ်ဆွေတွေကို ကောင်းကောင်း ဆက်ဆံတယ်။ သူက ဧကရာဇ်ရဲ့ သစ္စာရှိနိုင်ငံသားကောင်း တစ်ယောက်။ မမြင်ရဘဲ ငုပ်နေတဲ့ သဘောတရားခံယူချက်က လူ့အဖွဲ့အစည်းတစ်ခုစွမ်းဆောင်အောင်မြင်နေဖို့ အဲဒီလူ့အဖွဲ့အစည်းက လူပုဂ္ဂိုလ်တစ်ဦးချင်း အကျိုးစီးပွားထက်ပိုပြီး ဦးစားပေးတဲ့ ပြည်သူလူထုအများစုကြီးရဲ့ အကျိုးစီးပွား ခင်ဗျားဆီမှာ ရှိနေရမယ်ဆိုတဲ့ အချက်ပဲ။ ဒါက လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အခြေခံအခွင့်အရေးဆိုတဲ့ အမေရိကန်မူနဲ့ အဓိက ကွဲလွဲချက်ပဲ။

ကျွန်တော်ခရီးထွက်ပြီဆိုရင် လူ့အဖွဲ့အစည်းတစ်ခု၊ အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့ ဘယ်လို အလုပ်လုပ်နေကြသလဲဆိုတာ သတိထားကြည့်နေတော့တာပဲ။ သူတို့ ဘာကြောင့်များ တော်ကြတာလဲ။ နောက် အိုင်ဒီယာစိတ်ကူးတွေက စာဖတ်ရုံနဲ့ ရလာတာမဟုတ်ဘူး။ ခင်ဗျား အဲဒီအကြောင်းကို ဖတ်နိုင်တယ်။ ဒါပေမဲ့ အဲဒါကို ခင်ဗျားနားလည်သဘောမပေါက်ရင် အဲဒီအိုင်ဒီယာက ခင်ဗျားနဲ့ ဘာမှမပတ်သက်တော့ဘူး။ ဒါက ကျွန်တော် အမြဲမပြတ်လုပ်တဲ့ဟာပဲ။ နှံ့နှံ့စပ်စပ်သိရှိနားလည်တဲ့ လူတွေနဲ့ ဆွေးနွေးမှုတွေ အရေးပါပုံကို ခင်ဗျားလျစ်လျူရှုထားလို့ မရဘူး။ ဒါက စာရွက်စာတမ်းတွေ တစ်ပုံကြီးကို အမြန်လျှောက်ဖတ်တာ၊ မှတ်သားလေ့လာတာထက် အများကြီး ပိုအကျိုးရှိတယ်လို့ ကျွန်တော်ပြောရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ခဏတဖြုတ် အပြန်အလှန်စကားပြောရာက ပညာ၊ အတွေ့အကြုံ အလွန်ကြီးမားတဲ့ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်တစ်ယောက်ဆီက သူရထားတဲ့ပညာနဲ့ အတွေ့အကြုံအနှစ်သာရတွေကို ခင်ဗျားထုတ်နုတ်ယူနိုင်လို့ပဲ။

ကျွန်တော်တို့ ဒီနေရာကို မတော်တဆ ရောက်ခဲ့ကြတာမဟုတ်ဘူး။ မှားသွားနိုင်စရာ မှန်သမျှ ကျွန်တော်တို့ကြုံတင်ဟန့်တားခဲ့ရတယ်။ ဒါက ကျွန်တော်တို့ ဒီနေရာကို ရောက်ခဲ့ပုံပဲ။ ဒါက ကျွန်တော်တို့မှာ အရန်တွေအများကြီးရှိလို့ပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ အရန်အင်အားတွေမရှိဘူးဆိုရင် ကျွန်တော်တို့ ဒုက္ခနဲ့ကြုံတဲ့တစ်ခဏအတွင်းမှာပဲ ကျွန်တော်တို့ ဘာမှကိုမရှိဘဲ ဖြစ်သွားမယ်။ ကျွန်တော်တို့ ပိုင်ဆိုင်ထားသမျှကတော့ လည်ပတ်လှုပ်ရှားနေတဲ့ ဒီဖွဲ့စည်းမှုစနစ်ပဲ။ ဒီဖွဲ့စည်းမှုစနစ်မှာ ဦးနှောက်တွေရယ်၊ နိုင်ငံပေါင်းစုံက သွင်းအားစုတွေ၊ အဲဒီနိုင်ငံက ဘဏ္ဍာရေး ဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူတွေကို အလွန် ရှုပ်ထွေးသိမ်မွေ့တဲ့ပုံစံနဲ့ ပေါင်းစပ်ထားတဲ့ အထူးသီးသန့် ကျွမ်းကျင်မှုတွေရယ် တစ်စုတစ်ပေါင်းတည်းရှိနေတဲ့ စီးပွားရေးလုပ်ဆောင်မှု မျိုးစုံရယ်ရှိဖို့ လိုအပ်တယ်။ ပုံတူကူးယူဖို့က လွယ်တာမဟုတ်ဘူး။ ဒါဟာ ကျွန်တော်လုပ်နိုင်တဲ့ အကောင်းဆုံး အကျိုးဆောင်မှုနဲ့ လုပ်သင့်လုပ်ထိုက်ဆုံး အလုပ်လို့ ကျွန်တော်ယူဆတယ်။

**အဲဒီချဉ်းကပ်ဖြေရှင်းပုံကို ဘယ်လို ကိုယ်ရေးကိုယ်တာနဲ့ လုပ်ငန်းဆိုင်ရာ အတွေ့အကြုံတွေက ပုံဖော်ပေးခဲ့ကြတာလဲ။**

ကျွန်တော့် အတွေးအခေါ်က




ကျွန်တော့်သီးခြားစရိုက်လက္ခဏာကနေ ဖြစ်လာတာ။ ကျွန်တော့်မှာလဲ ကျွန်တော့် အတွေ့အကြုံရှိတယ်လေ။ ခင်ဗျာ့ကမ္ဘာကြီးတစ်ခုလုံးက ပြိုကျသွားတဲ့အခါ လူတစ်ယောက်မှာ ကြိုတင်မမြင်ရတဲ့ မျှော်မှန်းမရတဲ့ အခြေအနေတွေ တစ်သီကြီးနဲ့ ကြုံရတော့တာပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘဝက အဲဒီလို ကြုံခဲ့ရတာ။ ဗြိတိသျှအင်ပါယာကြီးက အရှေ့တောင်အာရှမှာ နောက်ထပ် အနှစ်တစ်ထောင်လောက် အမွှန်းရှည်ဦးမှာလို့ ယူဆထားကြတာပဲ။ ဒါပေမဲ့ ၁၉၄၂ ခုနှစ်မှာ ဂျပန်စစ်တပ်ဝင်လာတော့ ပြိုကျသွားရော။ သူတို့က စင်ကာပူကို သိမ်းပိုက်ပြီး ဗြိတိသျှတွေကို မောင်းထုတ်ပစ်နိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ ကျွန်တော်တို့ မတွေးမိခဲ့ဘူး။ သူတို့ သိမ်းပိုက်ခဲ့တယ်။ နောက် ကျွန်တော်တို့အပေါ် ကြမ်းတမ်းရက်စက်ခဲ့ကြတယ်။ အဲဒီအထဲ ကျွန်တော်လည်းပါတာပေါ့။ မော်စီတုန်းက အာဏာဟာ သေနတ်ပြောင်းဝက ထွက်တယ်လို့ မရေးခဲ့ခင်အကြာကြီးကတည်းက အာဏာအကြောင်း ကျွန်တော်က သိသွားခဲ့တာ။ ဂျပန်တွေက ဒါကို လက်တွေ့ပြသွားခဲ့ကြတာဗျ။ ဗြိတိသျှတွေက ပြမပေးခဲ့ဘူး။ ဗြိတိသျှတွေက နည်းပညာ၊ ကူးသန်းရောင်းဝယ်ရေးနဲ့ အသိပညာအရာမှာသာတယ်။ ဒီကလူတွေကို စိုးမိုးခြယ်လှယ်ဖို့ ဒီအစိုးရအိမ်တော်ကြီးကို တောင်ကုန်းပေါ်မှာ အိန္ဒိယအကျဉ်းသားတွေ လုပ်အားနဲ့ ၁၈၆၉ ခုနှစ်မှာ သူတို့က ဆောက်ခဲ့ကြတာ။ ဗြိတိသျှတွေ လုပ်ခဲ့သလို လူထုကို ခင်ဗျား ဘယ်လို ထိန်းချုပ်ခြယ်လှယ်ရတယ်၊ ဘယ်လိုအုပ်ချုပ်ရတယ်၊ နောက် ဂျပန်တွေက သူတို့အာဏာကို ဘယ်လိုသုံးခဲ့ကြတယ်ဆိုတာ ကျွန်တော်သဘောပေါက်သွားတယ်။

စင်ကာပူကို ဂျပန်ကျူးကျော်သိမ်းပိုက်မှုက ကျွန်တော့်ဘဝရဲ့တစ်ခုတည်းသော အကြီးကျယ်ဆုံး နိုင်ငံရေး ပညာပေးခံလိုက်ရတာပဲ။ ဘာကြောင့်လဲဆိုတော့ သုံးနှစ်ခွဲအတွင်းမှာ အာဏာရဲ့ အဓိပ္ပာယ်နဲ့ အာဏာရယ်၊ နိုင်ငံရေးရယ်၊ အစိုးရရယ် ဘယ်လို ဒွန်တွဲနေကြတယ်ဆိုတာ ကျွန်တော် သဘောပေါက်သွားတာကို။ အာဏာ ကြီးစိုးတဲ့အနေအထားတစ်ခုမှာ ပိတ်မိနေကြတဲ့ လူထုက သူတို့ အသက်ဆက်ရှင်ကြဖို့အတွက် ဘယ်လို တုံ့ပြန်ခဲ့ကြတယ်ဆိုတာလည်း ကျွန်တော်နားလည်ခဲ့တယ်။ ဒီတစ်နေ့ အဲဒီမှာရှိနေခဲ့ကြတာက ဗြိတိသျှတွေ၊ ပြောင်းလဲမသွားနိုင်တဲ့ သခင်ကြီးစစ်စစ်တွေပေါ့ဗျာ။ နောက်တစ်နေ့ကျတော့ မျက်စိမှန်ပေမေ့နဲ့ ပုကွကွလူဖလန်လေးတွေလို့ ကျွန်တော်တို့ လှောင်ခဲ့ပြောင်ခဲ့ကြတဲ့ ဂျပန်တွေဗျာ။

ကျွန်တော့်ဝါရင့်ဝန်ကြီးအဖွဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ကျွန်တော် စင်ကာပူကို အုပ်ချုပ်ခဲ့စဉ်က စောစောပိုင်း အလုပ်အလွန်များတဲ့နှစ်တွေကို ပြန်ကြည့်လိုက်တဲ့အခါ တော်တော်ကြမ်းတဲ့ အတွေ့အကြုံတွေကို ဖြတ်သန်းခဲ့ကြရာက ကျွန်တော်တို့ ဘယ်လောက်အကျိုးရှိခဲ့တယ်ဆိုတာ ကျွန်တော်တို့ သိလာကြတယ်။ မြို့လူဆိုးတွေနဲ့ ကျွန်တော်တို့ ဆုံခဲ့ကြတာ။ ကျွန်တော်တို့သာ မြို့လူလည်တွေဖြစ်မလာခဲ့လို့ကတော့ ကျွန်တော်တို့တစ်တွေ နာလန်မထူနိုင်အောင် ရှုံးသွားမှာပဲ။ အန္တရာယ်မကင်းတဲ့ ယာဉ်အသွားအလာတွေနဲ့ တိုးမိရင် ခြံစည်းရိုးတွေနောက်က အိမ်ထဲမှာ ပိတ်လှောင်ခံထားရတဲ့ ခွေးတွေလိုပဲ ကျွန်တော်တို့တစ်တွေက တက်နင်းသွားတာခံကြရမှာ။ အခုအချိန်မှာ အားလုံး အသက် ၄၀ ကျော်တွေ ဖြစ်နေကြတဲ့ စင်ကာပူနိုင်ငံသားမျိုးဆက်တစ်ဆက်လုံးက ရက်စက်ပြင်းထန်တဲ့ နိုင်ငံရေးကျောင်းမှာ ပညာပေးခံခဲ့ကြရတာ။ ကျွန်တော်တို့ သားသမီးတွေကျတော့ မဆင်မခြင်အတိုက်အခံလုပ်လို့ ဒုက္ခရောက်ခဲ့ကြရတဲ့ အချိန်တုန်းက အမှတ်ရစရာတွေက လုံးဝရှိခဲ့ကြတာ မဟုတ်ဘူး။ ငယ်ရွယ်တဲ့မျိုးဆက်က ဝန်ကြီးတွေလည်း ဒီအတွေ့အကြုံကို မကြုံခဲ့ကြရဘူး။ ပြင်းထန်တဲ့တိုက်ပွဲက လူအိုဝန်ကြီးတွေဟာ ဘယ်လိုလူစားတွေလဲဆိုတာ ဖော်ထုတ်ပြခဲ့တယ်။ ကျွန်တော်တို့အထဲက ပျော့ညံ့တဲ့၊ ညဏ်လေးတဲ့၊ ဒါမှမဟုတ် စိတ်မခိုင်တဲ့ လူတွေက စောစောဒဏ်ရာရ ကျဆုံးသွားကြတဲ့သူတွေပဲ။ အခုရှိနေတဲ့ လူတွေက သဘာဝအရ ရွေးချယ်မှုဒါဝင်ဖြစ်စဉ်မှာ ရှင်သန်ကျန်ရစ်သူတွေ။ ကျွန်တော်တို့မှာ ထက်မြက်တဲ့ ရှင်သန်ကျန်နိုင်စွမ်း ဗီဇစရိုက်တွေရှိတယ်။

၁၉၇၃ ခုနှစ်ကတည်းက ကျွန်တော် လေ့လာသင်ယူခဲ့တာတွေက ဘာတွေလဲ။ လူသားတွေ၊ လူ့အဖွဲ့အစည်းတွေနဲ့ ပတ်သက်နေတဲ့ ပိုပြီး အဓိကကျတဲ့ ပြောင်းမရဖြစ်နေတာတွေ တချို့နဲ့ အဲဒီပြောင်းလဲလို့ မရတာတွေကို ပိုကောင်းအောင် လုပ်ပေးလို့ရတဲ့ နည်းလမ်းတွေ၊ နောက်ပြီး အမြဲရှိနေတဲ့ ဆုတ်ယုတ်သွားမယ့် အန္တရာယ်၊ ပြိုတောင်ကျသွားမယ် အန္တရာယ်တွေပါပဲ။ အခြေခိုင် တိုးတက်နေတဲ့ လူ့အဖွဲ့အစည်းတစ်ခုပျက်ဖို့ ဘယ်လောက်အထိ လွယ်တယ်ဆိုတာ ကျွန်တော် သိလာတယ်။ တစ်ကိုယ်ရေအောင်မြင်မှုတွေရဲ့ တန်ဖိုးမဲ့အရေးမပါမှုကိုလည်း ကျွန်တော် နားလည်လာတယ်။ ပညာဉာဏ်နဲ့ဆိုင်တဲ့၊ အကျင့်သီလနဲ့ဆိုင်တဲ့၊ မနောဝိညာဉ်နဲ့ဆိုင်တဲ့ ကျေနပ်ဘဝင်ကျမှုတွေနဲ့ ယှဉ်လိုက်တဲ့အခါ လောကီဂုဏ်သရေတွေ၊ အောင်မြင်မှုတွေ အားလုံးက ယာယီသဘောပဲဆိုတာ။ အာရုံခံစား ပျော်ပါးမှုတွေ သဘောကျမှုတွေရဲ့ တန်ဖိုးအနှစ်သာရကလည်း မတည်မမြဲ တဒင်္ဂပဲဆိုတာ အသက် ၆၀ အရွယ် အတွက်ကတော့ အသက် ၅၀ အရွယ်ထက် ပိုသိနားလည်လာတယ်။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်တယ်။ ကျွန်တော့်မှာ ဘယ်လောက်များများက သဘာဝအတိုင်းရှိတာလဲ၊ ဘယ်လောက်က ပျိုးထောင်မွေးမြူထားတဲ့ဟာလဲ။ တိုက်ပွဲတွေရဲ့ပြင်းထန်တဲ့ စမ်းသပ်မှုတွေနဲ့ မာကျောအောင် ပုံသွင်းတာ မခံခဲ့ရရင် ကျွန်တော်အခုလိုမဟုတ်တဲ့ တခြားလူတစ်ယောက်ဖြစ်သွားမှာလား။ သေရေးရှင်ရေး ဆုံးဖြတ်ချက်တွေချ၊ ကြီးမားတဲ့ အကျပ်အတည်းတွေ တစ်ခုပြီးတစ်ခု ကျော်ဖြတ်ပြီးတဲ့အခါမှာ ကျွန်တော့် အမြင်ရှုထောင့်တွေ၊ ရည်မှန်းချက်တွေ၊ ဦးစားပေး အလေးထားတာတွေက အခြေခံကျကျကို ပြောင်းသွားပြီ။ ကျွန်တော် ယုံကြည်မိသွားတာက တာရှည်ခိုင်မြဲမယ့် အပြောင်းအလဲဖြစ်သွားပြီ။ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ခံစားမှုပိုင်းပင် ကို သဘောဆိုတဲ့ အကြမ်းထည် ဘက်ပိုင်းက ပြောင်းချင်မှပြောင်းမယ်။ ထာဝရဘုရား၊ ဂုဏ်ကျက်သရေနဲ့ တန်ဖိုးအထားဆုံးအရာတွေအပေါ် ကျွန်တော်ရဲ့ သဘောထားတွေဆိုတဲ့ အနုထည်ဘက်ပိုင်းကတော့ ကျွန်တော့်အတွေ့အကြုံရဲ့ပုံသွင်းတာခံလိုက်ရပြီ။ တစ်နည်းပြောရရင် အကြမ်းထည် (သဘာဝတရား) က ဘယ်လောက်ပဲ နေရာကျယ်ကျယ်ယူထားထား အနုထည် (ပျိုးထောင်မွေးမြူမှု) မပါဘဲနဲ့ အကြမ်းထည်နဲ့ အများကြီး ဖန်တီးယူလို့ မရနိုင်ဘူး။

**ကောင်းထက်ဝင်း (ရန်ကုန်တက္ကသိုလ်)**

# မျိုးစောင့်ဥပဒေ

ဟိန်းသွင်ထက်၊ အောင်ထက်

**နိုင်**ငံတော်သမ္မတကလွှတ်တော်သို့ပေးပို့လာသော မျိုးစောင့်ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာ သဝဏ်လွှာနှင့်ပတ်သက်ပြီး မတူညီသည့်အမြင်များကိုသိရှိနိုင်စေရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်ဦးလှဆွေနှင့် ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီဗဟိုအလုပ်အမှုဆောင် ဦးဘရှိန်တို့နှင့်တွေ့ဆုံမေးမြန်းဖော်ပြအပ်ပါသည်။

## "အစိုးရဘက်က ဘယ်လိုပြန်ရေးလာမလဲဆိုတာ ကြည့်ပြီးမှ ဒီဥပဒေတွေကို သုံးသပ်ရမယ်"

### ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLDပါတီ)ဥက္ကဋ္ဌ



Voice : **မျိုးစောင့်ဥပဒေနဲ့ပတ်သက်တဲ့ နိုင်ငံတော်သမ္မတ သဝဏ်လွှာနဲ့ ဒီဥပဒေ အတည်ပြုနိုင်ဖို့ ရှိမရှိအပေါ် အန်တီအနေနဲ့ ဘယ်လိုမြင်ပါသလဲ ။**

DASSK : ဒီဥပဒေတွေပြဋ္ဌာန်းဖို့အတွက် လွှတ်တော်ကိုပို့တယ်။ အခုနာယကကြီး (သူရဦးရွှေမန်း)က စာပြန်ပို့မယ်ဆိုတာ လုံးဝ သဘောတူတယ်။ ဦးရွှေမန်းဆောင်ရွက်တာက လွှတ်တော် ဥပဒေအရလည်းကိုက်ညီတယ်၊ နိုင်ငံရေးလိုအပ်ချက်နဲ့လည်း ကိုက်ညီတယ်။ လွှတ်တော်ဥက္ကဋ္ဌ ဆုံးဖြတ်ချက်လျော်ညီပါတယ်။ (နိုင်ငံတော်သမ္မတ သဝဏ်လွှာတွင်ပါရှိသည့်ကိုးကွယ်ရာ ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာဥပဒေတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ရေးဆွဲပြီးမှသာ လွှတ်တော်သို့ပြန်လည်တင်ပြရန် ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်းက ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။)

Voice : **ဒီလိုဆိုရင်အန်တီအနေနဲ့ရော ဒီဥပဒေပြဋ္ဌာန်းသင့်မသင့်ကို ဘယ်လို သဘောရလဲခင်ဗျ။**

DASSK : ဥပဒေရေးဆွဲဖို့ အစိုးရအဖွဲ့ဘက်ကိုပေးလိုက်တယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေဆီကပြန်လာတာကို စောင့်ရမယ်။ အစိုးရဘက်က ဘယ်လိုပြန်ရေးလာမလဲဆိုတာကြည့်ပြီးမှ ဒီဥပဒေတွေကို သုံးသပ်ရမယ် ။ ဒီကိစ္စကို အစိုးရအဖွဲ့နဲ့ ဝန်ကြီးဌာနတွေကဆုံးဖြတ်ပြီး လွှတ်တော်ကိုတင်ရမှာပါ။ သူတို့ဘယ်လိုရေးဆွဲထားလဲ ပြန်ကြည့်ရမယ်။

## "ဒီဥပဒေက မလိုအပ်ဘူး၊ ဘာလို့လဲဆိုတော့ လွတ်လပ်မှုကို အနှောင့်အယှက်ဖြစ်စေတယ်"

### ဦးလှဆွေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်



Voice : **အမျိုးစောင့်ဥပဒေက ဥပဒေတစ်ရပ်အနေနဲ့ ပြဋ္ဌာန်းဖို့လိုအပ်ပါသလား။**

UHS : ဒီဥပဒေက မလိုအပ်ဘူး။ ဘာလို့လဲဆိုတော့ လွတ်လပ်မှုကို အနှောင့်အယှက်ဖြစ်စေတယ်။ လူ့အခွင့်အရေးကို အနှောင့်အယှက်ဖြစ်စေတယ်။

Voice : **ဘယ်လိုအနှောင့်အယှက် ဖြစ်စေပါသလဲခင်ဗျ။**

UHS : ဝင်ချင်တဲ့ဘာသာ၊ ကိုယ်ကိုးကွယ်ချင်တဲ့ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ရှိတယ်လေ၊ ကိုယ်ကိုးကွယ်ချင်တဲ့ဘာသာကို ကိုးကွယ်လို့မရဘူးလို့ ပြောလိုက်တာနဲ့ အတူတူပဲလေ။ လူသားတစ်ယောက်ရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးတွေကို ဥပဒေနဲ့ ထိန်းချုပ်သလိုဖြစ်သွားမှာပေါ့။ လူ့အခွင့်အရေးနဲ့ကြည့်ရင် တော်တော်လေး လွဲနေတယ်။ လူ့အခွင့်အရေးဘက်ကနေ ချဉ်းကပ်မယ်ဆိုရင် ဒီဥပဒေပြဋ္ဌာန်းဖို့ဆိုတာ မလိုအပ်ဘူး။

Voice : **ဘယ်လိုမျိုး ထိန်းချုပ်တာကို ဆိုလိုပါသလဲခင်ဗျာ။**

UHS : ဘာသာခြားကိုမယူရဘူးဆိုတာတွေပါလာမယ်။ ယူချင်ရင်ယူခွင့် ရှိရမှာပေါ့၊ ကိုယ့်သဘောပဲ။ ဒီမယ် ကျွန်တော့်အသိတွေထဲမှာ ဘာသာခြားယူနေကြတာတွေအများကြီးပဲ။ ကိုယ့်ဘာသာကိုဆက်လက်ပြီး ကိုးကွယ်နေကြတဲ့ နားလည်မှုရှိတဲ့ မိသားစုတွေအများကြီးရှိတယ်။ တခြားဘာသာဝင်တွေက လက်ထပ်ပြီးရင် ဘာသာကူးပြောင်းရမယ်လို့ စေခိုင်းတာတွေ ရှိမှာပါ။ ဒါပေမဲ့ ဆက်လက်ပြီးတော့ ပြောရရင် ဗုဒ္ဓဘာသာဝင် အမျိုးသမီးဟာ ဘာသာခြားနဲ့ လက်ထပ်ပြီးရင် ကိုယ့်ဘာသာကိုယ် ဆက်လက်ကိုးကွယ်ရမယ်ဆိုတာ ၁၉၅၄ ဥပဒေမှာ ပြဋ္ဌာန်းထားပြီးသားပါ ။

Voice : **လွှတ်တော်ထဲမှာ မျိုးစောင့်ဥပဒေနဲ့ပတ်သက်ပြီး ဥပဒေကြမ်းတွေတင်လာရင် ထောက်ခံမှာလား။**

UHS : ဟင့်အင်း။ မထောက်ခံဘူး၊ ဘာလိုင်းကြီး မထောက်ခံတာ မဟုတ်ဘူး၊ ဘယ်လို ဥပဒေရေးဆွဲထားလဲဆိုတာကို စောင့်ကြည့်ရမယ်၊ ဘာလို့လဲဆိုတော့ ဒီဟာက ဘာသာရေးအစွန်းရောက်မယ့် သဘောရှိတယ်။

Voice : **ဘယ်လိုအစွန်းရောက်တာကို ပြောတာလဲခင်ဗျာ။**

UHS : အဲဒီမှာ တခြားဘာသာကို မကူးပြောင်းရဘူးလို့ပါလာမယ်။ အဲဒီကနေဆက်ပြီး ဘာသာရေးကနေ လူမျိုးရေးခွဲခြားတာကို ရောက်သွားမယ်။ အဲဒီလို အစွန်းရောက်တာတွေဖြစ်လာမယ်။ လူမျိုးရေးခွဲခြားတဲ့ပုံစံကို မလုပ်ချင်ဘူးဆိုရင် ဒီဥပဒေပြဋ္ဌာန်းဖို့တောင်မလိုဘူး။ ယိုးဒယားမှာ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်တွေအများကြီးရှိတယ်။ သူများနိုင်ငံကို ရောက်နေတာဆိုတော့ နှိမ်တော့အနှိမ်ခံရတယ်။ ဒါပေမဲ့ ဥပဒေထုတ်ပြန်ပြီး ကန့်သတ်တာမရှိဘူး။ ဒီမယ် မြန်မာနိုင်ငံမှာ လူမျိုးစုံဘာသာစုံ နေထိုင်တဲ့နိုင်ငံမှာ အားလုံးအတူတူပဲ၊ အခွင့်အရေးရသင့်တာပေါ့။ ဥပဒေက ကာကွယ်ပေးရင်တော့ ကောင်းတာပေါ့။ ဖိနှိပ်ဖို့ဖြစ်သွားရင် မကောင်းဘူး၊ ဘာသာခြားခေါင်းဆောင်တွေအများကြီးလည်း မြန်မာလွတ်လပ်ရေးကြိုးပမ်းစဉ် အခါတုန်းက ရှေ့တန်းကနေ အသက်ပေးပြီး ဆောင်ရွက်ခဲ့ကြတာ သမိုင်းမှာ ပြန်ကြည့်ရင် သိမှာပါ။

Voice : **ဒီဥပဒေကို လွှတ်တော်ကို ရောက်လာရင် ဝင်ရောက်ဆွေးနွေးမှာလားဗျ။**

UHS : ဟင်အင်း၊ မဆွေးနွေးဘူး။ အဲဒီဟာကို ဘယ်လိုရေးဆွဲလဲဆိုတာကို ကြည့်ပြီး မဲခွဲတဲ့နေရာမှာ မှန်ကန်တဲ့ဘက်ကနေ ရပ်တည်သွားမယ်။

## "ဗုဒ္ဓဘာသာအများစုနေထိုင်တဲ့နိုင်ငံမှာ ဒီလိုဥပဒေမျိုးက လိုအပ်နေတာကြာပါပြီ"

### ဦးဘရှိန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီဗဟိုအလုပ်အမှုဆောင်)



ဓာတ်ပုံ-Hein thwan Htet

Voice : **မျိုးစောင့်ဥပဒေကို လွှတ်တော်အတွင်းမှာ ဥပဒေတစ်ရပ်အနေနဲ့ ပြဋ္ဌာန်းဖို့ လိုအပ်ပါသလား။**

UBS : ဒီဥပဒေပြဋ္ဌာန်းဖို့ လိုအပ်တာပေါ့။ ဥပဒေမရှိရင် လူတွေက ပြောချင်သလိုပြော လုပ်ချင်သလိုလုပ်နေကြတော့ မတရားဆုံးရှုံးသွားတဲ့သူတွေရှိတယ်။ မတရားခံနေရသူတွေရှိတယ်။ သူတို့ကို ကာကွယ်ပေးဖို့ ဥပဒေလိုအပ်ပါတယ်။

Voice : **ဒီဥပဒေဟာ ဘာသာခြားတွေကို ထိခိုက်နိုင်တယ်လို့ အယူအဆတွေရှိနေပါတယ်။ အဲဒီအပေါ်မှာ ဘာများပြောချင်ပါသလဲ။**

UBS : မျိုးစောင့်ဥပဒေကိုပြဋ္ဌာန်းလိုက်ရင် ဗမာတွေကပဲ တခြားဘာသာဝင်တွေကို အနိုင်ကျင့်တော့မယ့်ပုံစံတွေထင်မြင်နေကြတော့ ဥပဒေတစ်ရပ်အနေနဲ့ မြန်မြန်ပြဋ္ဌာန်းလိုက်တာ အကောင်းဆုံးပဲ အခုဟာက လူတွေကမသိတော့ ဘာလုပ်နေသလဲဆိုပြီး ထင်ယောင်ထင်မှားတွေဖြစ်နေတာပေါ့။ ဥပဒေတစ်ခုအနေနဲ့ ပြဋ္ဌာန်းလိုက်မယ်ဆိုရင် အားလုံးရှင်းရှင်းလင်းလင်း ဖြစ်သွားမှာပါ။

Voice : **ထင်ယောင်ထင်မှား မဖြစ်အောင် ဥပဒေပြုတဲ့အခါမှာ ဘာတွေသတိပြုသင့်တယ် ထင်ပါသလဲ။**

UBS : လွှတ်တော်ထဲမှာ အတည်မပြုခင် အရင်ဆုံး၊ ဒီဥပဒေဟာ ဘယ်သူတွေအတွက်နစ်နာတယ်။ မနစ်နာဘူးဆိုတာကို ဆွေးနွေးလို့ရပါတယ်။ ဥပဒေကြမ်းတစ်ခုဖြစ်လာရင် သတင်းစာတွေကနေတစ်ဆင့် ကြေညာမှာပါ။ အဲဒီအချိန်မှာ ရှင်းရှင်းလင်းလင်း ပြည်သူတွေသိသွားမယ်။ တစ်ခြားဘာသာဝင်တွေကို ထိခိုက်နိုင်လား၊ မထိခိုက်နိုင်ဘူးလားဆိုတာကိုဝင်ရောက်ဆွေးနွေးနိုင်ပါတယ်။

Voice : **အမျိုးစောင့်ဥပဒေတစ်ခုအနေနဲ့ ပြဋ္ဌာန်းလိုက်ရင် လူမျိုးရေးခွဲခြားမှုပြဿနာ ရှိနိုင်တယ်လို့ မထင်ဘူးလားခင်ဗျာ။**

UBS : မျိုးစောင့်ဥပဒေပြဋ္ဌာန်းတာ ဘာပြဿနာမှမရှိဘူး။ အားလုံးကိုဥပဒေအတိုင်း မျှမျှတတကိုင်တွယ်ရင် ဘာမှဖြစ်မလာနိုင်ပါဘူး။

Voice : **လူ့အခွင့်အရေးကို ထိခိုက်လာနိုင်တယ်လို့ယူဆပါသလား။**

UBS : လူ့အခွင့်အရေးဆိုတာကတော့ နိုင်ငံတကာရဲ့အမြင်တွေပါ။ အဓိကက ဒီနိုင်ငံမှာ အခုဘာဖြစ်နေလဲ၊ ဘာတွေလိုအပ်နေလဲက အရေးကြီးတယ်။ ဗမာလူမျိုး ဗုဒ္ဓဘာသာအများစုနေထိုင်တဲ့ နိုင်ငံမှာ ဒီလိုဥပဒေမျိုးက လိုအပ်နေတာကြာပါပြီ၊ မျှတတဲ့ ဥပဒေဖြစ်ဖို့ အရေးကြီးပါတယ်။

Voice : **လွှတ်တော်ထဲမှာ ဥပဒေကြမ်းတင်သွင်းလာရင် ဝင်ရောက်ဆွေးနွေးသွားမှာလား၊ ခင်ဗျာ။**

UBS : ဆွေးနွေးသွားမယ်၊ အားလုံးကို မှန်ကန်တဲ့၊ လိုအပ်နေတဲ့ ဥပဒေဖြစ်လာအောင် ထောက်ခံဆွေးနွေးသွားပါမယ်။

# ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်သည့်မြေပြင်ဆင်းသက်စနစ်များ

**သဇင်ဦး**

**ထိုင်ခုံခါးပတ်များ၊ သေချာစွာပတ်ထားရန် သတိပေးနေသည့် လေယာဉ်မယ်၏ အသံနှင့်အတူ ငြိမ့်ခနဲခံစားလိုက်ရသဖြင့် ခန္ဓာကိုယ်ကိုလည်း ဟန်ချက်ညီမှုရှိစေရန်တည့်မတ်လိုက်သည်။ လေယာဉ်ကောင်းကင်သို့ပျံတက်စဉ်ဖြစ်စေ၊ မြေပြင်သို့ ဆင်းသက်စဉ်ဖြစ်စေ လူအများစုကြုံတွေ့ရမည့် ခံစားချက်မျိုးဖြစ်သည်။**

သို့သော်မြန်မာနိုင်ငံအစိုးရလေယာဉ်ပျံများ အဆင်းအတက်ကို ဘေးကင်းလုံခြုံစွာ ဆင်းသက်ပျံသန်းနိုင်ရန် Instrument Landing System ဟုခေါ် သည့် မြေပြင်ဆင်းသက်စနစ်များကို ဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ လိုက်လျောညီထွေမှု ရှိစေရန် အဆင့်မြှင့်တင်ဆောင်ရွက်မှုများ လိုအပ်သည် ဟု လေကြောင်းလိုင်း အသိုင်းအဝိုင်းက ပြောဆိုသည်။

ယခုဆိုလျှင် ပြည်တွင်းလေကြောင်းလိုင်းများသာမက ပြည်ပမှ လေကြောင်းလိုင်းများကလည်း မြန်မာနိုင်ငံသားပိုင် ပြည်ပပြေးဆွဲနေသော လေကြောင်းလိုင်းများနှင့် အကျိုးတူပူးပေါင်းပြေးဆွဲခြင်းဖြင့်လည်းကောင်း၊ ရန်ကုန်နှင့် မန္တလေးတို့မှ ပြည်ပသို့ တိုက်ရိုက်ပျံသန်းခြင်းဖြင့်လည်းကောင်း ပြေးဆွဲလာလျက်ရှိရာ လေယာဉ်ဆင်းသက်ပျံသန်းမှုများမှာလည်း တိုးတက်လာသဖြင့် ယင်းမြေပြင်ဆင်းသက်စနစ်များမှာ မဖြစ်မနေဖွံ့ဖြိုးရန် လိုအပ်လာသည်ဟုလည်း ၎င်းတို့က သုံးသပ်ကြသည်။

ယခင်ကပင် နေထိုင်လာသည့် အတွေ့အကြုံကြောင့် လေယာဉ်များ ဆင်းသက်ပျံသန်းစဉ် ပုံမှန်အတိုင်းသာ နေထိုင်သွားလာမှုများရှိပြီး လေယာဉ်ဆင်းသက်ပျံသန်းစဉ် ဆူညံသည့်အသံမှလွဲ၍ မည်သည့်ပြဿနာမှ တွေ့ကြုံရခြင်းမရှိဘဲ ယခုဆိုလျှင် လေယာဉ်များမှာ ယခင်ထက်ပို၍ဆင်းသက်ပျံသန်းနေသည်ကိုသတိထားမိကြောင်း ယင်းလေယာဉ်ကွင်းအနီးနေထိုင်သူများက ပြောဆိုကြသည်။

Instrument Landing System ဟုခေါ်သည့် မြေပြင်ဆင်းသက်စနစ်များမှာ လေဆိပ်ကြီးများတွင် မဖြစ်မနေတပ်ဆင်ထားပြီး ထပ်မံ၍တပ်ဆင်ရန်လည်း ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ လေယာဉ်များ ချိန်ကိုက်နိုင်ရန် လေကြောင်းလမ်းညွှန် အထောက်အကူပြုပစ္စည်းများကို ဂျပန်နှင့် ပူးပေါင်း၍လည်းကောင်း၊ ဌာန၏ ဘတ်ဂျက်ငွေဖြင့်လည်းကောင်း တပ်ဆင်မည်ဖြစ်ကြောင်း လေကြောင်းညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက ဆိုသည်။

လေယာဉ်ကွင်းများ၏ အကျယ်အဝန်း၊ ရာသီဥတု၊ လေယာဉ်အဝင်အထွက်များ၊ လေယာဉ်ပြေးလမ်းများပေါ်မူတည်၍ တပ်ဆင်ရသည့် မြေပြင်ဆင်းသက်စနစ်များမှာလည်း ကွဲပြားကြောင်း၊ လေယာဉ်ကွင်း၏ အလျားအနံအရ ယင်းမြေပြင်ဆင်းသက်စနစ် တပ်ဆင်မရပါက နောက်ထပ်တစ်မျိုး လုပ်ဆောင်ရန် စဉ်းစားရန်လိုအပ်ကြောင်း၊ ထို့ပြင် လေယာဉ်မတော်တဆမှုများ မဖြစ်ပွားရေးအတွက် လုံခြုံရေး၊ ပြင်ဆင်ရေး၊ ပျံသန်းရေး၊ အုပ်ချုပ်ရေးစသည်တို့ ပါဝင်သည့် Safty Mangement System (SMS)စနစ်ကိုလေကြောင်းလိုင်းတိုင်းတွင် နေ့စဉ် စစ်ဆေးလျက်ရှိကြောင်း ၎င်းက ဆိုသည်။

လေဆိပ်လုပ်ကိုင်ခွင့်များပေးရာတွင်လည်း လေကြောင်းလမ်းညွှန် ဝန်ဆောင်မှုကို လေကြောင်းညွှန်ကြားမှု ဦးစီးဌာနကသာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ထွက်ပေါ်လာမည့် Airpot Authority Act အရ ဘေးကင်းလုံခြုံမှုများကို စစ်ဆေးသွားမည်ဖြစ်ကြောင်း ဦးဝင်းဆွေထွန်းက ထပ်မံပြောဆိုသည်။

လေကြောင်းညွှန်ကြားမှုဦးစီးဌာန အနေနှင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်မည်ဟု ကြေညာထားပြီးဖြစ်ရာ ယင်းသို့ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ လေယာဉ်မှူးများမှာ လေယာဉ်ဘေးကင်းလုံခြုံရေးအတွက် မြေပြင်ဆင်းသက်စနစ်များကို အားကိုးနေရသဖြင့် ယင်းစနစ်များ ထပ်မံတိုးတက်လုပ်ဆောင်သင့်ကြောင်း၊ အဆိုပါစနစ်များကြောင့် လေယာဉ်မတော်တဆမှုများလည်း လျော့နည်းသွားနိုင်ကြောင်း EVA Airline တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထို့အပြင် တိုးတက်လာမည့် မြေပြင်ဆင်းသက်စနစ်များနှင့်အညီ အချိန်ကိုက်လုပ်ဆောင်နိုင်ရန် လေယာဉ်များတွင်လည်း အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း၊ ဥပမာ-မြေပြင်ဆင်းသက်စနစ်များက နောက်ဆုံးပေါ်စနစ်ဆိုလျှင် လေယာဉ်ပျံရှိ စနစ်များကလည်း နောက်ဆုံးပေါ်ဖြစ်ရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

လေယာဉ်ဆင်းသက်သွားလာမှုများသည့်လေဆိပ်များ ဥပမာ- ဟဲဟိုး၊ ညောင်ဦး၊ မြိတ်လေဆိပ်များတွင် မြေပြင်ဆင်းသက်သည့်စနစ်များကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းစနစ်တပ်ဆင်ရန်အတွက် လေယာဉ်ပြေးလမ်းများကို ဦးစားပေးပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ယင်းအပြင် ထိုစနစ်ကို ခြောက်လတစ်ကြိမ် စစ်ဆေးပေးရကြောင်း လေကြောင်းညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထို့ပြင် ရာသီဥတုဆိုးရွားသည့် အခြေအနေမျိုးတွင် လေယာဉ်ကို လိုအပ်သည့်နေရာ ဆင်းသက်နိုင်ရန်သာမက မြေပြင်ဆင်းသက်ချိန်တွင် လေယာဉ်မှူး၏ လေယာဉ်ထိန်းကျောင်းမှုကို အထောက်အကူပြုစေရန် Auto Pilot စနစ်များကိုလည်း လေယာဉ်အတက်အဆင်းများသည့် လေဆိပ်များတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၄ တွင် ထွက်ပေါ်လာမည့် လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၏ Airpot Authority Act အရ လေကြောင်းလမ်းညွှန် ဝန်ဆောင်မှုများ တိုးတက်လာစေရန် ထိန်းကျောင်းပေးရန် လိုအပ်လာပြီဖြစ်၍ အမေရိကန်လေကြောင်းအာဏာပိုင်အဖွဲ့ (FAA) ၏ ဖိတ်ခေါ်မှုကြောင့် အမေရိကန်သို့ နှစ်ပတ်ကြာသွားရောက်လေ့လာရာတွင် နည်းပညာ အတွေ့အကြုံများရရှိလာရန်လည်း လိုအပ်ပေသည်။

မြန်မာနိုင်ငံသည် နိုင်ငံရေးအခင်းအကျင်း၊ စီးပွားရေးအခင်းအကျင်း ပြောင်းလဲလာမှုကြောင့် နိုင်ငံတကာ၏ စိတ်ဝင်စားမှုကိုရလာသဖြင့် ခရီးသွားဧည့်သည်တိုးတက်လာသည်နှင့် အမျှ လေကြောင်းလိုင်းများလည်း များလာသည်ဖြစ်ရာ ပြည်ပလေကြောင်းလိုင်း ၂၈ လိုင်း၊ ပြည်တွင်းလေကြောင်လိုင်းကိုးလိုင်း ပြေးဆွဲလျက်ရှိကြောင်း၊ လေကြောင်းညွှန်ကြားမှုဦးစီးဌာန၏ တရားဝင်စာရင်းများအရ သိရသည်။

**သဇင်ဦး**



ဓာတ်ပုံ - မြင့်မိုးညို



ဓာတ်ပုံ - မြင့်မိုးညို

**မြေပြင်ဆင်းသက်စနစ်များမှာ လေဆိပ်ကြီးများတွင် မဖြစ်မနေတပ်ဆင်ထားပြီး ထပ်မံ၍တပ်ဆင်ရန်လည်း ပြင်ဆင်ထားပြီးဖြစ်သည်ဟုဆိုသည်**

## တစ်ပတ်အတွင်း မန္တလေးသတင်းတိုများ

တန်ဖိုးနည်းဖုန်းရရှိရန် တန်းစီစဉ် လူသေဆုံးမှု ခိုက်ရန်ဖြစ်ပွားမှုများအထိ ဖြစ်ပေါ်ခဲ့သော မန္တလေးတိုင်းဒေသကြီးအတွင်း ဖေဖော်ဝါရီလအတွက် ချထားပေးမည့် တန်ဖိုးနည်း ဖုန်းဆင်းမ်ကတ်ခွဲတမ်းတွင် CDMA ဆင်းကတ်တစ်မျိုးတည်းသာ ပါဝင်ပြီး GSM မှာ လိုင်းကျပ်မည်ဖြစ်သဖြင့် ခွဲတမ်းယာယီရပ်နားထားပြီး တာဝါတိုင်များတည်ဆောက်မှုပြီးစီးသည့်အခါမှသာ GSM ကတ်များကို ထပ်မံချပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ဖေဖော်ဝါရီလအတွက် တန်ဖိုးနည်းမိုဘိုင်းလ်ဖုန်းဆင်းမ်ကတ်ခွဲတမ်းမှာ CDMA ကတ် ၄၆,၀၀၀ ကျော်ရရှိပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် သက်ဆိုင်ရာမြို့နယ်များအလိုက် ခွဲတမ်းချခဲ့ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရှိရသည်။

နိုင်ငံတကာရှိ နာမည်ကြီးသတင်းဌာန၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီတို့ ပူးပေါင်းကာ မြန်မာနိုင်ငံတွင် နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့လက်မှတ်ရသတင်းသင်တန်းကျောင်းကို ဇူလိုင်လအတွင်း ဖွင့်လှစ်ရန် စီစဉ်လျက် ရှိကြောင်း၊ ယင်းသင်တန်းကျောင်းဖွင့်လှစ်နိုင်ရန် အဓိက ဆောင်ရွက်လျက်ရှိသည့် ဆွီဒင်နိုင်ငံအခြေစိုက်သတင်းအဖွဲ့အစည်းတစ်ခုဖြစ်သော FOJO MEDIA INSTITUTE အဖွဲ့တာဝန်ရှိသူ Mrs. Fiona Barton ကပြောကြားသည်။

အဆိုပါကျောင်းအတွက် သင်တန်းဆရာများကို နိုင်ငံတကာမှ အတွေ့အကြုံရင့်သတင်းဆရာများနှင့် ပြည်တွင်းသတင်းစာဆရာကြီးများကို ရွေးချယ်သွားမည်ဖြစ်ကာ သင်တန်းကြေး သင့်တင့်သည့်နှုန်းထားဖြစ်ရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်တွင်းမှ မည်သူမဆိုတက်ရောက်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ပြည်တွင်းဆိုင်ကယ်ဈေးကွက်အတွင်း ဈေးကွက်ဝေစုအများဆုံးရရှိထားပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ပြည်တွင်းသို့ တင်သွင်းလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် မော်တော်ဆိုင်ကယ်များကို လက်ရှိနှစ်အတွင်း အစီးရေ ရှစ်သိန်းနီးပါးခန့် တင်သွင်းရန်လျာထားကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကုန်သည်ကြီးများအသင်း အတွင်းရေးမှူးချုပ် မစ္စတာဝမ်မင်းက ပြောကြားသည်။

မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံမှ နှစ်စဉ် မော်တော်ဆိုင်ကယ်စီးရေ ခုနစ်သိန်းခန့် တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၁၄ ခုနှစ် မော်တော်ဆိုင်ကယ် (မြန်မာ) ပြပွဲကို ပြခန်းပေါင်း ၈၀ကျော်ဖြင့် မတ်လ ၃ ရက်နေ့ မှ ၆ ရက်နေ့အထိ Mandalay Hill Resort Hotel တွင် ကျင်းပသွားမည်ဖြစ်ကာ အဆိုပါပြပွဲတွင် တရုတ်နိုင်ငံတွင် လူသိများသောမော်တော်ဆိုင်ကယ် ထုတ်လုပ်သူတို့၏ ကုန်ပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော်ကိုပြသသွားမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်ကြီးများအသင်းထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆိုင်ကယ်စီးရေ ခြောက်သိန်းနီးပါးရှိပြီး ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ စတင်ကာ ရက်ပေါင်း ၉၀ ခန့် ဆိုင်ကယ်လိုင်စင်ဆောင်ရွက်ပေးနေကြောင်း အဆိုပါဌာနထံမှ သိရသည်။ ■

# ဂုဏ်ယူဝမ်းမြောက်ခြင်း

လိုင်ဇာနှင့် လော်ဒီးလာ တိုင်းရင်းသားပေါင်းစုံ ငြိမ်းချမ်းရေး ညီလာခံ အတွက် ဝမ်းမြောက် ဂုဏ်ယူပါသည်။

မြန်မာ့အခင်းအကျင်းအသစ်တွင်ပါဝင်သူအပေါင်းကျန်းမာ၍ ငြိမ်းချမ်းစွာ သန်း ၆၀ သော ပြည်သူများအတွက် စစ်မှန်သော ဒီမိုကရေစီ ကိုဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ပြည်သူလူထု

## TECH ကလေးများအတွက် နွေရာသီ အထူးသင်တန်းများ

အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ပန်းချီ၊ ရေကူး၊ ဂီတနှင့်အကက

- အင်္ဂလိပ်စာသင်တန်း၌ 4-Skills သင်ကြားခြင်းဖြင့် ကျောင်းသင်ခန်းစာများနှင့်ဆက်စပ်သော Grammar အသုံးနှုန်းများကို လေ့ကျင့်စေရန် အထောက်ကူပြုပေးပါသည်။
- Computer သင်တန်းတွင် ယနေ့ခေတ်နှင့်အညီ IT Technology ကို လေ့လာရန်အခြေခံ အသုံးနှုန်းနှင့် သဘောတရားများကို နောက်ဆုံးပေါ် Software သုံး၍ သင်ကြားပေးပါသည်။
- ပန်းချီသင်တန်းကို အနုပညာကျောင်းဆင်း အတွေ့အကြုံရှိဆရာများမှ သင်ကြားပေးသည်။
- ဂီတတွင် စန္ဒယား ဂစ်တာများကို အနုပညာကျောင်းဆင်းဆရာမှ ဦးစီးသင်ကြားပေးပြီး အကကို Life & Dance ဆရာဦးမင်းမင်းထွန်းမှ ဦးစီး၍ စနစ်တကျသင်ကြားပေးမည်။

မတ်လ(၇)ရက်စမည်။

(၅)ဘာသာ၁၅%၊ (၄)ဘာသာ၁၀%၊ (၃)ဘာသာ ၅% လျှော့ချပေးမည်။

Ferry ရှိသည်။

အမှတ်(၁၁)၊အောင်မြေသာစည်လမ်း၊ဆင်ရေတွင်းမှတ်တိုင်၊တာမွေ။ ☎ 01 523579, 01 2304055, 09 49341594, 09 73043681

## Marvel Language Academy

အင်္ဂလိပ်စာနှင့် တရုတ်စာ 4 Skills နှင့် စကားပြောသီးသန့် နွေရာသီတန်းခွဲသစ်များ စတင်ဖွင့်လှစ်ပါတော့မည်။ ဖေဖော်ဝါရီလ (၁၉) ရက်နေ့မှ မတ်လ (၁၀) ရက်နေ့ထိ သင်တန်းလာရောက်အပ်နှံသူများအား **10% Discount** ပေးပါမည်။

ဖုန်း - ၀၁-၉၀၀၀၀၇၂ (လိုင်းခွဲ ၁၂၀၃)၊ ၀၉ ၇၃၂၅၆၂၄၁၊ ၀၉ ၇၃၀၅၆၈၀၂

လိပ်စာ - အခန်း (၂၀၃)၊ ဒုတိယထပ်၊ လမင်းသာယာကွန်ဒို၊ စက်ရုံလမ်းနှင့် ပိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

## FARMER AUTO ၏မော်တော်ယာဉ်ဝယ်ယူသူများအတွက်သတင်းကောင်း

- မော်ဒယ်မြင့်၊ဆီစားသက်သာပြီး၊parking ထိုးရလွယ်ကူသော Toyota Vitz, Passo, Belta, Ractis, Suzuki Swift, Honda Fit(GD1,GE6), Honda Insight, Honda Civic, Mazda Demio, Nissan Tiida Latio, Mitsubishi Colt ကားများနှင့် မိသားစုသုံး၊လုပ်ငန်းသုံး Toyota Probox, Succeed, AD Van, Mazda Familia Van များရှိပါသည်။
- လုပ်ငန်းသုံး Toyota Vigo(Smart Cub),Toyota Hilux,TownAce, LiteAce, Mazda Bongo, Nissan Vanette, Suzuki Carry နှင့် Hijet ကားများလည်းရှိပါသည်။
- နံပါတ်အနီ(Taxi)ဖြင့် Toyota Probox, Succeed, Nissan AD Van ကားများလည်း ရရှိနိုင်ပါသည်။
- ကားအားလုံးအရစ်ကျစနစ်ဖြင့်(၁၂)လ၊(၂၄)လ ဝယ်ယူနိုင်ပါသည်။

ပြခန်း(၁)-အမှတ်(၆၄)၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၅၄၂၉၄၄၊၅၄၆၆၆၅၊၅၄၆၃၅၅။

ပြခန်း(၂)-အမှတ်(၁၉)ပြည်လမ်း၊(Ocean Centerရှေ့)မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၆၆၁၅၈၈။

ပြခန်း(၃)-အမှတ်(၅)၊အထက်ပုဇွန်တောင်လမ်း၊စက်ဆန်း၊ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၄၉၁၀၁၇။

ပြခန်း(၄)-အမှတ်(၃၈)၊အင်းစိန်လမ်း၊(၉)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁ ၅၀၀၉၅၈၊၀၉ ၃၁၅၈၉၆၄၃၊

Service Centre - အမှတ်(၁၂၂)၊ခိုင်ရွှေဝါလမ်း၊(၃)ရပ်ကွက်၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။

မန္တလေး - အမှတ်(၅၁၆)၊ရန်ကုန်- မန္တလေးလမ်း၊(ကျွဲဆည်ကန်မီးပွိုင့်အနီး)။ ဖုန်း-၀၂ ၅၉၅၉၂။

နေပြည်တော် - အမှတ်(၄၁၁၂)၊ရာဇဌာနီလမ်း၊ပေါင်းလောင်း(၂)ရပ်ကွက်။ ဖုန်း-၀၉ ၇၃၄၉၁၀၂၃။

မကွေး - နတ်မောက်လမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊မကွေး။ ဖုန်း-၀၉ ၃၁၈၂၄၀၄၇။

## FREE COPY

Standard Golf Magazine ကို ၂၀၀၁ ခုနှစ်တွင် Myanmar Fairway Golf Magazine အမည်ဖြင့် စတင်ထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံတွင် မြန်မာဘာသာသက်သက်ဖြင့် ပထမဦးဆုံးထုတ်ဝေဖြန့်ချိခဲ့သော ဂေါက်မဂ္ဂဇင်းဖြစ်ပါသည်။ ယင်းမဂ္ဂဇင်းကို ယနေ့အထိ သက်တမ်း ၁၂ နှစ်တိုင်တိုင် လစဉ်ထုတ် မဂ္ဂဇင်းအဖြစ် စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။

Standard Golf Magazine ကို လာမည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလထုတ်မှ စတင်ပြီး လစဉ် **'အခမဲ့'** ဖတ်ရှုနိုင်သော မဂ္ဂဇင်း (Free Copy) အဖြစ် ဂေါက်သီးသမားများအကြားတွင် ပိုမိုပျံ့နှံ့အောင် ထုတ်ဝေသွားမည်ဖြစ်ပါသည်။ ဂေါက်သီးသမားများအနေဖြင့် လစဉ်ပုံမှန်ဖတ်ရှုနေရသည့် အစန်းကဏ္ဍများအပြင် ခေတ်မီဂေါက်သင်ခန်းစာများ၊ ဂေါက်သီးအတွေ့အကြုံ ဆောင်းပါးများ၊ သတင်းများ၊ ဂေါက်သီးပစ္စည်း အသစ်အဆန်းများကိုပါ ပိုမိုပြည့်စုံစွာ တင်ပြသွားနိုင်ရန် အထူးကြိုးပမ်းလုပ်ဆောင်နေကြောင်းကိုလည်း အသိပေးအပ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ် Standard Golf Magazine ကို ဂေါက်ကွင်းများ၊ ဂေါက်လေ့ကျင့်ကွင်းများ၊ ဂေါက်ပစ္စည်းအရောင်းဆိုင်များ၊ Pro Shop များနှင့် စာအုပ်ဆိုင်ကြီးများတွင် Free Copy အဖြစ် ဂေါက်သီးသမားတိုင်း၊ စိတ်ဝင်စားသူတိုင်း အခမဲ့ရယူဖတ်ရှုနိုင်ပါပြီ။ နယ်မြို့များမှ အိမ်တိုင်ယာရောက် ရယူလိုသူများအတွက်လည်း စာအုပ်ပို့ခ တစ်နှစ်စာ ၇၅၀၀/- ကိုသာ မဂ္ဂဇင်းတိုက်တွင် ကြိုတင်ပေးသွင်း၍ ဖတ်ရှုနိုင်ပါသည်။

မဂ္ဂဇင်းကြော်ငြာ ထည့်သွင်းလိုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အောက်ပါလိပ်စာအတိုင်းဆက်သွယ်၍ ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**Standard Golf Magazine**
**Standard House Golf & Accessories**
No.9, 6 mile, Pyay Road, Hlaing Township.
Phone: 01-527638

LIVING COLOR MEDIA က စီစဉ်ထုတ်ဝေသည့်

# The VOICE Daily သတင်းစာတွင်

**စီးပွားရေး** ကြော်ငြာ
**လူမှုရေး** ကြော်ငြာ
**အမိန့်** ကြော်ငြာစာများ

မိမိလိုချင်သော အရွယ်အစားအလိုက် အဖြူအမည်း (သို့) ကာလာဖြင့် ထည့်သွင်းကြော်ငြာခြင်းများကို ဈေးနှုန်းချိုသာစွာ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

❋ လူမှုရေးကြော်ငြာများကို အထူးဈေးနှုန်းဖြင့် လက်ခံဆောင်ရွက်ပေးနေပါပြီ။ ❋

ကြော်ငြာထည့်သွင်းလိုပါက ဖုန်း - ၀၉ ၅၁၇ ၆၈၃၅ ၊ ၀၉ ၄၂၁၁၀ ၇၇၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# စစ်တပ်ဖြင့် ဒီမိုကရေစီဖော်ဆောင်ခြင်း (၇)

တင်ညွန့်

**ဗျူ ရိုကရက်အာဏာရှင်ခေတ်တွင် အာဏာရှင်တို့သည် အရပ်သားအဖွဲ့အစည်းများကို အုပ်ချုပ်ရေးပိုင်းသို့ ပိုမိုထည့်သွင်းနေရာပေးလာကြသည်။ အထူးသဖြင့် စက်မှုလုပ်ငန်းရှင်ကြီးများ၊ ပညာရှင်များကို အုပ်ချုပ်ရေးအဖွဲ့အတွင်းနေရာပေးပြီး မြှောက်စားထားကြသည်။ အစိုးရအဖွဲ့တွင် ပြည်တွင်းတတ်သိပညာရှင်အားလုံးကို သိမ်းကျုံးထည့်သွင်းထားခြင်းမှာ နိုင်ငံတကာလုပ်ငန်းအဖွဲ့အစည်းကြီးများ၏ လေးစားမှုကိုရယူရန်ဖြစ်သည်။ အထူးသဖြင့် MNC (Multinational Corporations) အဖွဲ့အစည်းများ၏ အားပေးထောက်ခံမှုရလျှင် နောက်ကွယ်၌ပြည်သူကို အစွမ်းကုန်ဖိနှိပ်ရန်မှတစ်ပါး အခြားအကြောင်းမရှိဟု အာဂျင်တီးနားနိုင်ငံ နိုင်ငံရေးသိပ္ပံပညာရှင် ဂူလာမိုအိုဒွန်နဲလ်က အဓိပ္ပာယ်ဖွင့်ဆိုခဲ့ဖူးသည်။**




အိုဒွန်နဲလ်က ဗျူရိုကရက်တစ်အာဏာရှင်ခေတ်တွင် စီးပွားရေးနှင့် နိုင်ငံရေးအခန်းကဏ္ဍများ၊ လက်တင်အမေရိကတွင် တိုးတက်ဖွံ့ဖြိုးခဲ့ကြောင်းကိုလည်း ထောက်ပြခဲ့သည်။ လက်တင်အမေရိကတိုက်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ခဲ့ရခြင်းမှာ လိုအပ်သည့်အရင်းအနှီးများနှင့် နည်းပညာအထောက်အပံ့များရရှိခဲ့သောကြောင့်ဖြစ်သည်။ ထိုအချိန်က အရင်းအနှီးထည့်ဝင် ပေးမည့်သူများလည်းရှိပြီး နည်းပညာအထောက်အပံ့များရရှိခြင်းမှာ နိုင်ငံတကာအဖွဲ့အစည်းကြီးများက ယုံကြည်လက်ခံပြီး ထောက်ခံခဲ့ကြသောကြောင့်ဖြစ်သည်။ သို့သော် MNC အဖွဲ့နှင့် ပြည်တွင်းကုမ္ပဏီများ၊ ဝန်လေးနေသည့် အကြောင်းအချက်များရှိနေသည်။ ယင်းမှာ ထိုနိုင်ငံများတွင် အလုပ်သမားတွေကလည်း သပိတ်မှောက်၊ ပြည်သူတွေကလည်း မကြာခဏဆန္ဒပြနေကြသည့်အပြင် လက်ဝဲဝါဒီများကိုလည်း ပြည်သူတွေက ထောက်ခံအားပေးမှုများ ရှိနေခြင်းဖြစ်သည်။ လက်တင်အမေရိကတိုက်နိုင်ငံများတွင် ထိုပြဿနာများကြောင့် ယခင်ကတည်း စီးပွားရေး ဖွံ့ဖြိုးတန်သလောက် မဖွံ့ဖြိုးခြင်း၊ ငွေကြေးဖောင်းပွမှုများရှိနေခြင်း၊ အလုပ်သမားတို့၏ လူနေမှုဘဝများကလည်း နိမ့်ကျနေခြင်းများရှိခဲ့သည်။

စစ်တပ်သည် အစွန်းရောက်ဝါဒီများ ထကြွသောင်းကျန်းမှု၊ ပြည်သူလူထုအတွင်း သဘောထားကွဲလွဲနေမှုများကို အခြေအနေစောင့်ကြည့် အကဲခတ်နေသည်။ အာဂျင်တီးနား၊ ချီလီနှင့် ဥရုဂွေးတို့တွင် မြို့ပေါ်နေပြောက်ကျားသူပုန်များသည် အဆိုးဆုံးဒုက္ခပေးနေကြသူများဖြစ်သည်။ ဗျူရိုကရေစီအာဏာရှင်တို့၏ ပန်းတိုင်သည် ထိုလက်ဝဲဝါဒီများကို ချေမှုန်းရေးဖြစ်သည်။ သူတို့ကို ဒုက္ခပေးနိုင်သည့်သမဂ္ဂများ၊ နိုင်ငံရေးပါတီများနှင့် ပြောက်ကျားလုပ်ရှားမှုမှန်သမျှ နှိမ်နင်းနိုင်မှသာ အုပ်ချုပ်ရေးကို သူတို့ကိုင်တွယ်ထိန်းကျောင်းနိုင်မည်ဖြစ်သည်။ ထိုအဖွဲ့အစည်းများကို ထိန်းနိုင်လျှင် လုပ်ခလစာများကိုလည်း ထိန်းချုပ်ကန့်သတ်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်နိုင်မည်၊ နိုင်ငံတော်တည်ငြိမ်အောင်လည်း လုပ်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ပြီး ပြည်တွင်းလုပ်ငန်းရှင်များကို ထိန်းနိုင်ပြီဆိုလျှင် ငွေကြေးဖောင်းပွမှုလည်းတည်ငြိမ်နိုင်ပြီး စီးပွားရေးလည်း ပြန်လည်ပြီး တည်ငြိမ်လာမည်ဆိုခြင်းကို အာဏာရှင်တို့က သိပြီးဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်အတွင်း ခေါင်းထောင်ထမှု၏ အဓိကလက်သည်တရားခံဖြစ်သော လက်ဝဲယိမ်းများ၊ ကွန်မြူနစ်များကို အကြောင်းအမျိုးမျိုးပြကာနှိမ်နင်းပြီး နိုင်ငံရေးပါတီများကို ဖျက်သိမ်းရန်မှတစ်ပါး အခြားနည်းလမ်းမရှိပေ။ သူတို့အုပ်ချုပ်နေချိန်တွင် နိုင်ငံရေးဆိုသည်မှာ လူတိုင်းနှင့်မဆိုင်၊ လူတိုင်းနိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်း မရှိနိုင်စေရန် နှိမ်ထားမှသာ တိုင်းပြည်ကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်မည်ဖြစ်ကြောင်း စစ်ခေါင်းဆောင်များက ကောင်းစွာ ရှုမြင်သုံးသပ်ထားကြပြီးဖြစ်သည်။ စစ်တပ်အုပ်စိုးနေသမျှကာလပတ်လုံး သူတို့ပြောနေသည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိနိုင်ရေးဆိုသည်မှာ ဒီမိုကရေစီရေးကိုအကြောင်းပြုပြီး လမ်းပေါ်သို့ လူတွေကို မောင်းချနေသူများကို နှိမ်နင်းထားနိုင်မှသာ အုပ်ချုပ်ရေးကိုကောင်းစွာ လုပ်ကိုင်နိုင်မည်ဟု ယူဆထားခဲ့ကြသည်။

တစ်ချိန်တည်းတွင် စစ်တပ်သည် သူတို့ကိုပုန်ကန်မည့်သူများကို နှိမ်နင်းသည့်အပြင် ပုဂ္ဂလိကအခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးနိုင်ရန် ကြိုးစားနေကြရသည်။ နိုင်ငံတော်တွင် ဆူပူမှုများ၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် စီးပွားရေးပျက်သုဉ်းပြီး လူမှုရေးများလည်း နိမ့်ကျခဲ့ရသည်။ နိုင်ငံမတည်ငြိမ်လျှင် စီးပွားရေး၊ လူမှုရေး မည်မျှကောင်းအောင်လုပ်သည်ဆိုစေ အောင်မြင်နိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အာဏာရှင်အစိုးရတို့သည် အနည်းဆုံးလုပ်ခလစာများကို သတ်မှတ်ပေးရခြင်း၊ သို့မဟုတ်လုပ်ငန်းများကို နိုင်ငံပိုင်အဖြစ် သတ်မှတ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်နေဝင်းအစိုးရတက်လာစဉ်က တစ်နိုင်ငံလုံးရှိ ပါတီအသင်းအဖွဲ့များကို ဖျက်ခဲ့ခြင်း၊ ပြည်သူပိုင်သိမ်းခြင်း၊ ဆိုရှယ်လစ်နိုင်ငံထူထောင်မည်ဟု ကြေညာခဲ့ခြင်းများနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ စစ်တပ်သည် အကြောင်းအမျိုးမျိုးကြောင့် အာဏာကို မလွှဲမရှောင်သာသဖြင့် သိမ်းပိုက်လိုက်ရပါသည်ဟု မည်မျှပင်အော်သည်ဖြစ်စေ သူတို့တွင် မူလကတည်းက ဘာဖြစ်လျှင် ဘာလုပ်မည်ဆိုသည့် ရည်ရွယ်ချက်များ၊ ဦးတည်ချက်များမရှိဘဲနှင့် လက်ရှိတိုင်းပြည်၏ ဆိုးရွားသောအနေအထားများကို မည်သို့မျှ ထိန်းသိမ်းနိုင်စွမ်းရှိမည် မဟုတ်ပေ။ သို့ဖြစ်ရာ မတော်တဆ အာဏာသိမ်းလိုက်ရခြင်း၊ မလွှဲမရှောင်သာသောကြောင့်အာဏာသိမ်းလိုက်ရခြင်းဆိုသည့် အနေအထားမျိုးသည် စည်းကမ်းနှင့် စနစ်နှင့် လုပ်ဆောင်တတ်သော တပ်မတော်တစ်ခုတွင် မရှိနိုင်ဟု ဆိုရမည်သာဖြစ်သည်။ စစ်တပ်၏ပတ်သက်သမျှသည် အသေးစိတ်ပြင်ဆင်ထားပြီးသားဖြစ်သည်။ သူတို့အတိအကျ လုပ်ငန်းအကောင်အထည်ဖော်ကြရမည့် 'မဟာစီမံကိန်းများ' ရှိပြီးဖြစ်သည်။ ယခုဘာတွေဖြစ်နေသည်၊ ဘာဖြစ်လျှင် ဘာလုပ်ရမည်၊ ဘာလုပ်လိုက်လျှင် ဘာဖြစ်သွားမည်ဆိုသည့် အခြေခံတွက်ဆမှုများ၊ မှန်းဆမှုများ၊ လုပ်ဆောင်မှုများသည် တိုက်ပွဲတစ်ပွဲကို ဆင်နွှဲရာတွင် ဗျူဟာချမှတ်လုပ်ဆောင်တတ်သူများအဖို့ ခက်ခဲသည့်ကိစ္စတစ်ခု မဖြစ်နိုင်ပေ။

## တော်လှန်ရေးအစိုးရများခေတ်

ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများတွင် စစ်တပ်၏နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုသည် ဗျူရိုကရက်အာဏာရှင်ခေတ်နှင့် လုံးဝကွဲပြားခြားနားသွားသည်။ သူတိုသည့် နိုင်ငံရေးအာဏာကို သိမ်းပိုက်ရာ၌ ရှေးရိုးစွဲဆန်ဆန် လမ်းစဉ်များအတိုင်း ချမှတ်အကောင်အထည်ဖော်လေ့ရှိသည်။ နိုင်ငံရေးကို ဖယ်ထုတ်ပြီး သတ်ပစ်ထားမည့်အစား ယခင်အာဏာရှင်များ၊ သတ်ထားသည့်ပါတီနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းများကိုပြန်ပြီးနေရာပေးတတ်သည်။ အချို့သော ပုဂ္ဂလိကလုပ်ငန်းများကို နိုင်ငံပိုင်လုပ်ငန်းများအဖြစ် သိမ်းပိုက်ထားဆဲဖြစ်သည်။ နိုင်ငံရေးအခန်းကဏ္ဍကို လမ်းဖွင့်ပေးထားသည်ဆိုသော်လည်း အာဏာပိုင်များက တင်းကျပ်စွာ ထိန်းချုပ်ထားမှုအောက်တွင် အကန့်အသတ်ဖြင့်သာ လှုပ်ရှားနိုင်ကြသည့် အနေအထားတွင် ရှိနေဆဲဖြစ်သည်။

အာဖရိကတိုက်တွင် မာ့က်စ်ဝါဒီစစ်တပ်အာဏာရှင်များ၊ စိုးမိုးအုပ်ချုပ်သွားသည့်ခေတ်ကာလများရှိခဲ့သည်။ စစ်တပ်ဆိုသော်လည်း တော်လှန်ရေးကိုမာ့က်စ်ဝါဒယုံကြည်သူများက လုပ်ဆောင်ကြပြီး တော်လှန်သမား စစ်တပ်ပုံစံဖွဲ့စည်းထားသည့် ပြောက်ကျားများက အာဏာရလာသောအခါ ကွန်မြူနစ်အယူအဆများကို ရှေ့တန်းတင်လာကြကြောင်းတွေ့ရသည်။ ဥပမာ–ယဉ်ကျေးမှုတော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ တောင်သူလယ်သမား၊ အလုပ်သမားစည်းလုံးညီညွတ်ရေး၊ ပုဂ္ဂလိကလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်ရေး၊ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား အကျိုးစီးပွားများနှင့် ရင်းမြစ်များကို ခွဲဝေသုံးစွဲရေးစသည့် ကွန်မြူနစ်နိုင်ငံကြီးများတွင် အသုံးပြုတတ်သော စကားလုံးကြီးများကို ပြည်သူအတွင်း ပစ်သွင်းပြီးလေလုံးဖြင့် ဖိသတ်ထားလေ့ရှိကြသည်။

တော်လှန်ရေးတွင်ပါဝင်ခဲ့ကြသော စစ်သားများသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ရှေ့တန်းကဦးစီးဦးဆောင်ပြုလုပ် ကြရသူများဖြစ်လာသည်။ တော်လှန်ရေးကမွေးဖွားလာသဖြင့် အလိုလိုမြင့်မြတ်သူများ၊ ဖြစ်သွားကြကာ အားလုံးကို ကိုယ့် လက်အောက်ငယ်သားများပမာ သဘောထားဆက်ဆံလာမှုများကိုလည်း တွေ့ရသည်။

တော်လှန်ရေးဖြင့်အာဏာရလာသည့် စစ်တပ်သည် မိမိတို့သဘောထားများကို ထုတ်ပြန်ကြေညာပြီးမှ အုပ်ချုပ်လေ့ရှိသည်။ အီသီယိုပီးယား၊ ဆူဒန်၊ ဆိုမာလီ၊ ကွန်ဂို-ဘရာဇာဗီးလ်၊ ဘီနင်း (ယခင် ဒါဟိုမေ) နှင့် မာဒါဂက်စ်ကာ နိုင်ငံများတွင် တော်လှန်ရေးဖြင့် တက်လာသော အစိုးရများသည် မိမိတို့ လမ်းစဉ်နှင့် သဘောထားများကို ကြိုတင်ကြေညာပြီးမှ အုပ်ချုပ်ကြကြောင်းတွေ့ရသည်။

အခြား အာဖရိကတိုက်နေရာများတွင် စစ်အာဏာရှင်တို့ အုပ်စိုးခဲ့သည့်နည်းတူ တော်လှန်ရေးအောင်ပွဲရကာ တက်လာသော အစိုးရများတွင် နိုင်ငံရေးအတွေ့အကြုံနှင့် လူမှုရေးဆိုင်ရာ အလေ့အကျင့်များ၊ အားနည်းကြသည်။ သူတို့သည် ယခင်အုပ်ချုပ်သွားသည့် စစ်ခေါင်းဆောင်များထက် သူတို့ကိုယ်သူတို့ ပညာပိုတတ်သယောင် ဟန်ဆောင်ကောင်းကြသည်။ အထူးသဖြင့် ထိုစဉ်ကခေတ်စားသော မာ့က်စ်ဝါဒဆိုင်ရာ သဘောတရားများကို သူတို့သည် ကိုယ်တိုင်လေ့လာ တတ်ကျွမ်းခဲ့သူများဖြစ်ကြသည်ကများသည်။ လက်တွေ့မပါသော သဘောတရားများကို ကျက်မှတ်ပြီး ဝါဒသဘောတရားရေးဆရာကြီးများအသွင် ဖမ်းထားသောကြောင့် သူတို့လုပ်ဆောင်မှုများသည် လက်တွေ့ဘဝနှင့် အံဝင်ခွင်ကျရန်ထက် စိတ်ကူးယဉ်ဆန်သည့် သဘောတရားများကို လက်တွေ့အကောင်အထည်လိုက်ဖော်နေရသလိုလည်း ဖြစ်နေတတ်သည်။

မာ့က်စ်ဝါဒီတို့သည် သူတို့ကိုယ်သူတို့ အမျိုးသားရေးဝါဒီများအဖြစ် ခံယူလေ့ရှိကြသည်။ သို့ဖြစ်ရာ ဥရောပလွှမ်းမိုးမှုများ၊ အနောက်ကြောက်ရောဂါရှိကြသူများဖြစ်တတ်သည်။ သို့ဖြစ်ရာ ကိုလိုနီနယ်ချဲ့တို့ကို တိုက်ထုတ်ရေးသည် သူတို့၏ မဟာတာဝန်ကြီးတစ်ခုဟုမှတ်ယူထားပြီး တစ်ခါတစ်ရံ မရှိသည့်ရန်သူကိုပင် ရှာကြံတိုက်နေကြသူများဟုဆိုရမည်။

အချို့သော တော်လှန်ရေးခေါင်းဆောင်များသည် အလွန်စကားပြောကောင်းကြပြီး နှုတ်မှုရေးရာ ကြွယ်ဝကြသူများဖြစ်ကြသည်။ ထို့ကြောင့်သူတို့အာဏာသိမ်းရသည်ကို အလုပ်သမား၊ လယ်သမား၊ လူတန်းစားများနှင့် ရောထွေးပြီး တော်လှန်ရေးအောင်ပွဲတစ်ရပ်ကို မျှဝေခံစားမည်ဟုဆိုသူကဆို၊ တိုင်းပြည်နှင့် ပြည်သူကို ခေတ်ပြောင်း တော်လှန်ရေးနှင့်အတူ ဘဝတွေပါပြောင်းစေရမည်ဟု မက်လုံးပေးသူကပေးနှင့် ပြည်သူတို့သည် ထိုသူတို့၏အပြောတွင် နှစ်ပေါင်းများစွာ မျောပါသွားခဲ့ရမှုများလည်း ရှိခဲ့သည်။ မည်သို့ဆိုစေ ထိုသူတို့သည်လည်း အာဏာရှင်များလက်ထဲမှ အာဏာကို ပြန်လုကာ အာဏာတည်ဆောက်နိုင်စေရန် ကြိုးပမ်းနေကြသူများဖြစ်ကြောင်းကို ပြည်သူတို့အား မျက်စိလှည့်ထားကြခြင်းသာဖြစ်သည်။

အီသီယိုပီးယားနိုင်ငံမှ ဗိုလ်မှူးကြီးမန်ဂျစ်စုအစိုးရသည် အာဖရိကတိုက်တွင် ရှေးအဆန်ဆုံးအုပ်ချုပ်သွားသူတစ်ယောက်ဟုဆိုနိုင်သည်။ သူသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒများကို နားမယောင်၊ အကာအကွယ်မယူဘဲ သုံးနှစ်တိုင် အာဏာရှင်အစိုးရအဖွဲ့ကို ထူထောင်ပြီး အုပ်ချုပ်သွားနိုင်ခဲ့သူဖြစ်သည်။

ဒါဟိုမီတွင်လည်း ဗိုလ်ချုပ် မားသရူးကီရကောင်းသည် သူ့အစိုးရကို မာ့စ်ဝါဒီအစိုးရဟု ပြောင်ပြောင်တင်းတင်းကြေညာပြီး 'တော်လှန်ရေးကောင်စီ' ကို ဖွဲ့စည်းထူထောင်ကာ အုပ်ချုပ်သွားခဲ့သူဖြစ်သည်။ သို့သော် သူဖွဲ့စည်းထားသည့် တော်လှန်ရေးကောင်စီဆိုသည်မှာ အုပ်ချုပ်ရေးအဖွဲ့ကို ထောက်လှမ်းစောင့်ကြည့်ရန်သာဖြစ်ပြီး စကားလုံးလှလှလေးသုံးကာ တိုင်းပြည်တွင် နေရာယူထားခြင်းသာဖြစ်သည်။

အာဖရိကတိုက် တော်လှန်ရေးအစိုးရများထဲတွင် လက်ဝဲဝါဒီများဆိုသော်လည်း မာ့စ်ဝါဒကို လက်ခံကျင့်သုံးခြင်းမရှိသော အစိုးရများပေါ်ထွက်ခဲ့ဖူးသည်။ လစ်ဗျား၊ အီရတ်၊ မြန်မာ၊ ပနားမားနှင့် ပီရူးနိုင်ငံများတွင် စစ်တပ်ကတက်လာသော စစ်ခေါင်းဆောင်များနှင့် အုပ်ချုပ်ရေးကို အကောင်အထည်ဖော်သွားသော်လည်း သူတို့သည် မာ့စ်ဝါဒကိုအကြွင်းမဲ့လက်ခံသည့် ကွန်မြူနစ်အစိုးရများ မဟုတ်ကြပေ။

၁၉၆၈ ခုနှစ်တွင် ပီရူးနိုင်ငံ၌ စစ်တပ်က အာဏာသိမ်းခဲ့သည်။ စစ်တပ်သည် အရပ်သားအစိုးရတို့၏ အာဏာကိုလျှော့ချလိုသည့်သဘောဖြင့် အလုပ်သမား၊ လယ်သမား၊ မြို့ပြဆင်းရဲသားများကို နိုင်ငံရေးလောကထဲ အတင်းဆွဲသွင်းလိုက်သည်။ မသိနားမလည်သူများကို အစိုးရအဖွဲ့အတွင်း ထည့်သွင်းလိုက်ခြင်းကြောင့် မည်သူတွေကို လွှမ်းမိုးချုပ်ကိုင်နိုင်မည်ဆိုသည်ကို သဘောပေါက်ကြမည်ထင်ပါသည်။ အများအမြင်တွင် ကွန်မြူနစ်ဟုမကြေညာသူများက ကွန်မြူနစ်လုပ်ထုံးလုပ်နည်းအတိုင်း အောက်ခြေလူတန်းစားကို အစိုးရအဖွဲ့အတွင်းသွင်းကာ အုပ်ချုပ်ခြင်းသည် ပြည်သူ့အစိုးရဟု ထင်မြင်စရာရှိသော်လည်း စစ်တပ်ကအုပ်စိုးထားသည့်အာဏာအောက်တွင် ပြားပြားမှောက်ကြောက်နေရသော အစိုးရသာဖြစ်သဖြင့် အမြင်သာပြောင်းပြီး အသွင်မပြောင်းသော စစ်အာဏာရှင်နည်းသစ်အုပ်ချုပ်ရေးဟုဆိုရမည်သာဖြစ်သည်။ ထိုစနစ်များသည် ပနားမားနှင့် အီကွေဒေါ နိုင်ငံတို့တွင် တစ်ချိန်ကခေတ်စားခဲ့သည်။

**Ref : The Challenge of Third World Development, Howard Handelman**


ပေါ့ပါးလွတ်လပ်မှု နှင့် ယုံကြည်မှု အမြင့်မားဆုံးပေးမယ့် အမျိုးသားအတွင်းခံ
ROMANTIC
SHARING
Superior Quality Underwears for Men
Phone: 09 - 4315 8648, 02 - 30868


SETRA
DIGITAL WEIGHING SCALE
Since 2003
စိတ္တ
5,000 Ks
10,000 Ks
Bathroom Scale
Ph: 09-731 35270, 09-731 45270, 09-731 65270


The only way to go!
Elite
Express


အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းနှင့်ရောဂါများကို
ကာကွယ်ထားမယ်...
Protec
အနီရောင်စပျစ်စေ့မှ ထုတ်လုပ်ထားသော
အစွမ်းထက် Anti-Oxidant

# တစ်ပတ်အတွင်းသတင်း

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ပြန်ပြင်

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်တွင် မြန်မာနိုင်ငံက ကာရံထားသည့် နယ်စပ်ခြံစည်းရိုး၊ နယ်မြေတစ်မှ နယ်မြေခုနစ်အထိ(မိုင် ၁၅၀ခန့် အရှည်) သံဆူးကြိုးများ ပျက်စီးသွားသဖြင့် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ကာ ပြန်လည်ပြုပြင်နေကြောင်း မောင်တောခရိုင်ရှိ စစ်အင်ဂျင်နီယာတပ်ဖွဲ့(ဂျီအီး)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သံဆူးကြိုးများ ဟောင်းနွမ်းလာခြင်း၊ ခြံစည်းရိုးအောက်ခြေပိုင်းတွင် မြက်ပင်၊ ချုံနွယ်ပိတ်ပေါင်းထခြင်း၊ ဆားငန်ရေများ ရောက်သဖြင့် သံဆူးကြိုးများ လျင်မြန်ပျက်စီးသွားသဖြင့် ခြံစည်းရိုးကို ပြုပြင်ရခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ ပြန်လည်ပြုပြင်ရာတွင် ဆားငန်ရေများ မရောက်နိုင်အောင် ခြံစည်းရိုးအောက်ခြေကို ၁၄ ပေ အကျယ်ရှိ ကွန်ကရစ်ဖောင်ဒေးရှင်းများဖြင့် အခိုင်အမာ ပြုလုပ်နေကြောင်း မောင်တောခရိုင် နယ်မြေ(၃) ဂျီအီးတပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ခြံစည်းရိုးကို ပြုပြင်ရာတွင် ဆားငန်ရေမထိအောင် လုပ်သည်ဆိုသော်လည်း ဆားဓာတ်အငွေ့များ ရိုက်မည်ဖြစ်သောကြောင့် တာရှည်ခံနိုင်မည်မဟုတ်ကြောင်း၊ ခြံစည်းရိုးပြုပြင်ရာတွင် ယခင်အသုံးပြုခဲ့သည့် သံဆူးကြိုးများကို ပြန်လည်မွမ်းမံကာ အသုံးပြုနေသည်ကို တွေ့ရကြောင်း ဒေသခံများက ပြောဆိုကြသည်။

**The Voice Daily. Vol.1/No.279**

## Taxi ယာဉ်မောင်းနှင့် ခရီးသည်ကို ရိုက်နှက်ခဲ့သည့် ပြိုင်ကားပေါ်မှ လူငယ်ငါးဦးကို မိဘများ ရဲစခန်းထံအပ်နှံ

ရန်ကုန်မြို့တော် လှိုင်မြို့နယ် ခြောက်မိုင်ခွဲပြည်လမ်းမပေါ်တွင် လွန်ခဲ့သော ၁၀ရက် ဖေဖော်ဝါရီ ၁၆ရက်နေ့ နံနက် ၁နာရီကျော်က Taxi ယာဉ်မောင်းနှင့် ခရီးသည်ကို ပြိုင်ကားငါးစီးပေါ်မှ လူငယ်များက ဘေ့စ်ဘောတုတ်ဖြင့် ရိုက်နှက်ပြီး အုတ်ခဲများဖြင့် ထုနှက်ခဲ့သည့် လူငယ်ငါးဦးကို ၎င်းတို့၏ မိဘများက ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညနေ ၆နာရီခန့်၌ လှိုင်မြို့မရဲစခန်းထံ အပ်နှံခဲ့ကြောင်း အဆိုပါရဲစခန်းမှ ရဲအရာရှိတစ်ဦးက TheVoice သို့ ပြောကြားသည်။ အဆိုပါ ရိုက်နှက်မှုတွင် မရမ်းကုန်းမြို့နယ် ၂ရပ်ကွက်တွင် နေထိုင်သူများဖြစ်သော အသက် ၂၁နှစ် အရွယ် ကိုကိုနိုင် နှင့် အသက် ၂၀အရွယ် ကိုဇာနည်ထက်ဝေ (ခ) ဇာနည် (ခ) ကိုထက် ၊ လှိုင်မြို့နယ် ၂ရပ်ကွက်တွင် နေထိုင်သူ အသက် ၂၀ အရွယ် ကိုဝေယံလင်း ၊ တောင်ဥက္ကလာပ မြို့နယ် ၃ရပ်ကွက်တွင်နေသူ အသက်၁၈နှစ် အရွယ် ကိုထက်အောင်လူ၊ အဆိုပါမြို့နယ် ၅ရပ်ကွက်တွင် နေထိုင်သူ အသက် ၁၇နှစ် အရွယ်ကိုကောင်းစည်သူတို့ပါဝင်ကြောင်း ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါ အုပ်စုဖွဲ့ရိုက်နှက်မှုများ တွင် အသုံးပြုခဲ့သော ပြိုင်ကားများအနက် ဖေဖော်ဝါရီလ ၁၉ရက်နေ့နံနက် ၂နာရီခန့်က ကိုကိုနိုင် မောင်းနှင်ခဲ့သော Nissan Fairladyအဖြူရောင်ပြိုင်ကားကိုမရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ တော်ဝင်ချယ်ရီ အိမ်ရာတွင် ဖမ်းဆီးရမိခဲ့ပြီး ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ညသ၁၀နာရီကျော်က ကိုဇာနည်ထက်ဝေ မောင်းနှင်ခဲ့သော V300 ARISTO အဖြူရောင်ပြိုင်ကားနှင့် ဖေဖော်ဝါရီလ ၂၂ရက် ညနေ ၆ နာရီ မိနစ် ၃၀ခန့်က ကိုဝေယံလင်း မောင်းနှင်ခဲ့သော MAZDA RX-8 ခဲပုတ်ရောင်ပြိုင်ကားကို ၎င်းတို့၏ မိဘများက လှိုင်မြို့မရဲစခန်းသို့ အပ်နှံခဲ့ကြောင်း၊ လှိုင်မြို့မ ရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

ယင်းနောက် ဖေဖော်ဝါရီလ ၂၅ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က ရိုက်နှက်မှုတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်များဖြစ်သော ကိုထက်အောင်လူ မောင်းနှင်ခဲ့သော FRAND CHIEROKEE JEEP အနက်ရောင်ယာဉ်နှင့် ကိုကောင်းစည်သူ မောင်းနှင်ခဲ့သော NissanFairlady350Z ခဲပုတ်ရောင်ပြိုင်ကားတို့ကို ပြိုင်ကား မောင်းနှင်ခဲ့သူတို့၏မိဘများက လှိုင်မြို့မ ရဲစခန်းသို့ ထပ်မံအပ်နှံခဲ့ကြောင်း၊ အဆိုပါ မြို့မရဲစခန်းထံမှ သိရှိရသည်။

**The Voice Daily, Vol. 1/No. 279**

## အမေရိကန်ဒေါ်လာ ခုနစ်သောင်းကျော် သိမ်းဆည်းထားသော မီးခံသေတ္တာ အခိုးခံရ

ကမာရွတ်မြို့နယ်၊အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်တာဝါရှိ ၇ လွှာ တိုက်ခန်း၊တွင် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က အမေရိကန်ဒေါ်လာ ခုနစ်သောင်းကျော် သိမ်းဆည်းထားသော မီးခံသေတ္တာကို ပုံစံတူမီးခံသေတ္တာအလွတ်ဖြင့် လဲလှယ်ခိုးယူခံရကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အမှတ်(၆)ရပ်ကွက်၊ပြည်ရိပ်မွန်အိမ်ရာတွင်နေသူ အသက် ၃၉ နှစ်အရွယ်ရှိ အင်္ဂလိပ်စာသင်တန်းဆရာသည် ခရီးသွားကုမ္ပဏီဖွင့်ရန် ငှားရမ်းထားသော ဘုရင့်နောင်တာဝါရှိ တိုက်ခန်းတွင်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့က အမေရိကန်ဒေါ်လာ 71, 956ကို မီးခံသေတ္တာအတွင်း သော့ခတ်သိမ်းဆည်းခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၂၄ ရက် နံနက် ၆ နာရီခန့်က စာရင်းကိုင် အမျိုးသမီးက မီးခံသေတ္တာသော့ဖွင့်မရ၍ အဆိုပါအမျိုးသားကို တယ်လီဖုန်းဖြင့် အကြောင်းကြားသဖြင့် သွားရောက်စစ်ဆေးခဲ့ရာမှ မီးခံသေတ္တာပုံစံတူဖြစ်နေပြီး ကန်ဒေါ်လာငွေများ သိမ်းဆည်းထားသောမီးခံသေတ္တာမှာ ပျောက်ဆုံးနေကြောင်း၊ ကမာရွတ်မြို့မ ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"ပညာရေးလုပ်ငန်းအတွက် နိုင်ငံခြားသားတွေက လှူဒါန်းထားတဲ့ အမေရိကန်ဒေါ်လာတွေကို မီးခံသေတ္တာထဲ သိမ်းဆည်းထားတာ။ ပုံစံတူဖြစ်နေတော့ မီးခံသေတ္တာ အခိုးခံရတာ ဘယ်အချိန်တည်းကလဲဆိုတာ လတ်တလော မသိရသေးပါဘူး" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

**The Voice Daily , Vol. 1/No. 279**

## တိုင်ကြားစာအမှုတွဲ ၄၀၀ ကျော် ပြည်ထောင်စုအစိုးရ ဖြေရှင်းခြင်းမရှိ

ပြည်သူများမှ ပေးပို့လာသော တိုင်ကြားစာ အမှုတွဲ ၄၀၀ ကျော်ကို ပြည်ထောင်စု အစိုးရအဖွဲ့က ဖြေရှင်းခြင်း မရှိကြောင်း၊ အမျိုးသားလွှတ်တော် ပြည်သူ့တို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်းက ပြောကြားသည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြည်သူ့တို့၏ တိုင်ကြားစာ ကော်မတီအစီရင်ခံစာကို တင်သွင်းစဉ် ၎င်းက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်အတွင်း ပြည်သူများမှ အစိုးရအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့်

စာမျက်နှာ 19 သို့



စာမျက်နှာ 18 – တစ်ပတ်အတွင်းသတင်းမှအဆက်

ပတ်သက်သော တိုင်ကြားစာ ၅၃၅ စောင်ကို ပြည်သူတို့၏ တိုင်ကြားစာ ကော်မတီက ပြည်ထောင်စု အစိုးရအဖွဲ့သို့ ပေးပို့ထားသော်လည်း တိုင်ကြားစာ ၁၂၃ မှုကိုသာ ဖြေရှင်းပြီးဟု ပြန်ကြားလာကြောင်း ဦးအောင်မြင့်က ပြောကြားသည်။ ထို့အပြင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်သော အမှုတွဲ ၉၂ မှု ပေးပို့ခဲ့ရာတွင် ၆၅ မှု ကို ဖြေရှင်းပြီး ဖြစ်ကြောင်း ပြည်သူတို့၏ တိုင်ကြားစာ ကော်မတီ အစီရင်ခံစာအရ သိရသည်။ **The Voice Vol.1,No. 279**

## နှစ် ၅၀ ကျော်အတွင်း ပထမဆုံး ပဒေသာကပွဲ အင်းစိန်ထောင်တွင် ကျင်းပ၊ အင်ပါယာ တေးဂီတအဖွဲ့ ဖျော်ဖြေ

နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပဒေသာကပွဲတစ်ခုကို အင်းစိန်အကျဉ်းထောင်အတွင်းတွင် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ နာမည်ကျော် အင်ပါယာတေးဂီတအဖွဲ့က လာရောက်ဖျော်ဖြေခဲ့ကြောင်း အငြိမ်းစားထောင်မှူးကြီးတစ်ဦးက ပြောကြားသည်။

အဆိုပါ ကပွဲကို အင်းစိန် အကျဉ်းထောင်ရှိ အကျဉ်းသူ၊ အကျဉ်းသားများနှင့် အကျဉ်းထောင် ဝန်ထမ်းများက ပါဝင်ကပြခဲ့ခြင်းဖြစ်ပြီး ယင်းသို့ ဖျော်ဖြေခွင့်ရသည်မှာ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရလက်ထက် နောက်ပိုင်းတွင် ပထမဆုံးအကြိမ် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကျရောက်သည့် အကျဉ်းဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အဆိုပါကပွဲသို့ အင်ပါယာတေးဂီတအဖွဲ့နှင့်အတူ နာမည်ကျော် ရော့ခ်အဆိုတော် ဇော်ဝင်းထွဋ် အပါအဝင် အဖွဲ့၏ ပင်တိုင်အဖွဲ့သားများ စုံညီစွာပါဝင်ခဲ့ပြီး တေးသီချင်း ၁၀ ပုဒ်ခန့် သီဆိုဖျော်ဖြေခဲ့ကြောင်း အငြိမ်းစားထောင်မှူးကြီး ဦးခင်မောင်မြင့်က The Voice သို့ ပြောကြားသည်။ ပဒေသာ ကပွဲတွင် တေးသီချင်းများ သီဆိုခြင်း၊ ကပြခြင်းများ အပြင် အကျဉ်းထောင်တွင်း တွေ့ကြုံရတတ်သည့် ဖြစ်ရပ်များကို ဖော်ကျူးသည့် ဟာသပြဇာတ်တစ်ခုကိုလည်း ထည့်သွင်းကပြခဲ့ကြောင်း၊ အင်းစိန်အကျဉ်းထောင်ရှိ အကျဉ်းသား ၂၀၀ နှင့် အကျဉ်းသူ ၁၀၀ ခန့် တက်ရောက်ကြည့်ရှုခွင့်ရခဲ့ကြောင်း ၎င်းက ထပ်မံပြောဆိုသည်။ **The Voice Vol.1,No. 279**

## အဂတိလိုက်စားမှုပပျောက်ရေး ကော်မရှင် စတင်အသက်ဝင်

အဂတိလိုက်စားမှုပပျောက်ရေး ကော်မရှင်ဖွဲ့စည်းရေးအတွက် နိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်တို့မှ တင်သွင်းလာသော ကော်မရှင်အဖွဲ့ဝင် အမည်စာရင်းများကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက ကန့်ကွက်သူမရှိ အတည်ပြုလိုက်ရာ စတင်အသက်ဝင်ပြီ ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

အဆိုပါ ကော်မရှင်တွင် နိုင်ငံတော်သမ္မတ အမည်စာရင်း တင်သွင်းသော စစ်မှုထမ်း (အငြိမ်းစား) ဦးမြဝင်းကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်မည်ဖြစ်ပြီး အငြိမ်းစားသံအမတ်တစ်ဦးဖြစ်သူ ဦးတင်ဦးကိုအတွင်းရေးမှူးအဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောကြားသည်။

ယင်းကော်မရှင်တွင် စစ်မှုထမ်းဟောင်း အချို့နှင့် အငြိမ်းစား သံအမတ်ဟောင်းများသာ အများစုပါဝင်ကြောင်း လွှတ်တော် ကိုယ်စားလှယ်များက ဆိုသည်။

အဆိုပါလာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတက ငါးဦး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ငါးဦးစီ ရွေးချယ်ထားကာ စုစုပေါင်း ၁၅ ဦး ပါဝင်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပါ လုပ်ငန်းစဉ်များအတိုင်းလိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။ **The Voice Vol.1,No. 278**




## အာဆီယံထိပ်သီး အစည်းအဝေးများကျင်းပရေး တရုတ်နိုင်ငံမှ ယွမ် ၁၀ သန်းချေးယူ

အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရသော မြန်မာနိုင်ငံ အစိုးရအနေနှင့် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံထိပ်သီးအစည်းအဝေးပွဲများ ကျင်းပနိုင်ရေးလုပ်ငန်းစဉ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယွမ်ငွေ ၁၀ သန်း ချေးယူထားကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ပြောကြားသည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့၌ ပြုလုပ်သော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ၂၀၁၃-၂၀၁၄ ပထမ ၆ လပတ် အမျိုးသား စီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းရာတွင် ၎င်းက ယင်းသို့ ထည့်သွင်း ပြောကြားသွားခြင်းဖြစ်သည်။

အဆိုပါတရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေများကို အာဆီယံအစည်းအဝေးပွဲများတွင် အသုံးပြုမည့် ယာဉ်နှင့် ရုံးသုံးပစ္စည်းများ ဝယ်ယူရာတွင် သုံးစွဲမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သို့သော်လည်း အဆိုပါ ချေးငွေများကို မည်သည့်အချိန်က ချေးယူထားခြင်းကို ထည့်သွင်း ပြောကြားသွားခြင်း မရှိပေ။ **The Voice Vol.1,No. 278**

## တရားဥပဒေစိုးမိုးရေးစင်တာများ မန္တလေးနှင့် လားရှိုးမြို့တို့တွင် ဖွင့်လှစ်မည်

ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ပူးပေါင်းလုပ်ဆောင်မည့် တရားဥပဒေ စိုးမိုးရေးစင်တာများကို မန္တလေးနှင့် လားရှိုးမြို့တို့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေး ကော်မတီဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်က ပြောကြားသည်။

တရားဥပဒေစိုးမိုးရေးစင်တာ စတင်ဖွင့်လှစ်နိုင်ရန်အတွက် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရုံးခန်းတွင် ပြုလုပ်သော အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါ အစည်းအဝေးတွင် UNDP က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းခဲ့ပြီး တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

စာမျက်နှာ 20 သို့

# နည်းပညာနှင့် နိုင်ငံရေး (၇)

အယ်ဒီတာတစ်ဦး

## မိုဘိုင်းလ်ငွေကြေးတော်လှန်ရေး

**ကမ္ဘာ ပေါ်တွင် တစ်နေ့ဝင်ငွေ နှစ်ဒေါ်လာ (ကျပ် ၂၀၀၀ ခန့်) အောက်နှင့် ရပ်တည်နေရသော ပြည်သူများကို ဆင်းရဲတွင်းနက်နေသေးသည့် ပြည်သူများဟု သတ်မှတ်သည်။ ထိုဆင်းရဲတွင်းထဲက ရုန်းကန်မထွက်နိုင်သေးသူပေါင်း ၂ ဒသမ ၅ ဘီလီယံခန့်ရှိနေသေးသည်။ နိုင်ငံများ၊ စီးပွားရေးဖွံ့ဖြိုးလာခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြံဆောင်နိုင်မှသာ နောင်လာမည့်နှစ်အနည်းငယ်အတွင်း ဆင်းရဲတွင်းမှ ဆွဲခေါ်နိုင်မည့်ဦးရေမှာ ၁၀ မှ ၃၀ ရာခိုင်နှုန်းခန့်သာဖြစ်မည်။**




ဆင်းရဲသူတွေက ဘဏ်နှင့်ဝန်ဆောင်မှုတွေအကြောင်း ကောင်းကောင်းနားမလည်နိုင်ကြသေးပေ။ အဘယ်ကြောင့်ဆိုသော် ငွေဆိုသည်မှာ ဘဏ်တွင် စုဆောင်းရသည်ဆိုသည့် အလေ့အထသည် သူတို့နှင့် အလှမ်းကွာဝေးလွန်းလှသည်။ ကမ္ဘာနှင့် ယှဉ်ကြည့်လျှင် ဆင်းရဲသည့်ပြည်သူ ၇၇ ရာခိုင်နှုန်းခန့်သည် ဘဏ်တွင် ငွေစာရင်းဖွင့်ထားရမည်ဆိုသည့်ဓလေ့ကို လုံးဝမသိနားမလည်ကြသေးပေ။ အာဖရိကတိုက်အနေနှင့် ကြည့်လျှင် ၈၅ ရာခိုင်နှုန်းလောက် ဘဏ်တွင်ငွေစုရမှန်းမသိကြပေ။ အဓိက ပြဿနာမှာဆင်းရဲသည့်အတွက် ငွေစုဆောင်း ရသည့်အသိရှိသည်ဆိုစေ စုဆောင်းစရာငွေမရှိခြင်းဖြစ်သည်။ သို့ဖြစ်ရာ သူတို့ကလည်း ဘဏ်ဆိုသည်မှာ ငါတို့နှင့်မဆိုင်ဟုယူဆ၊ ဘဏ်ကလည်း သူတို့က ငါတို့ထံမလာလျှင် ငါတို့က သူတို့ထံသွားသင့်သည်ဟုလည်း မခံယူကြသဖြင့် ဘဏ်နှင့် ဆင်းရဲသားဆိုသည်မှာ ကွာခြားချက် ကြီးမားသွားရလေတော့သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း မိုက်ခရိုခရက်ဒစ် (Microcredit) ဆိုသည့် အသုံးအနှုန်းများ ခေတ်စားလာသည်။ ဆင်းရဲသားများကို ငွေချေးပြီး ဆင်းရဲတွင်းနက်သည့်အထဲက ကယ်ထုတ်မည်ဆိုသော အရဲစွန့်သူများပေါ်လာသည်။ ထိုအယူအဆကိုဖော်ထုတ်သည့် ဂျာမန်ဘဏ်တစ်ခုသည် ၂၀၀၆ ခုနှစ်တွင် နိုဗယ်ငြိမ်းချမ်းရေးဆုကို ရရှိသွားသည်။ အုပ်စုလိုက် ဝိုင်းကြီးချုပ်စနစ်ဖြင့် တစ်ပတ်တစ်ခါပြန်ဆပ်ဆိုသည့်စနစ်ကို သူတို့စတင်တီထွင်ခဲ့ကြသည်။ ယခုအခါ ယင်းအသေးစားချေးငွေလုပ်ငန်းသည် ချေးငှားသုံးစွဲနေကြသူ သန်း ၂၀၀ ခန့်ရှိနေပြီဆိုသဖြင့် အလွန်အောင်မြင်သည့် လုပ်ငန်းတစ်ခု ဖြစ်လာပြီဟုဆိုရမည်ဖြစ်သည်။ သို့သော် နောက်ကွယ်တွင် ဆင်းရဲတွင်းထဲရှိ နှစ်ဘီလီယံခန့်သည် ဘဏ်လုပ်ငန်းများနှင့် အဆက်အသွယ်မပြုနိုင်ကြသေးကြောင်း တွေ့ရသည်။

ဆင်းရဲတွင်းနစ်နေသူများကို ကယ်တင်နိုင်မည့် လမ်းကြောင်းနှစ်ခုရှိသည်။ ပထမလမ်းကြောင်းမှာ မိုဘိုင်းလ်နည်းပညာကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သွတ်သွင်းပေးရန်ဖြစ်သည်။ ကမ္ဘာ့ဘဏ်အဆိုအရ ယခုအခါ ကမ္ဘာ့ဆင်းရဲသူပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်သည် မိုဘိုင်းလ်နည်းပညာများကို အသုံးပြုနိုင်နေပြီဟုဆိုသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူ ၁၀၀ တွင် ၈၉ ဦးခန့်သည် ဆဲလ်ဖုန်းများကိုင်ဆောင်နိုင်ကြပြီ။ မိုဘိုင်းလ်ဖုန်းများဖြင့် ဘဏ်ငွေစာရင်းဖွင့်နိုင်ခြင်း၊ ဘဏ်များသို့ ငွေသွင်းနိုင်ခြင်းတို့ကလည်း ဆင်းရဲသားများအတွက် လမ်းကြောင်းတစ်ခု ပွင့်သွားခြင်းဟုဆိုနိုင်သည်။

ဒုတိယလမ်းကြောင်းမှာ စီးပွားရေးပညာရှင်များနှင့် သုတေသီများသည် အပြင်းအထန်လေ့လာသုံးသပ်ဆန်းစစ်ကာ ဆင်းရဲတွင်းမှ လွတ်ကင်းစေနိုင်မည့် နည်းလမ်းများ ရှာကြံကြခြင်းဖြစ်သည်။ ယင်းကြောင့် မိုက်ခရိုခရက်ဒစ်ခေါ် အသေးစား ချေးငွေလုပ်ငန်းလေးများပေါ်လာသည်။ မည်သို့ဆိုစေ မိုဘိုင်းလ်နည်းပညာနှင့် အသေးစားငွေချေးလုပ်ငန်းလေးများသည် အထိုက်အလျောက် အလုပ်ဖြစ်ခဲ့သည်ဟု ဆိုရမည်သာဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျေးလက်နေပြည်သူလေးဦးတွင် သုံးဦးသည် အလွန်ဆင်းရဲစွာ နေထိုင်ကြရသည်။ တစ်နေ့လျှင် နှစ်ဒေါ်လာအောက်ဝင်ငွေဖြင့် နေထိုင်ကြရသူပေါင်း ၂ ဒသမ ၁ ဘီလီယံရှိပြီး တစ်နေ့လျှင် တစ်ဒေါ်လာအောက်ဝင်ငွေဖြင့် နေထိုင်ကြရသူပေါင်းသည် သန်း ၈၈၀ ခန့်ရှိသည်ဟု ၂၀၀၈ ခုနှစ် ကမ္ဘာ့ဖွံ့ဖြိုးရေး အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဆင်းရဲတွင်းမှ လွတ်မြောက်ရန်အတွက် မိုဘိုင်းလ်နည်းပညာသည် ဖြတ်လမ်းဖြစ်ကြောင်းကိုလည်း ပညာရှင်တိုင်းကလက်ခံထားကြသည်။ ဆင်းရဲသည့်အုပ်စုဆိုသည်မှာလည်း အလုပ်တူ တစ်မျိုးတစ်စားတည်းလုပ်ကိုင်ပြီး ဆင်းရဲနေကြခြင်း မဟုတ်ပေ။ ထိုသူများထဲတွင် လယ်သမားများ၊ လက်မှုပညာသည်များ၊ ရေလုပ်သား၊ ကျပမ်းအလုပ်သမား၊ ပြောင်းရွှေ့လုပ်သားစသည်ဖြင့် အမျိုးမျိုးကွဲပြားနိုင်ပေသည်။ ထိုသူများအားလုံး ဈေးအသက်သာဆုံးနှင့် အပေါ်ဆုံး အသိဉာဏ်ဗဟုသုတရရှိစေရန် ဆောင်ကြဉ်းပေးနိုင်သည့်အရာမှာ မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်သာဖြစ်သည်။ လူတန်းစားညီပေးနိုင်သည့် နည်းပညာဟုဆိုရမည်ဖြစ်သည်။ အသံဖြင့် ဆက်သွယ်နိုင်ခြင်း၊ သိလိုသည့် သတင်းအချက်အလက်များကိုပေးနိုင်ခြင်းတို့သည် ခေတ်သစ်၏ အကောင်းဆုံးနည်းပညာဖြစ်သည်။

ဘဏ်တွေ ငွေစာရင်းဖွင့်မထားဘဲ မိုဘိုင်းလ်ဖုန်းဖြင့် ဘဏ်စနစ် (M-banking)ကို ကောင်းမွန်စွာလုပ်ကိုင်နိုင်သော နိုင်ငံအနည်းငယ်သာရှိသေးသည်။ ကင်ညာနိုင်ငံတွင် Safaricom နှင့် Vodafone ကုမ္ပဏီတို့ပူးပေါင်းပြီး M-PESA ဆိုသည့် စနစ်တစ်ခုကို တီထွင်ပေးထားသည်။ ထိုစနစ်အရ ကျေးလက်နေဆင်းရဲသည့် တောင်သူလယ်သမားများသည် ဘဏ်တွင် ငွေစာရင်းမဖွင့်ထားဘဲ မိုဘိုင်းလ်ဖုန်းများကတစ်ဆင့် ငွေလွှဲပြောင်းပေးပို့နိုင်ကြသည်။ ထိုသို့ပေးပို့နိုင်ရန်အတွက် သူတို့ SIM ကတ်ကို အသုံးပြုရသည်။ Safaricom ကုမ္ပဏီက ထို SIM ကတ်များကို ရောင်းချပေးပြီး ထိုကတ်များကို မိမိတို့ မိုဘိုင်းလ်ဖုန်းများအတွင်းထည့်ကာ ဆော့ဖ်ဝဲအကူအညီဖြင့် ငွေများကို အလွယ်တကူလွှဲပြောင်းပေးပို့နိုင်ကြသည်။ ယခုအခါ ကင်ညာနိုင်ငံတွင် ထို SIM ကတ်နှင့် ဆော့ဖ်ဝဲကို အသုံးပြုသူပေါင်း ၇ သန်းကျော်ရှိပြီး နေ့စဉ် ငွေလွှဲပြောင်းပေးပို့နေသည့် ပမာဏမှာလည်း တစ်နေ့ ဒေါ်လာ ၇ သန်းခန့်ရှိနေသည်ကို အံ့သြစွာတွေ့ကြရသည်။

WFP (World Food Programme) ကလည်း ဆီးရီးယားနိုင်ငံတွင် ရွှေ့ပြောင်းအစီအစဉ်တစ်ခုကို စမ်းသပ်လျက်ရှိသည်။ ထိုအစီအစဉ်တွင် အီရတ်မိသားစုပေါင်း ၁၀၀၀ ကို ကူပွန်လက်မှတ်များ ကြိုထုတ်ပေးထားပြီး သူတို့မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် ငွေကြေးများလွှဲပြောင်းပေးနိုင်ရန် စီစဉ်ပေးခြင်းဖြစ်သည်။ ကူပွန်တစ်စောင်လျှင် နှစ်လသုံးနိုင်ပြီး နှစ်လအတွင်း အစိုးရကုန်တိုက်များတွင် ကုန်များကို ဝယ်နိုင်မည့်အစီအစဉ်ဖြစ်သည်။ အလားတူ ကူပွန်ပေးပြီး ဖုန်းဖြင့်ကုန်စည်များဝယ်ယူခြင်းစနစ်ကို ဖိလစ်ပိုင်နိုင်ငံတွင်လည်း SMART Communication နှင့် Global Telecoms ကုမ္ပဏီများက စမ်းသပ်လျက်ရှိသည်။

တရုတ်နိုင်ငံတွင် ပြည်သူများသည် လူမှုရေး၊ စီးပွားရေး နိမ့်ကျသည်ဆိုသော်လည်း လူဦးရေ၏ ၃၅ ရာခိုင်နှုန်းခန့်သာ ဘဏ်နှင့်ငွေကြေးဆိုင်ရာ ကိစ္စများကို ဆက်သွယ်မှုမရှိကြောင်း ၂၀၁၁ ခုနှစ် ကမ္ဘာ့ဘဏ်၏ လေ့လာဆန်းစစ်ချက်တစ်ခုတွင် ဖော်ပြထားသည်။ တရုတ်တွင် ၄၈၅ သန်းခန့်သည့် ဘဏ်နှင့်ဆက်သွယ်ပြီး လုပ်ငန်းများ၊ လုပ်ဆောင်နေသည်ဆိုသောကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနှစ်နိုင်ငံပေါင်းထက်ပင် ပိုများသေးသည်ဟု ကမ္ဘာ့ဘဏ်က ကောက်ချက်ချထားသည်။

ကိုလံဘီယာတက္ကသိုလ်မှ ဂျက်ဖရီ ဆက်ချ်က "ကျွန်တော်ရောက်ခဲ့တဲ့ ကျေးလက်တောရွာတိုင်းမှာ လူတိုင်းလောက်နီးပါး ဆဲလ်ဖုန်းလေးတွေ ကိုင်နိုင်ကြတယ်။ အရှေ့ပေါ်ကားခေါ်တာ၊ ဈေးနှုန်းစုံစမ်းတာတွေအားလုံး ဖုန်းနဲ့ပဲပြောဆိုလုပ်ကိုင်နေကြတယ်။ ကုန်ပို့ကုန်မှာတွေလည်း ဖုန်းနဲ့ပဲပြောကြတယ်။ တက္ကဆီခေါ်လည်းဖုန်း။ အစားအသောက်မှာစားလည်း ဖုန်းနဲ့ဆိုတော့ ကမ္ဘာကြီးမှာ နည်းပညာကြောင့် အရာရာပြောင်းလဲလာတယ်ဆိုတာ လက်မခံလို့မရတော့ဘူး" ဟုဆိုသည်။

ကမ္ဘာ့ဆက်သွယ်ရေးအဖွဲ့ကြီးတစ်ခုဖြစ်သည့် GSMA ကြိုးမဲ့ဆက်သွယ်ရေးဌာန စုံစမ်းမှု အစီရင်ခံစာတစ်စောင်တွင် ကမ္ဘာပေါ်ရှိ မိုဘိုင်းလ်ဆက်သွယ်ရေးလမ်းကြောင်းသည် မယုံကြည်နိုင်လောက်အောင် ပြောင်းလဲတိုးတက်နေကြောင်း၊ ၂၀၀၈ ခုနှစ်တွင် မိုဘိုင်းလ်ဖုန်း သုံးစွဲသူ ၂ ဒသမ ၃ ဘီလီယံခန့်သာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၃ ဒသမ ၄ ဘီလီယံဖြစ်လာပြီး ၂၀၁၇ ခုနှစ်ဆိုလျှင် ၃ ဒသမ ၉ ဘီလီယံခန့်အထိ ဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

ကမ္ဘာ့သမိုင်းတွင် မိုဘိုင်းလ်နည်းပညာသည် အလျင်မြန်ဆုံးနှင့် အတိုးတက်ဆုံးနည်းပညာတစ်ခုဟု ဆိုနိုင်ပါသည်။ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆယ်လူလာဆက်သွယ်ရေးစနစ်ကို အသုံးပြုနေသူပေါင်း ၆ ဒသမ ၆ ဘီလီယံကျော်ကျော်ရှိသည်။ သုံးစွဲနှုန်းသည် နှစ်စဉ်မြင့်တက်နေပြီး မိုဘိုင်းလ်ဖုန်းသုံးစွဲနှုန်းမြင့်တက်လေ စီးပွားရေးအနေအထားများကလည်း ပြောင်းလဲတိုးတက်လေဖြစ်သည်ဟု GSMA ကဆိုသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိုဘိုင်းလ်ဖုန်းများ ပျံ့နှံ့ကိုင်တွယ်လာနိုင်ခြင်း၊ မိုဘိုင်းလ်ဆော့ဖ်ဝဲများကို တွင်ကျယ်စွာ အသုံးပြုလာနိုင်ခြင်းသည် တစ်ဦးချင်းလုပ်ငန်းရှင်လေးများကိုသာမက အဖွဲ့အစည်းအလိုက် လုပ်ကိုင်နေကြသော လုပ်ငန်းကြီးများအထိ များစွာအကျိုးပြုနိုင်ခဲ့ကြသည်။ မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်ကြောင့် ထုတ်လုပ်သူ၊ စားသုံးသူ၊ ဈေးကွက်တို့သည် အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ဟုလည်း ဆိုနိုင်သည်။

မိုဘိုင်းလ်နည်းပညာကြောင့် ဆင်းရဲတွင်းမှ လွတ်ကင်းသွားပြီဟု မဆိုနိုင်သော်လည်း အသေးစားချေးငွေလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ မိုဘိုင်းလ်စနစ်ဖြင့် ငွေလွှဲပြောင်းပေးပို့ လာနိုင်ခြင်းတို့ကိုမူ ခေတ်သစ်ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်အနေဖြင့် မှတ်တမ်းတင်ရမည်သာဖြစ်သည်။ မိုဘိုင်းလ်ဖုန်းကိုသုံးပြီး ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ပေးနိုင်သောကြောင့် အခြားကောင်းကွက်များလည်း ရှိသေးသည်။ အထင်ရှားဆုံးမှာ ရုံးဌာနများ၏ ကြိုးနီစနစ်ပျောက်ကွယ်သွားခြင်း၊ လာဘ်ပေး လာဘ်ယူမှုကင်းရှင်းသွားကာ အကျင့်ပျက်ခြစားမှုများ ပျောက်ကွယ်သွားစေနိုင်ခြင်းတို့သည် ထင်သာမြင်သာ အရှိဆုံး တိုးတက်လာမှုများပင်ဖြစ်သည်။ အစိုးရပိုင်းကလည်း ပိုပြီး ပွင့်လင်းမြင်သာစေရန် ဆောင်ရွက်နိုင်လာသကဲ့သို့ လူတို့၏ အသိဉာဏ်ဗဟုသုတ၊ အမျိုးသမီးများ၏အခန်းကဏ္ဍတို့ပါ ပိုပြီးမြင့်မားလာစေရန် ဆောင်ရွက်လာနိုင်ခဲ့သည်။

နည်းပညာ၊ ကွန်ပျူတာနှင့် မိုဘိုင်းလ်ဖုန်းတို့ ပေါ်ပေါက်လာခြင်းကြောင့် အစိုးရပိုင်းကလည်း အခွန်အကောက်များကို စနစ်တကျကောက်ခံနိုင်ရန် စီစဉ်ထားနိုင်သည်။ လူပုဂ္ဂိုလ်တို့ဖြင့် အခွန်ကောက်ခံသည့် စနစ်များတွင် မသမာမှုများရှိနေသည်ဖြစ် သောကြောင့် အစိုးရအနေဖြင့် ထင်သလောက် အခွန်အကောက်များ မရရှိခဲ့ပေ။ မိုဘိုင်းလ်စနစ်ဖြင့် လစာထုတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ပြီးဆိုလျှင် အခွန်ကောက်ခြင်းများကိုလည်း စနစ်တကျ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပို့ကုန်၊ သွင်းကုန်၊ ရောင်းကုန်စနစ်အားလုံးကို ကွန်ပျူတာဖြင့် ထိန်းချုပ်ခြင်း၊ မိုဘိုင်းလ်စနစ်ဖြင့် ငွေပေးချေခြင်းတို့သည် ပွင့်လင်းမြင်သာမှုကို ပိုဖြစ်စေပြီး အစိုးရဝင်ငွေတိုးစေနိုင်သည့် စနစ်များဖြစ်သည်။

မိုဘိုင်းလ်ဖုန်းများသည် တစ်ကမ္ဘာလုံးတွင် ပေါများလာသည်ဆိုသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသမီးများ၊ ဖုန်းအသုံးပြုနိုင်သည့်နှုန်းမှာ အလွန်နည်းနေသေးကြောင်းတွေ့ရသည်။ GSMA အစီရင်ခံစာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အမျိုးသမီးများ၏ ၂၁ ရာခိုင်နှုန်းခန့်သာ မိုဘိုင်းလ်ဖုန်းများကို ကိုင်ဆောင်နိုင်ကြသေးသည်ဟုဆိုသည်။ မိုဘိုင်းလ်ဖုန်းဖြင့် အသေးစားချေးငွေလုပ်ငန်း၊ လုပ်ဆောင်ခြင်းသည် အမျိုးသားများထက်၊ အမျိုးသမီးများဦးဆောင်လုပ်ကိုင်နေသည့် လုပ်ငန်း တစ်ရပ်ဖြစ်သည်။ အသေးစားချေးငွေလုပ်ငန်းများကို ဘဏ်နှင့်ဆက်စပ်လုပ်ဆောင်ရာတွင် အမျိုးသမီးများကို ဖုန်းများများ သုံးနိုင်စေရန် ကြံဆောင်ပေးလျှင် ဖွံ့ဖြိုးတိုးတက်လာမည်ကို သိသော်လည်း အချို့သောဒေသများတွင် အမျိုးသမီးများ ဖုန်းကိုင်သုံးနိုင်ရေးမှာ အခက်အခဲတစ်ခုဖြစ်နေသေးသည်။ ဥပမာ- ဘာသာရေး၊ လူမှုရေးအရ တားမြစ်ထားခြင်းများဖြစ်သည်။ သို့ဖြစ်ရာ အမျိုးသမီးများ၊ အခွင့်အရေးအပြည့်အဝရရှိစေရန် ဦးစွာဆောင်ရွက်ပေးရန်လိုပါသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် မေတ္တာသည် အလွန်အရေးကြီးပါသည်။ ဖွံ့ဖြိုး တိုးတက်စေမည့် နည်းလမ်းများကို သိသော်လည်း ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ပြည်သူ့အကျိုးကို မကြည့်နိုင်သူများကြောင့် ဆက်သွယ်ရေးလောက မဖွံ့ဖြိုးမတိုးတက်ရခြင်းများ ရှိနိုင်သည်။ ငါ့အကျိုးနှင့် ငါ့အသိုင်းအဝိုင်းအကျိုးကောင်းစားရေးအတွက် အလွန်အကျိုးအမြတ်များသည့် ဆက်သွယ်ရေးစနစ်ကြီးတစ်ခုလုံးကို လက်ဝါးကြီးအုပ်ထားလျှင် တိုင်းပြည်က ဒဏ်ခတ်ခြင်းကို ခံရမည်သာဖြစ်သည်။ လေလှိုင်းတို့သည် အုပ်ထား၍လည်းမရ၊ ဖုံးထား၍လည်းမရ၊ ဖိထား၍လည်း မရတတ်ပေ။ မရသည့်လေလှိုင်းတို့ကို အတင်းအုပ်ထား၊ ဖိထားလျှင် တွန်းကန်တုံ့ပြန်အားသည် ကြီးမားတတ်သည်ကို ကမ္ဘာ့နိုင်ငံများက သက်သေပြနေပါသည်။ အုပ်မလား၊ ဖွင့်မလား၊ စဉ်းစားဆုံးဖြတ်ပြီး နောက်ဆုတ်ရမည့်အချိန်ဖြစ်သည်။ ■

**Ref : Inside Politics; The Economist; ADB Bank Reports; The Financial Express;**

# ကမ္ဘာ၊ ဗမာ၊ တိုင်းရင်းသားစာ

ကျော်ထင်



## ရာချီအောင်မှားနေသောအမှား

ဆောင်းပါးရှင်ဆရာသိန်းထက်အောင်၏ ဗမာတွေ အင်္ဂလိပ်စာအသံထွက်မှန်အောင်ထွက်ကြဖို့ တိုက်တွန်းနှိုးဆော်ထားသော ဆောင်းပါးတစ်ပုဒ်ကို The Voice Weekly တွင် ဖတ်လိုက်ရပါသည်။ မှန်ပါသည်။ ကျွန်တော်တို့ ဗမာများ၊ အင်္ဂလိပ်စာအသံထွက်မှန်ဖို့ကြိုးစားအားထုတ်မှု အများကြီး ပြုသင့်ကြပါသည်။ အကြောင်းမှာ အင်္ဂလိပ်စာအသံထွက်နှင့် ပတ်သက်လျှင် မမှန်မကန်ထွက်နေကြသောကြောင့်ဖြစ်သည်။ ယင်းသို့ အင်္ဂလိပ်စာအသံထွက်တို့ မှားထွက်နေသည်မှာ နှစ်ပေါင်းရာချီရှိပြီဟုပင် ဆရာတစ်ယောက်က ပြောဖူးသည်။ အချို့သော ကေစီတို့ကတော့ ဗမာပြည်မှာပြောတာပဲ ဘိုသံပေါက်စရာမလိုပါဘူးဟု မျက်စိဇွတ်မှိတ် ငြင်းကြတာမျိုးလည်းရှိသည်။

ကျွန်တော်သည်လည်း ငယ်ငယ်က အင်္ဂလိပ်စာအသံထွက်နှင့်ပတ်သက်လျှင် ဘိုးဘိုးသေသည်ကိုပင် အပျော်ကြီးပျော်ခဲ့ဖူးပါသည်။ ကျွန်တော်တို့က အင်္ဂလိပ်စာကို ငါးတန်းရောက်မှ စသင်ကြရသည်။ ယခုခေတ်နှင့်တွေးလျှင်တော့ အသက် ၁၀ နှစ်၊ ၁၁ နှစ်အရွယ်ကြီးများ ရောက်ခါမှ အေဘီစီတွေ ရွတ်နေရသည်မှာ ရယ်စရာပင်ဖြစ်နေပါလိမ့်မည်။ ထိုအချိန်က S,F,X,M,N,L တို့သည် ကျွန်တော်တို့ကို တော်တော်ကြီး ဒုက္ခအပေးနိုင်ဆုံး အသံထွက်များပင်ဖြစ်သည်။

## ဖွတ်ကြီးတေးဘဲ

ခြောက်တန်းလား၊ ခုနစ်တန်းလားဆိုတာတော့ မမှတ်မိ။ ဟင်းသီးဟင်းရွက် Vegetable ကို အတန်းဖော်သူငယ်ချင်းတစ်ယောက်က ဖွတ်ကြီးတေးဘဲဟု ဆိုခဲ့ဖူးလေရာ ကျွန်တော်တို့မှာ အတောမသတ်နိုင်အောင် တဝါးဝါးပွဲကျခဲ့ကြရသည်။ သို့သော် မှားယွင်းစွာထွက်သောအသံထွက်များကို ပွဲကျရယ်မောကာ မိမိက အမှန်ထွက်နိုင်လေခြင်းဟု ဂုဏ်ယူဝင့်ကြွားနေခဲ့ရသမျှ ဘိုးဘိုးနှင့်တွေ့သောအခါ ထိုဂုဏ်ယူဝင့်ကြွားမှုများမှာ ပျောက်ချင်းမလှပျောက်ဆုံး၍ သွားရပါတော့သည်။

ကျောင်းကထွက်ပေးလိုက်သော အသံထွက်နှင့် ဘိုးဘိုးထွက်ပေးသော အသံထွက်တို့သည် များစွာမှပင် ခြားနားလွန်းလှပါသည်။ ထိုခြားနားမှုသည် ကျောင်းက အသံထွက်ကလွယ်၍ ဘိုးဘိုးအသံထွက်တို့က ခက်နေသည်ဆိုသော အလွယ်နှင့် အခက်ခြားနားမှုမျိုးပင်ဖြစ်ပါသည်။ ကျွန်တော်တို့၏ Police ကိုထွက်သောအသံထွက်၊ Lemon ကိုထွက်သောအသံထွက်၊ Breakfast ကိုထွက်သောအသံထွက်၊ Subject, Object စသော စကားလုံးတို့ကိုထွက်သော အသံထွက်များသည် ဘိုးဘိုးထွက်ပြသော အသံထွက်များနှင့် လားလားမျှမအပ်စပ်အောင် ကွဲပြားခြားနားကာ ခက်နေသည်များနှင့် ကြုံရလေသည်။

ကျွန်တော်တို့ ရွတ်ဆိုပြသော ကျောင်းမှ အသံထွက်များကို နားထောင်ကာ "မင်းတို့ဆရာတွေ ဒီအတိုင်းပဲသင်ရသလားကွာ" ဟု စိတ်ပျက်၊ ဒေါသထွက်နှစ်မျိုးယှက်ပြီး မြည်တွန်တောက်တီးပြုတတ်ပါသည်။ ပြီးလျှင် ဘိုးဘိုးက သူထွက်ခိုင်းသောအသံထွက်အတိုင်း မရရအောင် သင်ကြားထွက်ဆိုစေပါသည်။ မရလျှင် သူလမ်းလျှောက်တုတ်ကြီးဖြင့် ကျွန်တော်တို့ ပခုံးရိုးကို ဒေါက်ခနဲမြည်အောင် ခေါက်ပစ်တတ်ပါသည်။

ထို့ကြောင့်ပင် ကျွန်တော်တို့သည် အင်္ဂလိပ်စာကျက်တိုင်း စိတ်မပျော်မရွှင်ဖြစ်ရသည်။ စိတ်ပျက်ရသည်။ အမှန်စင်စစ် ဘိုးဘိုးသည် အင်္ဂလိပ်ခေတ်က ပညာတတ်တစ်ဦးဖြစ်ကာ ပုလိပ်ဘက်တွင် အမှုထမ်းခဲ့ဖူးသူ တစ်ဦးလည်းဖြစ်သည်။ ထူးခြားတာက အင်္ဂလိပ်စာကို အင်္ဂလိပ်လူမျိုးတမျှ ကျွမ်းကျင်မှုရှိနေခြင်းပင်ဖြစ်သည်။ သို့သော် ထိုအရည်အချင်းကို ကျွန်တော်တို့ အကဲမခတ်တတ်။ ထိုပညာအမွေကို ကျွန်တော်တို့ မယူတတ်။ ယူရကောင်းမှန်းမသိကြ။

ဘိုးဘိုးဆုံးသွားသည်ကိုပင် အင်္ဂလိပ်စာအသံထွက်လေ့ကျင့်ရသည့်ဒုက္ခကလွတ်ပြီဟူသောအတွေးဖြင့် အပျော်ကြီးပျော်ခဲ့ကြခြင်းဖြစ်သည်။ ဘိုးဘိုးသည် ကျွန်တော် ခုနစ်တန်းနှစ်တွင် ဆုံးပါးသွားသည်ဖြစ်ရာ ဘိုးဘိုးဆီမှ အင်္ဂလိပ်စာ အမွေကို ဘာမျှ မရရှိခဲ့။ အသံထွက်အမှားနှင့်အမှန်ကြားတွင်သာ လုံးချာလည်လိုက်ပြီး ဂျာအေးကိုသူ့အမေရိုက်ကာ မုန့်လုံးကို စက္ကူကပ် ဖြစ်ခဲ့ရသည်။

ထိုဘဝကိုယ်တွေ့ကြောင့်ပင် ဆောင်းပါးရှင် ဆရာသိန်းထက်အောင်၏ အင်္ဂလိပ်စာအသံထွက်မှန်ဖို့ ကြိုးစားကြရန် တိုက်တွန်းခြင်းကို ထောက်ခံအဆိုပြုလိုက်ရခြင်းဖြစ်ပါသည်။

## ဗမာစာမှားသူများ

သို့သော် ဆရာသိန်းထက်အောင်ကော အခြားစာဖတ်သူကောကိုပါ ကျွန်တော်ပြောချင်ပါသည်။ ကျွန်တော်တို့ ဗမာများသည် အင်္ဂလိပ်စာမှာသာ အသံထွက်မှားနေကြသည်မဟုတ်။ ကိုယ့်လူမျိုး ကိုယ့်စာပေများလည်း မှားယွင်းရွတ်ဖတ်နေကြပါသေးသည်။ ထိုအမှားအယွင်းမျိုးတို့သည် ရပ်ထဲရွာထဲတွင်သာ မှားနေကြသည်မဟုတ်။ ပညာတတ်ဟု အမည်ခံယူထားသော ထိုတတ်သည့်ပညာများကိုလည်း ပြန်လည်ဖြန့်ဝေသင်ကြားပေးနေသည်ဆိုသော ကျောင်းတော်သားများမှာပင် မှားယွင်းနေကြခြင်းဖြစ်ပါသည်။

ထိုအမှားအယွင်းတို့အနက်မှ အနည်းငယ်မျှလောက်ကို ရေးပြချင်ပါသည်။ ကုန်းဘောင်ခေတ်စာဆိုစလေဆရာကြီး ဦးပုညသည် သူ၏နိဗ္ဗိန္ဒအဖွဲ့တစ်ဖွဲ့တွင် စိတ်အေးလက်အေးနေလိုသည့် ကျောင်းသခ်မ်းလေးကို စိတ်ကူးကောင်းကောင်း၊ စကားလုံးကြွယ်ကြွယ်ဖြင့် ရေးဖွဲ့ပြထားပါသည်။ အထူးသဖြင့် စိတ်အေးလက်အေးနေလိုသော ကျောင်းသခ်မ်းလေးကို များပြားလှစွာသော ပန်းအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ဖွဲ့ထားရာ 'မုလေးရုံတောအစ' ဟု ပါရှိပါသည်။ ယင်းအဖွဲ့တွင် 'မုလေး' ကို (မလေး) ဟု အသံထွက်ရမည်ဖြစ်သော်လည်း စာလုံးပေါင်းအတို (မုလေး) ဟုသာ ရွတ်ဆိုနေကြသည်။

ထိုနည်းတူပင် 'မုရင်းထမင်း၊ ချဉ်ပေါင်ဟင်း' ဆိုသည့် အဖွဲ့ထဲမှ 'မုရင်း' ကို (မယင်း) ထွက်ရမည်မှန်သော်လည်း (မုယင်း) ဟုသာ ထွက်နေကြပါသည်။ ကောက်လျင်ကြီးဆန် နီတာလံမှ ကောက်လျင်သည်လည်း ရွတ်ဆိုနေကြသော (ကောက်လျင်) ဟု အသံမထွက်ရဘဲ (ကောက်ယင်) ဟုသာ အသံထွက်ကြရပါမည်။

မန္တလေးဆောင်းသည် 'လိပ်ပြာကအေးတာမို့' ဟုဖွဲ့ရလောက်အောင်ကို အအေးလွန်ကဲလွန်းပါသည်ဟု အချုပ်တန်းဆရာဇေက ဖွဲ့ဆိုပါသည်။ ထိုအဖွဲ့မှ 'လိပ်ပြာ' သည်လေမှာပျံဝဲပြီး ရောင်စုံတောင်ပံရှိသော ဝတ်ရည်စုပ်ပိုးကောင်ငယ်ကို ဆိုလိုသည်မဟုတ်။ ကျွန်တော်တို့ ဗမာလူမျိုးများယုံကြည်ယူဆကြသော စိတ်ဝိညာဉ်နာမ်ဓာတ်၊ အသက်ဓာတ်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ယင်းသို့ ဖွင့်ဆိုခဲ့သော အဓိပ္ပာယ်ထဲမှ 'ဝိညာဉ်' ဆိုသည်ကို (ဝတ်ညင်) ဟု အသံထွက်လျှင်မှားပါသည်။ (ဝိန်ညင်) ဟုသာ ထွက်ဆိုရပါမည်။ သို့သော်လည်း ကြီးကြီးငယ်ငယ် နယ်ပယ်အသီးသီးတို့၌မူ (ဝတ်ညင်) ဟူသော အသံတို့သာ နှုတ်ကျိုး၍ နေလေ၏။

ဝန်ကြီးပဒေသရာဇာသည် ကုန်းဘောင်ခေတ်၏ ထူးခြားသော စာဆိုတော်ကြီးတစ်ဦးဖြစ်ပါသည်။ သူသည် ဆင်းရဲသားပြည်သူတို့၏ဘဝအကြောင်းခြင်းရာတို့ကို ဘုန်းတော်ဘွဲ့များကြားမှ ထိုးထွက်ကာ 'တျာ' အမျိုးအစားတစ်မျိုးဖြင့် ဖော်ထုတ်ရေးဖွဲ့ပြခဲ့ပါသည်။ ထန်းသမားတို့၏ဘဝ၊ လယ်သမားတို့၏ဘဝ၊ ဆင်ဖမ်းသမားတို့၏ဘဝများစွာကို ကရုဏာသက်ဖွယ်၊ ကိုယ်ချင်းစာနာဖွယ်ဖြစ်စေရန် သာသာယာယာရွတ်ဆိုရသည့် တျာသံဖြင့် ရေးဖွဲ့ခြင်းလည်းဖြစ်သည်။ ထိုကဗျာအမျိုးအစား 'တျာ' ကို (တယာ) အသံထွက်ရ၏။ သို့သော် ဗမာစာသင်သော ဆရာတော်တော်များကပင် (တွာ) ဟူ၍ ရွတ်ဖတ်ထွက်ဆိုနေကြပါလေ၏။

မြန်မာ့ရုပ်သံတို့၌ ကြော်ငြာနေသော နို့ထွက်ပစ္စည်းကြော်ငြာတစ်ခုရှိပါသည်။ ကြော်ငြာမှာ 'နို့ကတကယ်ကောင်း၊ မုရောထည့်လို့ပေါင်း' ဆိုလား၊ 'မုယော ထည့်လို့ပေါင်း၊ နို့ကတကယ်ကောင်း' လားတော့ သေချာမသဲကွဲတော့။ ထိုစကားစုထဲမှ 'မုရော' ဆိုသော စကားလုံးကို (မယော) ဟု ထွက်မှသာ အမှန်ဖြစ်ပါသည်။ သို့သော် ကြော်ငြာသားအဖနှစ်ဦးသည် (မုယော) ဟုသာ ပြိုင်တူထွက်ဆိုကြပါသည်။

ယင်းတို့မှာ ကျွန်တော်တို့ ရွှေဗမာများ မှားယွင်းစွာ ရွတ်ဆိုနေကြသော ဗမာစကားများပင်ဖြစ်ပါသည်။ ကိုယ့်ဘာသာစကားကိုမှ မစောင့်ထိန်းမစောင့်ရှောက်နိုင်သော လူမျိုးသည် ကိုယ့်ယဉ်ကျေးမှု ကိုယ့်ဓလေ့တို့ကိုလည်း ကျေကျေလည်လည်သိရှိစောင့်ရှောက်နိုင်လိမ့်မည်မဟုတ်ဟု ထင်ပါသည်။ တို့ဗမာအစည်းအရုံးမှ သခင်များ 'တို့စကားကိုလေးစားပါ' ဟု ကြွေးကြော်ခဲ့သည်မှာ အကြောင်းမဲ့တော့ မဟုတ်ပါ။ ကိုယ့်စကားကို ချစ်မှသာ ကိုယ့်လူမျိုးကို ချစ်တတ်ပါမည်။ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားတတ်ပါမည်။ ကိုယ့်ဓလေ့ထုံးတမ်းကို မြတ်နိုးတတ်ပါလိမ့်မည်။ အကြောင်းမူ စကားသည် ထိုအကြောင်းခြင်းရာတို့ကို ပြောဆိုနိုင်သောကြောင့် ဖြစ်ပါသည်။

## တိုင်းရင်းသားစာ၊ တိုင်းရင်းသားစကား

ပြောရလျှင်ကမ္ဘာနှင့် ဆက်သွယ်ဖို့ရန်အတွက်၊ အင်္ဂလိပ်စာကို မှန်ကန်စွာ တတ်မြောက်ဖို့လိုသည်။ ထိုနည်းတူ ဗမာကိုဗမာပြန်မြင်နိုင်ဖို့အတွက်လည်း ဗမာစာကို မှန်မှန်သိဖို့လိုပါသည်။ ထိုသို့ဆိုပြီးလျှင်လည်း ဤအချက်နှစ်ခုတည်းဖြင့် လုံလောက်ပါပြီလားဟု မေးရန်ရှိပါသေးသည်။ ကျွန်တော်တို့ ဗမာပြည်အတွက်တော့ မလုံလောက်ဟုသာ ဖြေဆိုရပါမည်။ ကမ္ဘာကိုသိရန် အင်္ဂလိပ်စာ၊ ဗမာကိုသိရန် ဗမာစာတို့အပြင် တိုင်းရင်းသားတို့ကိုသိရန် တိုင်းရင်းသားစာတို့ကိုပါ သိရှိနားလည်ထားရန် လိုအပ်ပါသေးသည်။

အထူးသဖြင့် နိုင်ငံခေါင်းဆောင်တို့သည် တိုင်းရင်းသားဘာသာစကား တစ်မျိုးမျိုးလောက်တော့ တတ်ထားကောင်း၏ ဟုကျွန်တော်ထင်ပါသည်။ ယနေ့ကဲ့သို့သော အခါသမယတွင် အပစ်အခတ်ရပ်စဲရေးပွဲများ၊ ငြိမ်းချမ်းရေးပွဲများ ကျင်းပနေကြရာ ထိုနေရာမျိုးတွင် ရှမ်းနှင့်တွေ့လျှင် ရှမ်းလို၊ ချင်းနှင့်တွေ့လျှင် ချင်းလို၊ ကချင်နှင့်တွေ့လျှင် ကချင်လို၊ မွန်နှင့်တွေ့လျှင် မွန်လို၊ ကယားနှင့်တွေ့လျှင် ကယားလို စသည်ဖြင့် ဗမာခေါင်းဆောင်များက ပြောဆိုနိုင်က အဘယ်မျှကောင်းပါမည်နည်း။ ထိုအခါ တိုင်းရင်းသား လူမျိုးစုအသီးသီးတို့သည် ဗမာတွေ တို့စကားတို့စာပေကို အလေးဂရုပြုသားပဲဟု စိတ်အထင်ရောက်ကြမည်မှာ အမှန်ပင်ဖြစ်၏။ ကျေနပ်ကြမည်မှာ အသေအချာပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည်ပင် ကျွန်တော်တို့စကားဖြင့် ကျွန်တော်တို့ကိုလာနှုတ်ဆက်ကြသောအခါ ပီတိဖြစ်ရပါသည်။ ထိုသို့လာနှုတ်ဆက်သော တိုင်းခြားသားတို့ကို ပို၍ ခင်တွယ်သွားရပါသည်။ ဤသည်ကား၊ သူက တလေးတစား ကိုယ့်စကားကို သင်ယူ၍ ကိုယ်ကလည်း တလေးတစား ထိုသူတစ်ပါးကို ပြန်လည်ဆက်ဆံပေးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ဗမာပြည်၏ ငြိမ်းချမ်းရေးစခန်းတွင်လည်း ထိုနည်းလမ်းမျိုးကို မသုံးသင့်ပါသလော။

တိုင်းရင်းသားဘာသာစကားသည် ကျွန်တော်တို့ကို တိုင်းပြည်အတွက် လိုအပ်ပါသည်။ ထို့ကြောင့်ပင် နိုင်ငံခြားဘာသာစကားသင် တက္ကသိုလ်များ ဖွင့်လှစ်ထားသကဲ့သို့ တိုင်းရင်းသား ဘာသာစကားသင်တက္ကသိုလ်များလည်း ဖွင့်လှစ်ထားရှိသင့်ပါ၏။ ထိုတက္ကသိုလ်တို့မှ တိုင်းရင်းသား လူမျိုးတို့၏ ဘာသာစကားများကို သင်ယူ တတ်မြောက်စေရမည်ဖြစ်၏။ ယင်းမှာ အမျိုးသားနိုင်ငံတည်ဆောက်ရေးအတွက် အလိုင်းတကြီးလိုအပ်သော အခြေခံတရားဟု ကျွန်တော်ခံယူထားပါသည်။

သို့သော်ကျွန်တော်တို့ တိုင်းပြည်ကြီးမှာကား ထိုသို့မဟုတ်။ အောက်ပါပုံပြင်လေးတစ်ပုဒ်နှယ်သာ ဖြစ်နေပါသည်။

## ဗမာပြည်အတွက် ပုံပြင်

တစ်ခါက တိုင်းရင်းသားစကားလည်းမတတ်၊ အင်္ဂလိပ်စကားလည်း နားမလည်သော ဗမာကားသမားသည် ရှမ်းများနှင့် အင်္ဂလိပ်များကို တင်၍ ခရီးရှည်ကြီးတစ်ခုဆီ မောင်းနှင်လာသည်။ ခရီးရှည်လာသည်နှင့်အမျှ ဝမ်းလည်းဟာ ဗိုက်လည်းဆာ ဖြစ်လာကြသည်။ သို့သော်ခရီးလမ်း၌ ဘာမျှဝယ်စားစရာမရှိ၊ ဘာမျှမတွေ့၊ တစ်နေရာသို့ရောက်သောအခါ ငှက်ပျောတောကြီးကို လှမ်းမြင်ကြ၍ ထိုမျှဆာလောင်မွတ်သိပ်နေသော ရှမ်းလူသိုက်သည် 'ကွေ့' 'ကွေ့' ဟုအော်ဟစ်ကြ၏။ ကွေ့မှာ ရှမ်းဘာသာစကား။ ဗမာလိုအဓိပ္ပာယ်မှာ ငှက်ပျောသီးဖြစ်သည်။ ဒါကိုနားမလည်သောဗမာကားသမားသည် သူ့ကိုကွေ့ခိုင်းသည်အထင်နှင့် ကွေ့ချပစ်လိုက်ရာ ကားသည်လမ်းဘေးဆင်းလျှောကြီးအတိုင်း ထိုးဆင်းသွားလေသည်။

ကားသမားသည် ရပ်ကြည့်၏။ မရ။ ကွေ့ကြည့်၏။ မရ။ ကားဆင်းသွားသည့်အတိုင်းသာ ကမ္ဘာသကာ နေနေရသည်။ ကံကောင်းထောက်မစွာပင် ငှက်ပျောပုတ်တစ်ခုကို ဝင်တိုးပြီး ကားရပ်သွားသည်။ ထိုအခါ အင်္ဂလိပ်များက အသက်သခင် ကျေးဇူးရှင်ဖြစ်သော ငှက်ပျောတောကြီးကိုကြည့်ပြီး Oh my Banana ! ဟု ရေရွတ်လိုက်လေ၏။ ယင်းကို အင်္ဂလိပ်စာမတတ်သော ဗမာက သူ့ကိုဘယ်နားနားသွားလဲမေးသည် အထင်နှင့် ဘယ်နားမှုမနာပါဘူးဟု ဖြေလေ၏။ ဤသည်မှာ ပုံပြင်တစ်ပုဒ်သာ ဖြစ်ပါသည်။

သို့သော် တိုင်းပြည်၏ ပကတိအခြေအနေကို ဖော်ပြနေသော ပုံပြင်တစ်ပုဒ်ဟုလည်းခံစားမိပါသည်။ ကျွန်တော် ဆောင်းပါးနိဂုံးချုပ်ပါပြီ။ တတ်သိနားလည်သူများနှင့် ဆိုင်ရာပိုင်ရာများက ဆက်လက်စဉ်းစားတော်မူကြပါကုန်......။

ကျော်ထင်

# PERSPECTIVE

Foreign Affairs Vol. 1, No. 30, 2009 စာမျက်နှာ ၁၇ ပါ အယ်ဒီတာနှင့်ကိုသိချင် ဆွေးနွေးခန်းတွင် ဖော်ပြခဲ့သောဆောင်းပါးကို ယနေ့နိုင်ငံအခြေအနေများနှင့် တိုက်ဆိုင်နေသည့်အတွက် 'Customer ကိစ္စ' အမည်ဖြင့် ပြန်လည်ဖော်ပြပါသည်။
(အယ်ဒီတာ)

## Customer ကိစ္စ
## အယ်ဒီတာနှင့် ကိုသိချင် ဆွေးနွေးခန်း

ဇေယျာသူ



**ကိုသိချင်** ။ ။ အား၊ပါ၊ ဘာတွေများ၊ သဲကြီးမဲကြီး ကြည့်နေပါလိမ့်လို့၊ Customer is always right ဆိုပါလား။ ဒါများ၊ ဘာထူးဆန်းလို့လဲဗျာ။ အတော်ကိုရှိနေတဲ့ဟာပဲ။ 'ဝယ်သူအမြဲမှန်သည်' ဆိုပြီး မြန်မာလိုပြန်ထားတဲ့ စာတောင် အသားကျနေပြီ။

**အယ်ဒီတာ** ။ ။ ဒီ Concept ကို နယ်ပယ်အတော်များများမှာ သုံးလာကြလို့ပါဗျာ။

**ကိုသိချင်** ။ ။ ဈေးရောင်းတဲ့သူတွေ၊ ဝန်ဆောင်မှုပေးတဲ့သူတွေ သုံးကြတယ်လေဗျာ။

**အယ်ဒီတာ** ။ ။ ဟုတ်ပါတယ်။ အဲဒါမျိုးပါပဲ။

**ကိုသိချင်** ။ ။ ဒါဖြင့် ခင်ဗျားဟာ ဘာဆန်းလို့လဲ။

**အယ်ဒီတာ** ။ ။ ဈေးရောင်းတဲ့သူ၊ ဝန်ဆောင်မှုပေးတဲ့သူဆိုတာ နယ်ပယ်တိုင်းမှာ ရှိတယ်လေ။ နိုင်ငံရေးမှာပဲ ကြည့်ကြည့်၊ နိုင်ငံအုပ်ချုပ်တာမှာပဲကြည့်ကြည့် ဒီသဘောပဲလေ။ အဲဒီလိုပဲ လက်ခံလာကြ တယ်။ နိုင်ငံအုပ်ချုပ်တာမှာဆိုရင် ဟိုးအရင် ဘုရင်တွေခေတ်တုန်းက အုပ်ချုပ်သူက အုပ်ချုပ်ဖို့ စိုးစံဖို့ ဖွားမြင်လာတာ၊ ပြည်သူတွေက သူ့ရဲ့ အုပ်ချုပ်မှုကို ခံရုံပဲ။ သူကလည်း အမိန့်အာဏာနဲ့ပဲ အုပ်ချုပ်တယ်၊ တိုင်းသူပြည်သားတွေက နာခံရမယ်။ ကိုယ့်ကိုယ်ကိုယ် နေနတ်မျိုးနွယ်က ဆင်းသက်လာတယ်။ ဟိုးကမ္ဘာကြီးပေါ်စက အုပ်ချုပ်ခဲ့တဲ့ မဟာသမ္မတမင်းက ဆင်းသက်လာတယ် ပြောကြတာပဲ။ အနောက်နိုင်ငံတွေမှာတော့ ဘုရားသခင်က အပ်နှင်းတဲ့ အာဏာရထား တယ်။ ဘုရားသခင်ကို ကိုယ်စားပြုတယ်ဆိုပြီး ဘုရင်တွေက စိုးစံကြတာပဲ။ ထက်မြက်တာ မထက်မြက်တာ ဘေးချိတ်၊ မျိုးရိုးစဉ်ဆက် စိုးစံကြတယ်။ တိုင်းသူပြည်သားက ဘာမှမဟုတ်ဘူး။ အုပ်ချုပ်ခံသက်သက်။ နိုင်ငံတိုင်းလိုလို အဲဒီကာလမျိုးကို ကြုံဖူးခဲ့တာချည်းပဲ။

**ကိုသိချင်** ။ ။ အင်းလေ အဲဒါနဲ့ **ဝယ်သူအမြဲမှန်သည်**နဲ့ ဘာဆိုင်လို့လဲ။

**အယ်ဒီတာ** ။ ။ **အရင်ခေတ်တွေတုန်းက တိုင်းသူပြည်သားကို ဝယ်သူ၊ ဖောက်သည်လို့ သဘောမထားခဲ့ဘူးလေ။ သူတို့မှာ ဘာအခွင့်အရေးမှ မရှိသလောက်ပဲ။ ခုခေတ်မှာတော့ ပြည်သူက Customer ဖြစ်လာပြီ။ အစိုးရဆိုတာ ဝန်ဆောင်မှု Service ပေးတဲ့သူ၊ အလုပ်အကျွေးပြုတဲ့သူလို့ သဘောထားလာပြီ။ အရင်ခေတ်က အုပ်ချုပ်သူအရာရှိကြီးဆိုတာ နယ်စား၊ ပယ်စားတွေ။ နယ်မြေကို သူတို့ပိုင်တယ်ဆိုတဲ့သဘော။ ခုခေတ်ကျတော့ မဟုတ်တော့ဘူး။ ခေါ်တာတောင်ကြည့်ပါလား၊ Government Servant တဲ့၊ ဒါပေမဲ့ ဒီစကားလုံးက အဓိပ္ပာယ်လွဲနိုင်သေးတယ်။ အစိုးရဝန်ထမ်း၊ အစိုးရကို အလုပ်အကျွေးပြုတဲ့သူဆိုပြီးတော့။ Public Servant လို့ သုံးလိုက်တော့ ရှင်းရော။ ပြည်သူ့ဝန်ထမ်း၊ ပြည်သူကို အလုပ်အကျွေးပြုတဲ့သူဖြစ်သွားရော။ ပြည်သူက Customer ၊ သူ့မှာ Service ကို ရပိုင်ခွင့်ရှိတယ်။ ဒီမှာ Custombe is always right ကိစ္စ ဝင်လာပြီ။ ခုနက ဝန်ဆောင်မှုတွေကို ကောင်း၊ မကောင်း၊ သင့်လျော် မသင့်လျော် သူ့မှာ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ သူ့ဆုံးဖြတ်ချက်က အမှန်ပဲ။**

**ကိုသိချင်** ။ ။ Customer က ဝေဖန်ပိုင်းခြားနိုင်တဲ့ ဉာဏ်သိပ်မရှိဘူးဆိုရင်ရော။

**အယ်ဒီတာ** ။ ။ အတော်ကောင်းတဲ့ မေးခွန်းပဲ။ ဘာဖြစ်ဖြစ် Customer is always right ပဲ။ သူအမြဲမှန်မှတော့ သူ့ကို မေးခွန်းထုတ်နေလို့မရဘူး။ သူပဲ မှန်နေတယ်။

**ကိုသိချင်** ။ ။ ဘယ်လိုကြီးလဲ။

**အယ်ဒီတာ** ။ ။ ဟုတ်တယ်လေ။ ဒီကိစ္စက ခုအချိန်ထိ အငြင်းအခုံ ဖြစ်နေတုန်းပဲ။ အသည်းကြားက မဲတစ်ပြားဆိုတဲ့စကား ကြားဖူးမှာပေါ့။ ရွေးကောက်ပွဲတွေမှာ Customer မှန်သွားတာပဲ။ မဲအများစုရရင် အနိုင်ကို။ Customer ကြိုက်ရင် ပြီးသွားတာပဲ၊ ခုထိုင်းမှာဖြစ်နေတာ ဒါပဲလေ။ Customer တွေက ရွေးလိုက်တာ တစ်ယောက်။ ဒါကို Customer တွေ မှားပါတယ်။ Customer တွေ သိပ်ဦးနှောက်မရှိဘူးဆိုပြီး ရလဒ်ကို မကြိုက်လို့ အခြေခံဥပဒေတောင် ပြင်လိုက်ကြသေးတယ်။

**ကိုသိချင်** ။ ။ အင်း၊ ရွေးကောက်တင်မြှောက်တဲ့စနစ်ထားရှိတဲ့ ဒီမိုကရေစီစနစ်မှာ Customer is always right ဖြစ်နေမှာပဲပေါ့။

**အယ်ဒီတာ** ။ ။ ဒါပေါ့။ ဒါပေမဲ့ခုနကလိုအခြေအနေမျိုးလည်း ဖြစ်နိုင်တာပဲ။

**ကိုသိချင်** ။ ။ ဒါပေမဲ့ Customer ရဲ့ အရည်အသွေးကောင်းဖို့တော့ လိုမယ်ဗျို့။ မကောင်းရင်တောင် ကောင်းအောင်လုပ်ရမယ်။ အကောင်းကို မကြိုက်တတ်ရင် အကောင်းကိုကြိုက်တတ်လာအောင် လုပ်ရမယ်နဲ့တူတယ်။

**အယ်ဒီတာ** ။ ။ ဩော် Customer ကို ဦးဆောင်နေတဲ့ အရောင်းသမားတွေလည်း ရှိပါတယ်။ သူတို့က Customer မသိတာတွေကို ပြောပြတယ်။ Customer မသုံးဖူးတဲ့ ထုတ်ကုန်တွေကို ပြသတယ်။ Customer ဆိုတာလည်း ဘယ်လောက် အတဲ့သူဖြစ်ဖြစ် ကောင်းတာကိုတော့ သိကြပါတယ်။ ခုမသိလည်း နောက်တော့ သိလာတာပေါ့။

**ကိုသိချင်** ။ ။ ခင်ဗျားက နယ်ပယ်စုံ မှာ Customer is always right ခေတ်စားလာတယ်ဆိုပြီး အခုက နိုင်ငံရေး နယ်ပယ်မှာပဲ ပြောနေတယ်။

**အယ်ဒီတာ** ။ ။ နှစ်ခုပါ။ အုပ်ချုပ်ရေးနဲ့ နိုင်ငံရေး။ ခေါင်းဆောင်မှုမှာလည်း ဒီအတိုင်းပဲ။ ခင်ဗျားလည်း ခေါင်းဆောင်မှုနဲ့ ပတ်သက်တဲ့ ဟောပြောပွဲတွေဆို နေပူ မိုးရွာမရှောင် သွားတက်နေတဲ့သူ ကြားဖူးမှာပေါ့။ Servant Leadership ဆိုတာ။ ခေါင်းဆောင်က နောက်လိုက်ကို အလုပ်အကျွေးပြုပြီး ဦးဆောင်ရတဲ့သဘောပေါ့။ နောက်လိုက်တွေက ခေါင်းဆောင်ရဲ့ Customer တွေ။ ရုတ်တရက်တော့ တစ်မျိုး ကြီးပဲ။ နောက်လိုက်တွေထက် ပိုထက်မြက်တဲ့ ခေါင်းဆောင်က နောက်လိုက်တွေကို အလိုလိုက် အကြိုက်ဆောင်ရမယ်ဆိုတော့ တကယ့်တစ်မျိုးကြီးပဲ။ အဲဒီသဘောတရားက အတော်လေး ပြန့်ပွားနေပြီ။ တကယ်တော့ Customer is always right က အသစ်အဆန်းလိုလိုနဲ့ အရင်ကတည်းက ရှိပြီးသားပါ။

**ကိုသိချင်** ။ ။ လုပ်ပြန်ပြီ ခင်ဗျားကတော့။

**အယ်ဒီတာ** ။ ။ **ဟုတ်တယ်လေ။ ခင်ဗျားအောင်မြင်မှုကို ဘယ်သူက ဆုံးဖြတ်သလဲ။ Customer ပဲလေ။ စာရေးဆရာတစ်ယောက် ဘယ်လောက်အောင်မြင်တယ်ဆိုတာ Customer တွေက ဆုံးဖြတ်တယ်၊ ဘယ်လောက် လူတွေဖတ်ကြသလဲ၊ ဘယ်လောက်ကြာကြာ လူတွေရဲ့စိတ်ထဲမှာ စွဲကျန်ခဲ့သလဲ ဒါတွေပဲ၊ သီချင်းတစ်ပုဒ် ပေါက်သွားတယ်၊ ဘယ်သူကြောင့်လဲ၊ ဘယ်သူက ဆုံးဖြတ်တာလဲ၊ Customer ပဲလေ၊ သီချင်းဆိုတဲ့သူက ဖြတ်တာ မဟုတ်ဘူး။ သီချင်းဆိုတဲ့သူ သွားမေးရင် သူကြိုက်တဲ့သီချင်း၊ ပေါက်မယ်ထင်တဲ့ သီချင်းနဲ့ တကယ်ပေါက်တဲ့ သီချင်းနဲ့ကွဲလွဲနေတာ ခဏခဏပဲ၊ ခင်ဗျား ပတ်ဝန်းကျင်မှာ ခင်ဗျား ဘယ်လိုလူဆိုတာ ဘယ်သူက ဖြတ်တာလဲ၊ Customer ပဲလေ၊ ခင်ဗျားရဲ့ တကယ့်ကိုယ်ရည်ကိုယ်သွေးနဲ့ သူတို့ သတ်မှတ်ထားတာနဲ့ တူချင်မှတူမယ်။ ဥပမာ-ခင်ဗျားက ရှက်တတ်လို့၊ လူကြောက်တတ်လို့ လူတွေနဲ့ မရောတာ၊ ဒါပေမဲ့ ခင်ဗျားကို မာနကြီးတယ်လို့ သတ်မှတ်ထားရင် သတ်မှတ်ထားမယ်၊**

**ကိုသိချင်** ။ ။ Customer လွဲသွားပြီပေါ့။

**အယ်ဒီတာ** ။ ။ **Customer လွဲတယ်ဆိုတာ မရှိဘူးလေ၊ ခင်ဗျားကလည်း ကျွန်တော် ထပ်ခါထပ်ခါ ပြောနေရက်နဲ့၊ ဒါပေမဲ့ Customer ရဲ့စိတ်ကို ခင်ဗျားက လွှမ်းမိုးလို့ရတယ်၊ Marketing ပေါ့၊ Marketing ကောင်းရင် စားသွားတာပဲ၊ ဒါမှမဟုတ်လည်း Customer ကို ပညာပေးပေါ့၊ Customer ဆိုတာ အမြဲပြောင်းလဲနေတာလေ၊ ဒီနေ့ ဒီရက်မှာ Customer က ခင်ဗျားမှ ခင်ဗျား ဖြစ်နေပေမယ့် နောက်နေ့ ကျ ခင်ဗျားကို မျက်နှာတောင်မကြည့်ချင်ဘူး၊ ဖြစ်ချင်ဖြစ်သွားလိမ့်မယ်၊ Customer အသစ်တွေလည်း ပေါ်လာလိမ့်မယ်၊ ခင်ဗျားရဲ့ Customer အဟောင်းတွေလည်း အသက်ကြီးသွားချင်သွားမယ်၊ Customer ဆိုတာကလည်း အမြဲအရိပ်ကြည့်နေရတာကိုး၊ Customer is always right မဟုတ်လား။**

ဇေယျာသူ

## CARTOON OF THE WEEK



# အမတ်တွေအားလုံး ဒီမိုကရက်လား

ပိုက်တင်



ဒီမိုကရေစီပေါ်ထွန်းဖို့ လူထုတစ်ရပ်လုံးနဲ့ နိုင်ငံရေးနယ်ပယ်က ပုဂ္ဂိုလ်များအားလုံးက ဝိုင်းဝန်းကြိုးပမ်းဖို့လိုအပ်တယ်ဆိုပေမယ့် လွှတ်တော်များဟာ အဓိကကျပြီး တာဝန်လည်းအရှိဆုံးဖြစ်သလို ဒီမိုကရေစီစနစ်ခိုင်ခိုင်မာမာပေါ်ပေါက်နိုင်ရေးအတွက် တာဝန်လည်း အများဆုံးဖြစ်ပါတယ်။ အကြောင်းကတော့ ဒီမိုကရေစီနဲ့ကိုက်ညီမှုမရှိတဲ့ ဥပဒေများကို ဖျက်သိမ်းခြင်း ၊ ပြုပြင်ခြင်းနဲ့ ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းခြင်းစတဲ့ အလုပ်ကို လွှတ်တော်များက လုပ်ကိုင်ဖို့ တာဝန်ရှိနေတာကြောင့်ဖြစ်ပါတယ်။

လွတ်လပ်ရေးအကြိုကာလ မြန်မာနိုင်ငံရဲ့လွှတ်တော်လိုပဲ ဒီကနေ့ကာလလွှတ်တော်များဟာ တိုင်းပြုပြည်ပြုလွှတ်တော်များဖြစ်ပါတယ်။ ကိုလိုနီအုပ်ချုပ်ရေးအောက်ကနေ လွတ်မြောက်တဲ့အချိန် တစ်နည်းအားဖြင့် လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးဖို့ ဒီမိုကရေစီထွန်းကားဖို့ကြိုးပမ်းဆောင်ရွက်ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ အဲဒီခေတ်အခါက တိုင်းပြုပြည်ပြုလွှတ်တော်လို့ သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိလွှတ်တော်များကလည်း အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ဆီ အကူးအပြောင်းမှာ အဓိကကျတဲ့အခန်းကဏ္ဍကနေ ပါဝင်နေတာကြောင့် တိုင်းပြုပြည်ပြုလွှတ်တော်များပဲဖြစ်ပါတယ်။

**လူထုက ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဒီမိုကရေစီထွန်းကားရေးအတွက် ရှေ့ဆုံးကနေ တာဝန်ယူထားရတဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ လွှတ်တော်အမတ်များဟာ ဒီမိုကရေစီရဲ့အဓိပ္ပာယ်နဲ့ အနှစ်သာရကို ယုံကြည်ကြသူများဖြစ်ဖို့၊ ဒီမိုကရေစီကို အမှန်တကယ် ချစ်မြတ်နိုးကြသူများဖြစ်ဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီမိုကရေစီဖြစ်ထွန်းဖို့အတွက် အလုပ်လုပ်နေကြတယ်ဆိုတဲ့ လက်ရှိလွှတ်တော်များမှာ အမတ်ဘယ်လောက်များများက ဒီမိုကရက်တွေဖြစ်မလဲ၊ ဒီမိုကရေစီကို အမတ်ဘယ်လောက်များများက အမှန်တကယ်သိရှိနားလည်ကြမလဲ၊ ယုံကြည်မြတ်နိုးကြမလဲဆိုတာ ဆန်းစစ်ကြည့်သင့်တဲ့ကိစ္စရပ်တစ်ခုလို့ ရှုမြင်မိပါတယ်။ ဒီမိုကရက်အမတ်များ များများ စားစားရှိပါမှ ဒီမိုကရေစီ မြန်မြန်ဆန်ဆန်ပေါ်ပေါက်နိုင်မှာဖြစ်ပြီး ဒီမိုကရေစီကို ဟန်ပြယုံကြည်သူများ၊ ဒီမိုကရေစီသဘောတရားများကို လေ့လာသိရှိထားခြင်းမရှိတဲ့၊ နှစ်နှစ်ကာကာယုံကြည်သက်ဝင်ခြင်းမရှိတဲ့ အမတ်တွေများနေသေးရင် ဒီမိုကရေစီထွန်းကားဖို့ဖြစ်နိုင်မဖြစ်နိုင်ဆိုတာလည်း မေးခွန်းထုတ်ရမယ့်ကိစ္စပါ။**

ဒီနေရာမှာ အမတ်တွေ ဒီမိုကရက်ဖြစ် မဖြစ် (ဒီမိုကရေစီကို ခံယူကျင့်သုံးသူတွေဖြစ် မဖြစ်) အလွယ်တကူလေ့လာဆန်းစစ်နိုင်ဖို့ လူထုကိုယ်စားလှယ်ဖြစ်သူ ပုဂ္ဂိုလ်နှစ်ဦးကို ဥပမာအနေနဲ့ ဖော်ပြလိုပါတယ်။ လူထုအနေနဲ့ မိမိတို့ကံကြမ္မာကို ဖန်တီးပေးမယ့် လူထုကိုယ်စားလှယ် (လွှတ်တော်အမတ်များကို) အမြော်အမြင်ကြီးကြီးနဲ့ ရွေးချယ်တင်မြှောက်နိုင်ကြဖို့လည်းအရေးကြီးသလို နောင်လာမယ့်ရွေးကောက်ပွဲများမှာ ပါတီစွဲ ပုဂ္ဂိုလ်စွဲများကိုဖယ်ရှားပြီး ကိုယ်ရည်ကိုယ်သွေးပြည့်မီသူများကို ရွေးချယ်တင်မြှောက်နိုင်ရေးဟာ အရေးကြီးတဲ့ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။

ပထမဆုံးတပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်၊ အရင်စစ်အစိုးရလက်ထက်မှာ ဝန်ကြီးရာထူးနဲ့ အစိုးရအဖွဲ့ဝင်လည်းဖြစ်ခဲ့ဖူးသူ လက်ရှိပြည်ခိုင်ဖြိုးပါတီရဲ့လွှတ်တော်အမတ် သူရဦးအောင်ကိုနဲ့ပတ်သက်လို့ ဖော်ပြချင်ပါတယ်။ စစ်အာဏာရှင်ခေတ်မှာ ကြီးမားတဲ့တာဝန်တွေ ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ လူကြိုက်မများလှတဲ့ ပြည်ခိုင်ဖြိုးပါတီဝင်လည်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒီပုဂ္ဂိုလ်ရဲ့ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံနဲ့ ခံယူချက်များကိုကြည့်ရင် အံ့သြစရာကောင်းလောက်အောင် ဒီမိုကရက်တစ်ယောက်ဖြစ်နေတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

လက်ရှိနိုင်ငံရေးအခင်းအကျင်းနဲ့ ရှေ့အလားအလာ၊ ဒီမိုကရေစီတည်**ဆောက်ရေးခရီးလမ်း တည်မြဲရေးအတွက် လုပ်ဆောင်သင့်တဲ့အချက်များ၊ ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးတို့နဲ့ပတ်သက်လို့ လက်တွေ့ကျတဲ့ အယူအဆများရှိနေတာလည်း တွေ့ရပါတယ်။ ဒါဟာ တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့ချိန်နဲ့ အရင်အစိုးရလက်ထက် အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် တာဝန်ယူခဲ့ချိန်အတွင်း ရရှိခဲ့တဲ့ အတွေ့အကြုံများကို အကျိုးရှိရှိအသုံးချနိုင်ခြင်း၊ နိုင်ငံရေးနဲ့ပတ်သက်လို့ လေ့လာဆည်းပူးမှု အားကောင်းခြင်းနဲ့ လူထု နဲ့ နိုင်ငံတော်အပေါ် စေတနာမှန်ခြင်း( ဒီမိုကရေစီကိုယုံကြည်ခြင်း )တို့ အချိုးကျကျပေါင်းစပ်မိခြင်းကြောင့်ပဲဖြစ်ပါတယ်။**

သူက ငြိမ်းချမ်းရေးရရှိဖို့ နှစ်ဖက်ထားရှိရမယ့်သဘောထားတွေကိုအမှန်အတိုင်းမြင်ပြီး ပွင့်ပွင့်လင်းလင်း ဘက်လိုက်မှုကင်းကင်း ပြောဆိုလေ့ရှိပါတယ်။ မြန်မာနိုင်ငံနဲ့အသင့်တော်ဆုံးသော နိုင်ငံတည်ဆောက်ရေးလမ်းကြောင်းကိုလည်း အစဉ်သဖြင့် တွေးခေါ်ကြံဆနေသူဖြစ်ပါတယ်။ ဘာသာရေးနဲ့ နိုင်ငံရေးကင်းမှ မတူညီတဲ့ယဉ်ကျေးမှု၊ ယုံကြည်မှုများ အတူတကွ အေးချမ်းစွာယှဉ်တွဲရပ်တည်ခွင့်ရှိမှသာ ဒီမိုကရေစီဖြစ်ထွန်းမယ်ဆိုတဲ့ ဒီမိုကရက်တစ်ယောက်မှာရှိရမယ့် နိုင်ငံရေးအမြင်လည်း ခိုင်ခိုင်မာမာရှိနေသူဖြစ်ပါတယ်။

ဒီမိုကရက်တစ်ယောက်ဖြစ်တယ်လို့ ပြောရတဲ့ အဓိကအကြောင်းရင်းကတော့ လက်ရှိဒီမိုကရေစီနဲ့မကိုက်ညီတဲ့ အခြေခံဥပဒေကိုပြင်ဆင်မှသာ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မယ်၊ ဒီမိုကရေစီတည်ဆောက်နိုင်မယ်လို့ သူက အခိုင်အမာယုံကြည်တဲ့သူဖြစ်နေလို့ပါပဲ။ ဗိုလ်ချုပ်ဟောင်းတစ်ယောက်၊ စစ်အစိုးရအဖွဲ့ဝင်တစ်ယောက်ဖြစ်ခဲ့သူ ပုဂ္ဂိုလ်တစ်ယောက်မှာ ဒီလိုခံယူချက်နဲ့ အတွေးအခေါ်များ ရှိနေခြင်းက အံ့အားသင့်စရာဖြစ်ပြီး စစ်အစိုးရ အမွေခံပါတီက လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေပေမယ့် (လူထုထောက်ခံမှုမရတဲ့ပါတီရဲ့ပါတီဝင်ဖြစ်ပေမယ့် )ပုဂ္ဂိုလ်ရေးအရ မလေးစားဘဲ မနေနိုင်အောင်၊ နိုင်ငံရေးရပ်တည်ချက် မှန်ကန်သူတစ်ယောက်ဖြစ်နေတာ တွေ့ရပါတယ်။

**တပ်မတော်နဲ့ လူထုစည်းလုံးညီညွတ်ရေး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ကနေလာတဲ့ ဒီမိုကရက်တွေ နိုင်ငံရေးနယ်ပယ်မှာရှိနေခြင်းက မြန်မာနိုင်ငံ အနာဂတ်ခရီးလမ်းဖြောင့်ဖြူးဖို့ အာမခံချက်တစ်ရပ်လည်းဖြစ်တယ်ဆိုရင် ငြင်းနိုင်မယ်မထင်ပါဘူး။ သူရဦးအောင်ကိုလို ပုဂ္ဂိုလ်အမြောက်အမြားပေါ်ထွက်လာမယ်ဆိုရင် လူထုအနေနဲ့ ဝမ်းမြောက်ဝမ်းသာလက်ကမ်းကြိုဆိုသင့်တယ်လို့ ယူဆမိပါတယ်။**

နောက်ထပ်ဖော်ပြလိုတဲ့ လူထုကိုယ်စားလှယ်တစ်ယောက်ကတော့ အတိုက်အခံဘက်ကအမတ်တစ်ယောက်ပါ။ ကျွန်တော်ကိုယ်တိုင် ဆန္ဒမဲပေးခဲ့တဲ့၊ သူ့ရဲ့မဲဆန္ဒနယ်မှာ အနိုင်ရရှိဖို့ ကျွန်တော်ကိုယ်တိုင်က တတ်စွမ်းသလောက် ပါဝင်ကြိုးပမ်းပေးခဲ့တဲ့ လူထုက စစ်စစ်မှန်မှန်ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတဲ့အမတ်တစ်ယောက်လည်းဖြစ်ပါတယ်။ အခု ဒီနေရာမှာ သူ့အကြောင်းကို ဥပမာအနေနဲ့ ဖော်ပြခြင်းက မဲဆန္ဒရှင်တစ်ယောက်အနေနဲ့ လူထုကိုယ်စားကျွန်တော့်ရဲ့သဘောထားကို တင်ပြခြင်းလည်းဖြစ်ပြီး လူထုကိုယ်စားလှယ်များအနေနဲ့ လူထုဆန္ဒသဘောထားကို လေးစားဖို့နဲ့ ဒီမိုကရေစီနဲ့ပတ်သက်ရင် လေးလေးနက်နက်ခံယူကျင့်သုံးနိုင်တဲ့ နိုင်ငံရေးသမားများဖြစ်ဖို့ သတိပေးလိုတဲ့ဆန္ဒနဲ့ အလေးအနက်ရေးသားဖော်ပြခြင်းလည်းဖြစ်ပါတယ်။

**၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ အဓိက အတိုက်အခံပါတီကြီး(NLD) က ရွေးကောက်ပွဲကို ဆန့်ကျင်ခဲ့ပါတယ်။ လူထုကို ရွေးကောက်ပွဲမှာ မဲမထည့်ကြဖို့ စည်းရုံးပြောဆိုမှုများလည်းရှိပါတယ်။ ရွေးကောက်ပွဲနည်းလမ်းဖြင့်သာ ဒီမိုကရေစီဘက်ကို ဦးတည်ရွေ့လျားနိုင်မယ်လို့ အခိုင်အမာယုံကြည်တဲ့ ကျွန်တော့်လို နိုင်ငံရေးစိတ်ပါဝင်စားသူများက ၁။ လူထုကို ရွေးကောက်ပွဲမှာ မဲထည့်ကြဖို့ တတ်စွမ်းသမျှ စည်းရုံးကြပါတယ်။ ၂။ အတိုက်အခံပါတီကြီးက ရွေးကောက်ပွဲမဝင်လေတော့ ရှိတဲ့အတိုက်အခံထဲကပဲ သင့်တော်တဲ့သူတွေကို မဲပေးဖို့ ကြိုးစားပမ်းစား စည်းရုံးပြောဆိုခဲ့ကြပါတယ်။ မဲရုံများကို တင်းတင်းကျပ်ကျပ်စောင့်ကြည့်တဲ့ ရွေးကောက်ပွဲဖြစ်ပြီး အတိုက်အခံပါတီတွေ နိုင်ဖို့ ဘယ်လောက်ခဲရာခဲဆစ် လုပ်ခဲ့ကြရသလဲဆိုတာ လူထုက ကောင်းကောင်းကြီး အမှတ်ရနေမယ်လို့ ယုံကြည်ပါတယ်။**

NDF ပါတီဆိုတာ NLD ပါတီက ခွဲထွက်လာတဲ့သူတွေ ဖွဲ့စည်းထားတဲ့ပါတီဖြစ်ပါတယ်။ ရွေးကောက်ပွဲဝင်တဲ့အမှတ်တံဆိပ်ကလည်း ၁၉၉၀ ရွေးကောက်ပွဲမှာ NLD အသုံးပြုခဲ့တဲ့ ခမောက်အမှတ်အသားဖြစ်ပါတယ်။ ဒီတော့ NLD ပါတီအပေါ်သံယောဇဉ်ရှိခဲ့တဲ့ ကျွန်တော်တို့လို သူတွေအားလုံးက NDF အမတ်တွေကိုမဲပေးဖို့ စည်းရုံးပြောဆိုပေးရုံမကဘဲ ကိုယ်တိုင်လည်း NDF ကို မဲပေးခဲ့ကြပါတယ်။ အတိုက်အခံပါတီများအနက် ၂၀၁၀ ရွေးကောက်ပွဲမှာ NDF အမတ်တွေတော်တော်များများ အနိုင်ရရှိခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်ပါဝင်ပြီး မဲဆွယ်စည်းရုံးပေးခဲ့တဲ့၊ ကိုယ်တိုင်လည်းမဲပေးခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် မဲဆန္ဒနယ်က အမတ်ဖြစ်သူ ဒေါ်ခင်ဝိုင်းကြည်ဟာ ဒီမိုကရေစီသဘောတရားတွေကို မျက်ကွယ်ပြုပြီး ဒီမိုကရေစီထွန်းကားရေးအတွက် အဟန့်အတားဖြစ်စေဖို့ လုပ်ကိုင်ဆောင်ရွက်နေတာကို မြင်ရတွေ့ရတဲ့အခါ ကျွန်တော်တို့ မဲဆန္ဒရှင်များဟာ ဝမ်းနည်းပက်လက် ယူကျုံးမရဖြစ်ကြရပါတယ်။ ဒေါ်ခင်ဝိုင်းကြည်က ဒီမိုကရေစီနဲ့လုံးဝကိုက်ညီမှုမရှိတဲ့ အခြေခံဥပဒေက ပုဒ်မအချို့ကို ပြင်ဆင်မယ့်ကိစ္စ လုံးဝဆန့်ကျင်ကြောင်း၊ အားသွန်ခွန်စိုက် ပြောဆိုလုပ်ကိုင်နေတာဖြစ်ပါတယ်။

**ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပုဒ်မ ၅၉ ပြင်ဆင်ရေးကို ဒေါ်စုသမ္မတဖြစ်ရေး မဖြစ်ရေးအတွက် ပြောဆိုလိုခြင်းမဟုတ်ဘဲ ဒီမိုကရေစီနဲ့ ကိုက်ညီမှုမရှိတဲ့ပြဋ္ဌာန်းချက်ကို မဖြစ်မနေပြင်ဆင်ဖို့လိုအပ်တယ်ဆိုတာ ပြောဆိုလိုခြင်းဖြစ်ပြီး ဒီမိုကရေစီကို အမှန်တကယ်ယုံကြည်မြတ်နိုးသူ ဘယ်သူမဆိုဟာလည်း ဒီသဘောထားရှိကိုရှိရမှာဖြစ်ပြီး အထူးသဖြင့် လူထုကိုယ်စားလှယ်များအနေနဲ့ အထူးသတိထားပြီးဆင်ခြင်ဖို့ လိုအပ်တယ်ဆိုတာ ပြောဆိုလိုခြင်းဖြစ်ပါတယ်။ အခြေခံဥပဒေကိုဘယ်လောက်အချိန်အတွင်း ဘယ်လောက်အတိုင်းအတာအထိ ပြင်ဆင်လို့ရနိုင်မယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ပါဘူး။ အခြေအနေတွေပေါ်မှာ လုံးလုံးမူတည်နေတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမိုကရက်မှန်ရင် ဒီမိုကရေစီစံနှုန်းတွေကို မဖြစ်မနေ ယုံကြည်ဖို့လိုအပ်ပါတယ်။ စံနှုန်းတွေနဲ့ ကိုက်ညီတဲ့အထိ အခြေခံဥပဒေကိုပြင်ဆင်ရမယ်ဆိုတဲ့အချက်ကို ဒီမိုကရက်အားလုံးက ယုံကြည်ကြပါတယ်။**

ဒီလိုယုံကြည်မှုမရှိရင်လည်း လုံးဝ ဒီမိုကရက်မဟုတ်ပါဘူး။ ဘာသာသာသနာကို ကာကွယ်စောင့်ရှောက်ရမယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဘာသာသာသနာတည်တံ့ရေးကိစ္စဆိုတာလည်း နိုင်ငံရေးစနစ်ကောင်းမှု၊ ဒီမိုကရေစီထွန်းကားမှုဖြစ်နိုင်မယ်ဆိုတာ သတိပြုကြဖို့လိုအပ်ပါတယ်။ နောက်တစ်ခုက ဘာသာသာသနာထွန်းကားရေး တည်တံ့ရေးကိစ္စကို အဓိကတာဝန်ယူထားတဲ့ ရဟန်းသံဃာတော်များ ကျွန်တော်တို့မှာ ရှိပြီးဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်များက ရဟန်းသံဃာတော်များ၊ သာသနာရေးကိစ္စများ ထမ်းရွက်နိုင်ဖို့ လှူဒါန်းပံ့ပိုးကြရမှာဖြစ်ပါတယ်။

**နိုင်ငံရေးကိစ္စမှာတော့ အများကြီးပိုပြီးကျယ်ပြန့်တဲ့ အမြင်တွေ၊ အယူအဆတွေရှိဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးသမားတွေဟာ ဘာသာရေးကိစ္စ ပြောဆိုလုပ်ကိုင်မယ်ဆိုရင် တခြားဘာသာကိုးကွယ်ယုံကြည်ကြသူများဖြစ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့သဘောထားနဲ့ ခံစားချက်များကို ထည့်စဉ်းစားဖို့လိုပါမယ်။ သူတို့သဘောထားဆန္ဒတွေ၊ အယူအဆတွေကို မျက်ကွယ်ပြုလို့လုံးဝမရပါဘူး။**

တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ပြည်ထောင်စုနိုင်ငံတစ်ခုမှာ ဒီမိုကရေစီကိုတည်ဆောက်မယ်ဆိုရင် ကျယ်ပြန့်တဲ့အမြင်တွေ၊ အယူအဆတွေကို မဖြစ်မနေ အခြေခံကြဖို့လိုပါမယ်။ တိုင်းရင်းသားတွေရဲ့လွတ်လပ်ခွင့်များ၊ ကိုးကွယ်ယုံကြည်မှုများနဲ့ ယဉ်ကျေးမှုများကို မျက်ကွယ်ပြုပြီးတော့ တစ်ဖက်ကလည်း ဒီမိုကရေစီတည်ဆောက်နေပါတယ်လို့ ပြောနေရင် ဘယ်တိုင်းရင်းသားလူမျိုးစုကမှ ယုံကြည်မှာမဟုတ်သလို သူတို့တစ်တွေရဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကိုလည်းမရနိုင်ပါဘူး။ ကျွန်တော်တို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့ မဖြစ်မနေလိုအပ်တဲ့ စည်းလုံးညီညွတ်မှုတည်ဆောက်ရေးကလည်း ခက်ခဲနေဦးမှာဖြစ်ပါတယ်။

ကျွန်တော်တို့မြို့နယ်က လွှတ်တော်အမတ်ကို ပြည်ခိုင်ဖြိုး အမတ်သူရဦးအောင်ကိုနဲ့ နှိုင်းယှဉ်စဉ်းစားမိပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒေါ်ခင်ဝိုင်းကြည်သာမက သူ့ရဲ့မိခင်ပါတီကိုယ်တိုင်ပင်လျှင် နောင်ရွေးကောက်ပွဲများမှာ ရွေးချယ်တင်မြှောက်ခံရဖို့သိပ်မလွယ်လှတော့ပါဘူး။ ၂၀၁၀ မှာ အခြေအနေပေး အခါအခွင့်သင့်လို့သာ ရွေးချယ်ခံခဲ့ရခြင်းဖြစ်ပါတယ်။ အမှန်က လူထုကိုချစ်ရင် ဒီမိုကရေစီကိုယုံကြည်ရင် ရလာတဲ့အခွင့်အရေးကိုအသုံးချပြီး ဒီမိုကရေစီရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်သင့်ပါတယ်။ ကြုံတောင့်ကြုံခဲ ရတောင့်ရခဲ အခွင့်အရေးကို ကောင်းစွာအသုံးချပြီး ကောင်းမွန်မြင့်မြတ်တဲ့ သမိုင်းကို ရေးနိုင်တာလည်းဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက် ပြောဆိုလုပ်ကိုင်တဲ့ လူထုကိုယ်စားလှယ်ဟာ ဘယ်ပါတီကပဲဖြစ်ဖြစ် လူထုကိုဆန့်ကျင်သူဖြစ်မယ်ဆိုတာ သတိချပ်သင့်ပါတယ်။ ပြည်ခိုင်ဖြိုးအမတ် သူရဦးအောင်ကိုကတော့ နိုင်ငံရေးနယ်ပယ်မှာ သေချာပေါက်အောင်မြင်မယ့်သူ၊ လူထုလေးစားချစ်ခင်မှုကို တဖြည်းဖြည်းရရှိမယ့်သူဖြစ်တယ်ဆိုတာ တွက်ဆမိပါတယ်။ တပ်မတော်နဲ့ လူထုစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီးမှသာ ဒီမိုကရေစီကိုမျှော်မှန်းလို့ရနိုင်မယ့် ကျွန်တော်တို့နိုင်ငံအနေနဲ့ တပ်နဲ့ပြည်သူကြား ပေါင်းကူးပေးနိုင်မယ့် သူရဦးအောင်ကိုကဲ့သို့သော စစ်သားဘဝကလာသူ ဒီမိုကရက်နိုင်ငံရေးသမားတွေ မဖြစ်မနေလိုအပ်ပါတယ်။

**ခြုံငုံပြီးသုံးသပ်လိုက်ရင် အတိုက်အခံဆိုတိုင်း ဒီမိုကရက်မဖြစ်နိုင်သလို အာဏာရပါတီဝင်တိုင်းလည်း အာဏာရှင် စိတ်ဓာတ်မရှိဘူးဆိုတဲ့ ကောက်ချက်ဆွဲလို့ ရပါတယ်။ နောင်ရွေးကောက်ပွဲတွေမှာ ဆန္ဒမဲပေးကြတဲ့အခါ လူထုအနေနဲ့ မိမိတို့အကျိုး၊ နိုင်ငံတော်အကျိုးနဲ့ ဒီမိုကရေစီပေါ်ပေါက်ရေးတို့အတွက် စွမ်းစွမ်းတမံ စေတနာမှန်မှန် ဆောင်ရွက်မယ့် လူထုကိုယ်စားလှယ်များကို ကျကျနန သတိဝီရိယကြီးကြီးနဲ့ ရွေးချယ်တင်မြှောက်ဖို့ လိုအပ်တယ်ဆိုတာလည်း၊ လက်ရှိလွှတ်တော်အမတ်များက သင်ခန်းစာပေးနေတယ်လို့ ပြောလိုပါတယ်။ လူထုအနေနဲ့ နိုင်ငံရေးကို စိတ်ပါဝင်စားကြဖို့၊ ပါတီများနဲ့ နိုင်ငံရေးသမားများကို စောင့်ကြည့်ကြဖို့မဖြစ်မနေလိုအပ်တယ်ဆိုတာလည်း၊ ပြောလိုပါတယ်။**

**ဒီမိုကရေစီကို ယုံကြည်မြတ်နိုးသူများ၊ လူထုအကျိုးစီးပွားကို အမှန်တကယ် ဦးထိပ်ထားကြသူများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရည်မှန်းသူများ၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းနဲ့ လွတ်လပ်ခြင်း စတဲ့ လောကပါလတရားများကို ဆောင်ကြဉ်းပေးလိုစိတ်ရှိသူများကို ရွေးချယ်တင်မြှောက်ကြမှသာ ငြိမ်းချမ်းသာယာဝပြောတဲ့ ဒီမိုကရက်တစ်ပြည်ထောင်စုကို တည်ဆောက်အောင်မြင်နိုင်မယ်ဖြစ်ပါကြောင်း။ ။**

ပိုက်တင်

# သူရဲကောင်းလားဗီလိန်လား

ပေါ်လင်းဦး



(၁)

**သမိုင်းဟူသော ဘာသာရပ်ကား ရသပါအောင် လေ့လာနိုင်လျှင် စိတ်ဝင်စားစရာ အတိကောင်းသည်။ သမိုင်းထဲတွင် ဇာတ်ကောင်တွေရှိသည်။ ဇာတ်ကောင်တိုင်းမှာ လုပ်ဆောင်ချက် တွေ က အသီးသီး။ အချစ်၊ အကြမ်း၊ အရမ်း၊ အလွမ်းအစုံပါသည်။ သို့ကြောင့် ဝတ္ထုတစ်ပုဒ်လိုပင် ရှိသည်။ ဇာတ်ရှိန်တွေက နိမ့်လိုက်၊ မြင့်လိုက်နှင့်၊ ရင်တဖိုဖို ဇာတ်ကွက်များလည်း အပြည့်ရှိသည်။ ဤအထဲမှပင် နောင်းလူတို့အတွက် သင်ခန်းစာယူစရာတို့ ဖြစ်လာတော့သည်။**

ကျွန်တော် ငယ်ငယ်က ကံကောင်းပုံရသည်။ သမိုင်းကို ရသမြောက်အောင်သင်ပေးနိုင်သော ဆရာမျိုးနှင့် ကြုံခဲ့၊ ဆုံခဲ့ဖူးသည်။ သမိုင်းကို အချက်အလက်ဆန်ဆန် သင်ရတာလောက် ပျင်းစရာကောင်းတာမရှိ။ ခုနှစ်သက္ကရာဇ်တွေ၊အချက်အလက်တွေကို အစပ်အဆက်မရှိဘဲ အလွတ်ကျက်တဲ့နည်းက တကယ်တော့ စာမစွဲ။ စိတ်ထဲမရောက်။ စာမေးပွဲအတွက် တစ်ပွဲတိုး ပြင်ဆင်ခြင်းသာဖြစ်သည်။ စာမေးပွဲပြီးတော့ အကုန်မေ့သည်။ အဲသလို ဆရာမျိုးနှင့်လည်း ကြုံခဲ့ဖူးပါသည်။

တကယ်တော့သမိုင်းမှမဟုတ်။ ဘယ်ဘာသာရပ်မဆို ရသမြောက်အောင် သင်ပေးနိုင်လျှင် တကယ်စွဲသည်။ တကယ်သိတဲ့အဆင့်ကို ရောက်သည်။ ဝိဇ္ဇာမှမဟုတ်။ သိပ္ပံလည်း ထိုအတူဖြစ်သည်။ ဒီလိုသင်နိုင်ဖို့ဆရာဖြစ်သူ၏ အရည်အသွေးကတော့ စကားပြောသည်။ စာအုပ်ထဲက စာကို အပြင်လောကသို့ ဆွဲထုတ်နိုင်ရမည်။ အပြင်လောကမှ အဖြစ်အပျက်များကို စာအုပ်ထဲကို ဆွဲခေါ်နိုင်ရမည်။ ထို့အတွက် ဆရာဖြစ်သူ၏ ဘာသာရပ်အပေါ်ပိုင်နိုင်မှုက အရေးကြီးသည်။ ခေတ်နှင့် မျက်ခြည်မပြတ်ဖို့လည်း လိုသည်။ ဘာသာရပ်နှင့် ဆက်စပ်သော အတွေ့တွေ့ဗဟုသုတကလည်း ရှိရဦးမည်။ အဟောအပြော စွမ်းရည်ကလည်း လိုသေးသည်။ ထားပါတော့။

(၂)

**ခေတ်တစ်ခေတ်ဆိုသည်မှာ အမှန်တော့ အဖြစ်အပျက်ပေါင်းများစွာ၊ ဇာတ်လမ်းပေါင်းများစွာ၊ ဇာတ်အိမ်ပေါင်းများစွာဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သို့ဖြစ်ရာ ခေတ်တိုင်းခေတ်တိုင်းတွင် သူရဲကောင်းတွေ၊ လူစွမ်းကောင်းတွေပေါ်တတ်သလို၊ ဗီလိန်တွေ၊ ကိုယ်ကျိုးသမားတွေလည်း ပေါ်တတ်သည်။ ခေတ်တိုင်းခေတ်တိုင်းတွင် သည်လိုလူမျိုးတွေ ရှိကြစမြဲဖြစ်သည်။ ခေတ်တစ်ခေတ် ပြည်ဖုံးကားချသွားလျှင် နောင်းလူတို့က(သူတို့ရှေ့ခေတ်ကို ကြည့်ကာ)သူရဲကောင်းစာရင်းနှင့် ဗီလိန်စာရင်းကိုထုတ်ပြန်တတ်သည်။ ဘယ်သူတွေကတော့ အများကြည်ညိုရတဲ့ သူရဲကောင်းတွေပေါ့။ လေးစားထိုက်သူတွေပေါ့။ ဘယ်သူတွေကဖြင့်တော့ ဗီလိန်တွေပေါ့။ ကိုယ်ကျိုးသမားတွေပေါ့။ ဘယ်သူတွေကဖြင့် သစ္စာဖောက်တွေပေါ့။ ဘယ်သူတွေကဖြင့် မင်းသားကြီးလုပ်ချင်သူတွေပေါ့။**

(၃)

မြန်မာ့သမိုင်းကိုကြည့်တော့ ကနောင်မင်းသားကြီးဆိုသည်က တစ်မျိုးထူးနေသည်။ ရာဇဝင်ထဲက မင်းညီမင်းသားမှန်သမျှ အာဏာကို အရူးအမူးလိုချင်ကြသည်။ ဘုရင်ဖြစ်လိုကြသည်။ အာဏာအတွက် ညီအစ်ကိုချင်းသတ်သည်။ သားအဖချင်းသတ်သည်။ သည်လို အသိုင်းအဝိုင်းမျိုးတွင် ကနောင်မင်းသားကြီးကားတစ်မျိုးထူးနေပြန်သည်။

ကုန်းဘောင်ခေတ်၊ ပုဂံမင်းလက်ထက်တွင်ဖြစ်သည်။ တစ်ခုသော မားပြမှုတွင် ကနောင်မင်းသားနှင့် မင်းတုန်းမင်းသားတို့ ပါဝင်သည်ဟု မလိုသူများက ကုန်းချောကြသည်။ ဘုရင်ကလည်း သံသယ ဝင်သလိုရှိလာသည်။ ထိုသို့ဖြင့် ကနောင်ရော၊ မင်းတုန်းပါ နေပြည်တော်တွင် မနေဝံ့တော့ဘဲ ရွှေဘိုသို့ တိမ်းရှောင်ရတော့သည်။ ထို့ကြောင့်ပင် ပုဂံမင်းကို မဖြစ်မနေ ပုန်ကန်ရသော အခြေအနေသို့ ရောက်လာတော့သည်။ ထိုပုန်ကန်မှုတွင် ပုဂံမင်းရှုံးသည်။ ထို့ကြောင့် မင်းတုန်းကား ဘုရင်ဖြစ်လာသည်။ ကနောင်မှာ အိမ်ရှေ့စံဖြစ်လာသည်။ ကနောင်မင်းသား၏ ထူးခြားချက်ကား ထိုနန်းထက် စက်မှုပညာကို ပို၍ စိတ်ဝင်စားခြင်းဖြစ်သည်။ အာဏာရူးတို့ အလယ်တွင် ပညာရူးခြင်းကလည်း ထူးခြားနေပြန်သည်။ ရှားရှားပါးပါး အနောက်တိုင်း ပညာရေးကို အလေးထားခဲ့သော အမြော်အမြင်ရှိသူလည်း ဖြစ်သည်။ သို့သော်လည်း ကနောင်မင်းသားကား ဘုန်းကြီးလို့ အသက်မရှည်ပြန်ချေ။ မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့ လက်ချက်နှင့် အသေစောခဲ့ရသည်။ ထို့အတူ မြန်မာ့စက်မှုပညာလည်း ပန်းကောင်း အညွန့်ကျိုးဖြစ်ခဲ့ရတော့သည်။ အညွန့် ထွက်ခါ စလေး၊ မြေ အလုန်ခံလိုက်ရသည်။

"ကနောင်မင်းသားကြီးသာ အသေမစောခဲ့လျှင်" ဟူသော မေးခွန်းကို ယနေ့အထိ မြန်မာတို့ တွေးဆဲ၊ ငေးဆဲ၊ မေးဆဲ၊ နှမြောဆဲဖြစ်သည်။ တွေးလည်းတွေးလောက်သည်။ မေးလည်း မေး လောက် သည်။ နှမြောလည်း နှမြောလောက်သည်။ နောက်မျိုးဆက်အတွက်တော့ မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားတို့ လုပ်ရပ်က ရက်စက်လွန်းသည်။ ကနောင်မင်းသားကြီးသေရတာ ဒီ အာဏာရူးတွေကြောင့်။ ဒီမိစ္ဆာကောင်တွေကြောင့်။ ဒီလိုပဲမြင်တော့သည်။ မြန်မာ့သမိုင်းထဲတွင် ကနောင်မင်းသားကြီးကို နှမြောသလောက်၊ ကြည်ညိုသလောက် သူတို့နှစ်ယောက်ကိုမုန်းကြသည်။ နောင်းလူတို့က သူတို့ကို သမိုင်းထဲက ဗီလိန်များအဖြစ် ရာသက်ပန် နှလုံးသွင်းလိုက်တော့သည်။

(၄)

**အမှန်စဉ်းစားကြည့်တော့ ဘယ်ခေတ်ဖြစ်ဖြစ် ဘယ်သူကမှ ဗီလိန်ရယ်လို့မဖြစ်ချင်။ သူရဲကောင်းသာဖြစ်လိုသည်။ ကယ်တင်ရှင်သာဖြစ်လိုသည်။ ဗီလိန် ဖြစ်ပါစေတော့ဟူ၍ လုပ်တာ ဘာမျှမရှိ။ မှန်တယ်ထင်လို့ လုပ်တာချည်းဖြစ်သည်။ ကောင်းမယ်ထင်လို့လုပ်တာချည်းဖြစ်သည်။ ငါ လုပ်တာ မှန်တယ်၊ ငါတွေးတာ မှန်တယ်၊ ငါပြောတာမှန်တယ်၊ ...ဒီလိုပဲ ယုံကြည်ခဲ့ကြသည်။**

**သခင်ဗစိန်ကလည်း သူမှန်တယ်ထင်လို့ အောင်ဆန်း-အက်တလီ စာချုပ်ကို လက်မှတ်မထိုးခြင်းဖြစ်သည်။**

**သခင်သန်းထွန်းကလည်း သူမှန်တယ်ထင်လို့ တောခိုသွားခြင်းဖြစ်သည်။**

**ဦးကျော်ငြိမ်းကလည်း သူမှန်တယ်ထင်လို့ ဦးနုနဲ့ လမ်းခွဲခြင်းဖြစ်သည်။**

**ဦးနုကလည်း သူမှန်တယ်ထင်လို့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။**

**ဦးနေဝင်းကလည်း သူမှန်တယ်ထင်လို့ ၁၉၆၂ မှာ အာဏာသိမ်းခြင်းဖြစ်သည်။**

**ထရူးမင်းကလည်း သူမှန်တယ်ထင်လို့ ဟီရိုရှီးမားကို အဏုမြူဗုံးကြဲခြင်းဖြစ်သည်။**

**ဂျော့ဘုရှ်ကလည်း သူမှန်တယ်ထင်လို့အီရတ်ကိုဝင်တိုက်ခြင်းဖြစ်သည်။**

မှန်ပါသည်။ နိုင်ငံရေးဇာတ်ကောင်အားလုံးသည် ကိုယ်မှန်တယ်ထင်လို့ ကိုယ်လုပ်ခဲ့တာချည်းဖြစ်သည်။ "ကိုယ့်စေတနာ ကိုယ်ယုံတယ်" လို့ပြောမည့်သူချည်းဖြစ်သည်။ သို့သော် လုပ်ရပ် မှန်မမှန်တော့နောင်းလူတို့က ဆုံးဖြတ်ကြလိမ့်မည်။ ထို့ကြောင့် ကိုယ်မှန်တယ်ထင်တာကသက် သက်ဖြစ်သည်။ တကယ်တမ်း မှန်၏/မမှန်၏ဆိုခြင်းက သက်သက်ဖြစ်သည်။ ထိုသဘောကို ယနေ့ နိုင်ငံရေး အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်တို့ သတိချပ်သင့်သည်။ ကိုယ်ကမှန်တယ်ထင်လို့ သဲသဲမဲမဲ ဆုပ်ကိုင်ထားသော ကိစ္စတစ်ခုကို နောင်းလူတို့က အမှားကြီးအဖြစ် သတ်မှတ်လျှင် မိမိသမိုင်း မလှမပဖြစ်လိမ့်မည်။ထိုအခါတွင်ကား ပြင်၍မရတော့ချေ။

(၅)

ဆရာမြတ်ခိုင်၏ အင်တာဗျူးတစ်ခုတွင်ဖြစ်သည်။ သခင်တင်မြကို ဦးကျော်ငြိမ်းက ပြောခဲ့သော စကားဖြစ်သည်။ "...ဒီမယ် ဖိုးတင်မြတို့ အာဏာရတုန်းက အသက် ၃၀ ကျော်ပဲရှိတယ်။ အခု ၇၀ ကျော်အရွယ်နဲ့ပြန်ကြည့်ရင် ကလေးပဲ။ အဲဒီတုန်းက မမှားသင့်တာတွေ အများကြီးမှားခဲ့တာ။ မှားခဲ့တဲ့အတွက်ကြောင့် ကိုယ့်လုပ်ဖော်ကိုင်ဖက် အချင်းချင်းအပေါ်မှာ မောင်ရင့် ကိုလည်း ရက်ရက်စက်စက်ထောင်ထဲထည့်ပြီး ထောင်ထဲမှာရိုက်ခိုင်းခဲ့တာပဲ ... ရိုက်ခိုင်းတာကတော့ Personal အရ မဟုတ်ဘူးပေါ့။ အတိုက်အခံနိုင်ငံရေးသမား ကွန်မြူနစ်ဆိုရင်ဆော်ဆိုပြီး ရိုက်ခိုင်းတာ။ လူလွှတ်ပြီးတော့ကို ခိုင်းတာ။ အဲဒါစိတ်မရှိပါနဲ့ ..." ဟုဆိုသည်။ အသက် ၇၀ အရွယ် ရောက်လာသော ပါလီမန်ခေတ်ပြည်ထဲရေးဝန်ကြီးဟောင်း ဦးကျော်ငြိမ်းက သခင်တင်မြကို မွေးနေ့ပွဲတစ်ခု၌ တွေ့စဉ်ပြောဖူးကြောင်း ဆိုထားခြင်းဖြစ်သည်။ ဤအကြောင်းကို ဆရာမောင်ဝံသကလည်း ဆောင်းပါးတစ်ပုဒ်ရေးခဲ့ဖူးသည်။

နောက်ထပ်တင်ပြလိုသည်ကား - "ကိုယ့်အနေနဲ့ ဒီသံသရာတရားတွေ သင်္ခါရတရားတွေ၊ အနိစ္စ အနတ္တတရားတွေကို၊ ဒီနေ့သိမြင်သလိုများ ဟိုတုန်းက သိခဲ့မယ်ဆိုရင်၊ ၁၉၆၂ ခုနှစ် မတ်လကိစ္စကို ကိုယ်မလုပ်ခဲ့ပါဘူး" ဤစကားရပ်ကိုလည်းအများစု သတိထားမိမည် ထင်ပါသည်။ ဦးနေဝင်းက ဦးချစ်လှိုင်(ကိုကိုမောင်ကြီး)ကို ပြောကြားခဲ့သောစကားဖြစ်သည်။ သံဝေဂ ဆန် ဆန်ပြောရမည်လား၊နောင်တဆန်ဆန်ဟု ပြောရမည်လား။

အချိန်တစ်ခုအောက်တွင် အမြင်တွေပြောင်းသွားခဲ့ပြီဖြစ်သည်။ သို့သော် လွန်တော့လွန်ခဲ့ချေပြီ။ ပြင်၍ကား မရတော့။ သက်ရောက်မှုက နောင်မျိုးဆက်တစ်ခုလုံးတည်း။

(၆)

**ခေတ်တစ်ခေတ်ကို ဖြတ်သန်းကြသည်ဆိုရာတွင် နိုင်ငံရေးဇာတ်ကောင်းအသီးသီးတို့အနေနှင့် ကိုယ်မှန်တယ်ထင်တာ ကိုယ်လုပ်ကြခြင်းသာဖြစ်သည်။ ဤကား တကယ်တမ်းက မှန်ချင်လည်း မှန်မည်၊ မှန်ချင်မှလည်းမှန်လိမ့်မည်။ အချိုးသေသာသွားသည်၊ မိမိလုပ်ရပ်သည် နိုင်ငံအတွက် တကယ်အကျိုးရှိ မရှိ သဲသဲကွဲကွဲတောင် သိမသွားကြ။ သို့သော် နောင်နှစ်ပေါင်းများစွာတို့တွင် ယနေ့လုပ်ရပ်တွေကို နောင်းလူတို့က ကဗ္ဗည်းတင်လိမ့်မည်။ ဘယ်သူတွေမှန်ခဲ့သည်၊ ဘယ်သူတွေမှားခဲ့သည်၊ ဘယ်သူတွေစွန့်ခဲ့သည်၊ ဘယ်သူတွေယူလွန်းခဲ့သည်၊ သေချာသည်မှာ နောင်းလူများက ယနေ့လုပ်ရပ်များကို သုတေသနပြုကြလိမ့်မည်။ အားမနာတမ်းပြောကြလိမ့်မည်။ အမှန်အတိုင်းသတ်မှတ်လိမ့်မည်။ "သူရဲကောင်းလေလား၊ ဗီလိန်လား" ဟူ၍။**

လက်ရှိမှာကား မိမိကိုယ်ကိုယ်အမှန်ချည်းထင်နေကြလိမ့်မည်။ ဟုတ်ပါပြီ။ သို့သော်တကယ်တမ်း စိတ်ဝင်စားစရာကောင်းသည်မှာ နောင်းလူတို့၏ မှတ်ချက်ဖြစ်သည်။ မိမိကို သူရဲကောင်း စာရင်းသွင်းမှာ လား၊ ဗီလိန်စာရင်းသွင်းမှာလား၊ သစ္စာဖောက်စာရင်းသွင်းမှာလား၊ အမျိုးသားရေး ခုတုံးသမားအဖြစ် စာရင်းသွင်းမှာလား၊ ဘာသာရေးခုတုံးသမားအဖြစ် စာရင်းသွင်းမှာလား၊ မင်းသားကြီး လုပ်ချင်သူအဖြစ် စာရင်းသွင်းမှာလား၊ ကိုယ်ကျိုးသမားအဖြစ် စာရင်းသွင်းမှာလား၊ အာဏာရူးသူအဖြစ် စာရင်းသွင်းမှာလား၊ စသည်ဖြင့် .. စသည်ဖြင့်။

**ကိုယ်မှန်တယ်ထင်တိုင်း တကယ်မမှန်တတ်။ အသိထက်ထက်ဖြင့် သတိချပ်မိဖို့ဖြစ်ပါသည်။**

**ပေါ်လင်းဦး**

# ဖေ့စ်ဘွတ်ပေါ်က အတွေးဒိုင်ယာရီ ...

နေဘုန်းလတ်



**လွတ်** လပ်စွာထုတ်ဖော်ပြောဆိုတင်ပြပိုင်ခွင့် (Freedom of Expression) ကို အငမ်းမရ ဆာလောင်မွတ်သိပ်ခဲ့ရတဲ့ ခေတ်ဆိုးတစ်ခေတ်ကို လွန်ခဲ့အပြီးမှာ ... လွတ်လပ်စွာပြောဆိုခွင့်ကို ကျွန်တော်တို့တွေ အထိုက်အလျောက်ရရှိလာခဲ့ပါတယ်။ စာပေကင်ပေတိုင်လို့ အမည်တပ်ခံခဲ့ရတဲ့ စာပေစိစစ်ရေးဆိုတာမရှိတော့သလိုပဲ ... ခေတ်မီတိုးတက်လာနေတဲ့ နည်းပညာတွေရဲ့အထောက်အပံ့နဲ့ အင်တာနက်စာမျက်နှာတွေပေါ်မှာ အယူအဆရေးရာတွေ၊ အတွေးအမြင်တွေ၊ စာပေလက်ရာတွေကို ရေးသားဖလှယ်ခွင့်တစ်ခုကိုလည်း ရရှိခဲ့ကြတယ်။ တစ်ခေတ်တစ်ခါ အင်တာနက်ကို ပိတ်ဆို့တားဆီးထားစဉ်တုန်းကလည်း ကျွန်တော်တို့တွေ ကျော်ခွထိုးဖောက်ပြီး လွတ်လပ်မှုရဲ့အရသာကို ခံစားသက်ဝင်ခဲ့ကြရင်း ဘလော့ဂါတွေဖြစ်ခဲ့ကြသလို ... အခုဆိုရင်လည်း ဖေ့စ်ဘွတ်စာမျက်နှာတွေကို ကြားခံမီဒီယာအဖြစ်အသုံးချပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတင်ပြပိုင်ခွင့်ဆိုတဲ့ အခြေခံလူ့အခွင့်အရေးတစ်ခုကို ရယူသုံးစွဲနေကြတာ လူကြီး၊ လူလတ်၊ လူငယ်အရွယ်စုံပါပဲ။ အဲဒီအထဲမှာ ကျွန်တော်လည်း တစ်ယောက် အပါအဝင်ပါ။

ကျွန်တော့်ရဲ့ဖေ့စ်ဘွတ် Account မှာ သူငယ်ချင်း အယောက် ၅၀၀၀ ရှိပြီး ကျွန်တော်ရေးတဲ့စာသားတွေကို သူတို့တွေကတစ်ဆင့်ထပ်ပြီးတော့ ဖြန့်ဝေ (Share) ကြမယ်ဆိုရင် ဒီစာသားဟာ အချိန်ခဏလေးအတွင်းမှာပဲ လူပေါင်းများစွာဆီ ပျံ့နှံ့သွားနိုင်တဲ့ အားသာချက်တစ်ခုက လူမှုကွန်ရက်တွေမှာရှိနေပါတယ်။ နောက်တစ်ခုက ကိုယ့်ရဲ့အမြင်၊ အယူအဆတွေကို အလွယ်တကူဖလှယ်နိုင်တဲ့အပြင် ဖတ်သူတွေရဲ့ပြန်လှန်ဆွေးနွေးမှုတွေကို ရရှိနိုင်ခြင်းကလည်း နောက်ထပ်အားသာချက်တစ်ခုပါပဲ။ အဲဒီလို အားသာချက်တွေရှိနေတဲ့ လူမှုကွန်ရက်ကို ကျွန်တော်လည်း အကျိုးရှိရှိ အသုံးချနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ပြီးခဲ့တဲ့ကာလအတွင်း ကျွန်တော်ရေးဖြစ်ခဲ့တဲ့ ဖေ့စ်ဘွတ် စတေးတပ်စ်လေးတွေနဲ့ ကျွန်တော့်မိတ်ဆွေ (Friends) တချို့ရဲ့ တုံ့ပြန်မှုအချို့အကြောင်း ပြောပြချင်ပါတယ်။ ကျွန်တော့်ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာလေးထဲကနေတစ်ဆင့် ကျွန်တော့်ရဲ့ခံစားချက်တွေ၊ ကျွန်တော့်ရဲ့ အယူအဆအတွေးအမြင်တွေ၊ ကျွန်တော်ယုံကြည်ရာတွေ၊ ကျွန်တော့်ရဲ့ ရပ်တည်ချက်တွေအပြင် ... ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေများအကြားက စိတ်ချင်းဆက်နွှယ်နေမှုများကိုပါ မြင်နိုင်ကြလိမ့်မယ်လို့ ယူဆပါတယ်။

**နိုင်ငံတစ်ခုကို ခေါင်းဆောင်ရတာဟာ ... ဘာသာတစ်ခုတည်းကို လူမျိုးတစ်ခုတည်းကို ခေါင်းဆောင်နေရတာမျိုး မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံဆိုတာဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ အယူအဆပေါင်းစုံ၊ ယုံကြည်မှုပေါင်းစုံ ရောယှက်ပါဝင်ဖြစ်တည်နေတဲ့ လူ့အဖွဲ့အစည်းတစ်ခုပါ။ တစ်ချိန်တစ်ခါတုန်းက တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်နယ်ချဲ့နေကြတဲ့ခေတ်မှာ လူမျိုးရေး၊ အမျိုးသားရေးဆိုတာတွေကို ရှေ့တန်းတင် တိုက်ပွဲဝင်ခဲ့ကြတယ်ဆိုပေမယ့် အခုအချိန်မှာတော့ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ ဂလိုဘယ်လိုက်ဇေးရှင်း (Globalizatioan) အမြင်တွေ ထွန်းကားလာပြီး ငါတို့အားလုံးဟာ လူသားတွေဖြစ်တယ်ဆိုတဲ့ လူသားဝါဒကို ရှေ့တန်းတင်လာကြပါတယ်။ ကျွန်တော်တို့နိုင်ငံကတော့ အခုမှ အာဏာရှင်လက်အောက်ကနေ လွတ်မြောက်စဆိုတော့ အဲဒီလိုအမြင်မျိုးတွေနဲ့ ဝေးနေပါသေးတယ်။ အဲဒါကြောင့် အနာဂတ်မှာ ခေါင်းဆောင်တွေဖြစ်လာကြမယ့် လူငယ်တွေကို ရည်ရွယ်ပြီး ကျွန်တော့်ရဲ့အမြင်လေးကို အခုလိုရေးဖြစ်ခဲ့ပါတယ်။**

**"ဘာသာတစ်ခုတည်းအတွက် အလုပ်လုပ်ရင် မင်း ဘာသာရေးခေါင်းဆောင်ပဲဖြစ်မယ်။ လူမျိုးစုတစ်ခုတည်းအတွက် အလုပ်လုပ်ရင် မင်း လူမျိုးစုခေါင်းဆောင်ပဲဖြစ်မယ်။ နိုင်ငံတစ်နိုင်ငံလုံးအတွက် အလုပ်လုပ်ရင် မင်း နိုင်ငံ့ခေါင်းဆောင်ဖြစ်လိမ့်မယ်။ လူသားတွေအားလုံးအတွက် အလုပ်လုပ်ရင် မင်းဟာ လူသားအားလုံးလေးစားရတဲ့ လူသားခေါင်းဆောင်ဖြစ်လိမ့်မယ်။"**

တကယ်တမ်းကျတော့ ဒီစကားတွေနဲ့ပတ်သက်ပြီး ဆွေးနွေးစရာ အသေးစိတ်အချက်အလက်တွေ အများကြီးရှိနေပါသေးတယ်။ ဒါပေမဲ့ ဖေ့စ်ဘွတ်ရဲ့ထုံးစံအတိုင်း တိုတိုရေးပြီး စာဖတ်သူကို ရှည်ရှည်ဆက်တွေးခိုင်းလိုက်တာပါပဲ။

ကျွန်တော်တို့နိုင်ငံဟာ တစ်ချိန်တစ်ခါကဆိုရင် အပြုံးယဉ်ကျေးမှုတွေထွန်းကားခဲ့ပြီး အပြုံးတိုင်းပြည်ဆိုတဲ့ အမည်နာမနဲ့ ကမ္ဘာ့အလယ်မှာ ဝင့်ထည်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်နှစ် ၂ နှစ်အတွင်း ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ဆိုးတွေကြောင့် အခုတော့ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာမှာ နာမည်ဆိုးတစ်ခု ရစပြုနေပါပြီ။ ပြည်သူပြည်သားတွေအားလုံးရဲ့ နှုတ်ခမ်းတွေပေါ်က အပြုံးတွေဟာ သူတို့ရဲ့နှလုံးသားတွေထဲ အမြစ်တွယ်လာနေတဲ့ အမုန်းတရားတွေရဲ့ တွန်းဖြိုချေဖျက်မှုအောက်မှာ မှိန်ဖျော့ ပျောက်ကွယ်လုဖြစ်ကုန်ပါပြီ။ အပြုံးယဉ်ကျေးမှုတွေ ဆိတ်သုဉ်းပြီး အမုန်းယဉ်ကျေးမှုတွေ ထွန်းကားလာတာဟာ လိုလားအပ်တဲ့ အလားအလာမျိုးတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ နောက်မျိုးဆက်ဟာ ငါတို့ဟာ မြန်မာဆိုတဲ့စကားကို လက်မထောင်ပြီး ပြောခွင့်ရစေဖို့ ကျွန်တော်တို့မျိုးဆက်မှာ တာဝန်ရှိတယ်လို့ ခံစားလာရတဲ့အတွက် ... ဖေ့စ်ဘွတ်စာမျက်နှာပေါ်မှာ အခုလိုရေးဖြစ်ခဲ့ပါတယ်။

"မြန်မာနိုင်ငံသားဖြစ်ရတာ ဂုဏ်ယူတယ်ဆိုတဲ့ စကားကို နောင်လာနောင်သားတွေ လိပ်ပြာသန့်သန့်နဲ့ ပြောခွင့်ရစေချင်တယ်။ နိုင်ငံ့မျက်နှာအိုးမဲ့သုတ်နေတဲ့သူတွေကြောင့် ... နောင်လာနောင်သားတွေ မျက်နှာငယ်ကြရမှာကိုလည်း စိုးရိမ်နေတယ် ...။"

ကျွန်တော် အဲဒီလို ရေးတော့ နာမည်ကြီးဒါရိုက်တာ အစ်ကိုတစ်ယောက်က ကျွန်တော့်မျှော်လင့်တာ သိပ်မြင့်မားလွန်းနေတယ်လို့ ကွန်းမန့်ဘောက်စ်မှာ လာရေးသွားပါတယ်။ သူလည်း ကျွန်တော့်လိုပဲ စိတ်ပျက်လက်ပျက်ဖြစ်နေပုံပါပဲ။ စိတ်ပျက်ပေမယ့်လည်း ရှေ့ဆက်နေကြရတာပဲလေ ...။ ချစ်မိသူဆိုတာ လောကမှာ စစ်အရှုံးဆုံးသူပါလို့ပြောခဲ့တဲ့ အစ်ကိုတော်တစ်ယောက်ကို "တိုင်းပြည်ကိုချစ်မိတဲ့သူဆိုရင်ရော အစ်ကိုလို့" လှမ်းမေးချင်နေမိတယ်။

စာပေဟောပြောပွဲတချို့ကို ဘာသာရေးအကြောင်းပြပြီး ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ကိစ္စ ဗီဒီယိုဖိုင်တွေ ကြည့်ရတော့လည်း မနေနိုင် မထိုင်နိုင် ကျွန်တော် ဒီလိုရေးမိပါသေးတယ်။

**"မန္တလေးက စာပေဟောပြောပွဲကို သင်္ကန်းရုံထားသူတချို့ (ဘုန်းကြီးဟုသည့် ဝေါဟာရ မသုံးချင်ပါ) လာတားတဲ့ ဗီဒီယိုဖိုင်ကိုကြည့်နေရင်း ကျွန်တော်စဉ်းစားခန်းဝင်မိတယ်။ ကျွန်တော်သာ အဲဒီနေရာမှာဆို ဘာလုပ်မလဲပေါ့ ...။ သေချာတာကတော့ ... စာရေးဆရာတွေတက်ဟောခွင့်ရှိတဲ့ စင်မြင့်ပေါ်မှာ စာရေးဆရာတစ်ယောက်ဖြစ်တဲ့ ကိုမြအေးက လူလူချင်း အတူတူ ဘာလို့ဟောခွင့်မရှိရတာလဲ ဘုရား၊ (ဒီနေရာမှာ ကိုမြအေးရဲ့ ဟောပြောချက်တွေနဲ့ ပတ်သက်ပြီး လက်မခံနိုင်လို့ မဟောစေချင်တာမျိုးဆိုရင် ကျွန်တော်နားလည်ပေးနိုင်ပါတယ်)၊ အစ္စလာမ်ဘာသာဝင် တစ်ယောက်ဖြစ်တယ်ဆိုတဲ့ အကြောင်းပြချက်တစ်ခုတည်းနဲ့ လူတစ်ယောက်ကို လူအဖြစ်ကနေနှိမ်ချဆက်ဆံတဲ့လုပ်ရပ်မျိုးကို ဗုဒ္ဓကအားပေးပါသလားဘုရား ... စသဖြင့် မေးခွန်းတွေ များစွာမေးချင်မိပါတယ်။ ဒါပေမဲ့ အဲဒီနေရာမှာဆိုရင်တော့ ကျွန်တော် မေးရဲပါ့မလား၊ မသေချာပါဘူး။ ဝေဖန်ပိုင်းခြားခြင်းကို အားပေးတဲ့ ဗုဒ္ဓဘာသာဝင် စစ်စစ်တွေ၊ သံဃာတော် အစစ်တွေဆိုရင်တော့ ကျွန်တော့်ရဲ့မေးခွန်းတွေကို မေတ္တာရှေ့ထားပြီး ကျွန်တော် နားလည်တဲ့အထိ ဖြေကြားပေးမှာ သေချာပါတယ်။ ဒါပေမဲ့ အဲဒီ နေရာမှာ "မြအေးကိုဖယ်ပေး" ဆိုတဲ့ အမိန့်ကိုမနာခံဘဲ အဲဒီလိုမေးခွန်းတွေ သွားမေးရင် ကျွန်တော် ဘာဖြစ်သွားမလဲ၊ မသေချာပါဘူး။ ကျွန်တော်သာ ပွဲစီစဉ်သူဆိုပွဲကိုဖျက်လိုက်ရမှာပါပဲ။ ကျွန်တော်သာ အတူပြောရမယ့် စာရေးဆရာဆိုရင် ကျွန်တော်လည်း မပြောတော့ဘူးလို့ ပြောလိုက်ရမှာပါပဲ။ ကျွန်တော်သာ စာချစ်သူပရိသတ်ဆိုရင်တော့ ဝမ်းနည်းခြင်းကြီးစွာ၊ ရှက်ရွံ့ခြင်းကြီးစွာနဲ့ လှည့်ပြန်လာရမှာပါပဲ။ အခုလည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ကျွန်တော်ရှက်ရွံ့နေမိပါတယ်။"**

အစ္စလာမ်ဘာသာဝင် သူငယ်ချင်းတစ်ယောက်က သူ့ရဲ့ဖေ့စ်ဘွတ်စာမျက်နှာပေါ်မှာ သူကြောက်နေတဲ့အကြောင်း ရေးထားတာကိုတွေ့ရတော့လည်း ကျွန်တော် အခုလို မှတ်ချက် (Comment) ဝင်ပေးခဲ့ပါသေးတယ်။ "မင်းတို့မလုံခြုံတာဟာ ငါတို့မလုံခြုံတာပဲ"။ ဟုတ်ပါတယ် ... ဘယ်ဘာသာ ဘယ်လူမျိုးမှ မဟုတ်ပါဘူး ... မြန်မာနိုင်ငံသားတွေဖြစ်ကြတဲ့ ဘယ်သူမဆိုရဲ့ စိတ်ထဲမှာ လုံခြုံမှုမရှိတော့ဘူးလို့ ခံစားနေရတာဟာ ကျွန်တော်တို့အားလုံး မလုံခြုံတော့တာပါပဲ။ လူလူချင်း နှိမ်ချဆက်ဆံချင်တဲ့ လူ့အဖွဲ့အစည်း၊ လူလူချင်း ကြောက်နေရတဲ့ လူ့အဖွဲ့အစည်း၊ လူလူချင်း သံသယမျက်လုံးတွေနဲ့ ကြည့်နေရတဲ့ လူ့အဖွဲ့အစည်းမျိုးကို နောက်မျိုးဆက်ရဲ့လက်ထဲ ကျွန်တော်ကတော့ ထည့်မပေးချင်ပါဘူး။ ဒီလိုတွေဖြစ်နေတာဟာ အစိုးရမှာ အဓိက တာဝန်ရှိပါတယ်။ အစိုးရဟာ အဲဒီတာဝန်ရှိမှုကို တာဝန်သိသိနဲ့ ဝင်မရှင်းဘဲ တာဝန်မဲ့တဲ့လုပ်ရပ်တွေပဲ လုပ်လာတဲ့အခါ ကျွန်တော် ကိုယ်တိုင်လည်း အစိုးရအပေါ် အယုံအကြည်ကင်းမဲ့လာပါတယ်။ အဲဒါနဲ့ပဲ ဒီလိုတွေရေးဖြစ်ခဲ့ပြန်ပါတယ်။

**'ပြီးခဲ့သောဇာတ်လမ်းအကျဉ်း ...'**
**ချောက်ထဲတွန်းချတယ်**
**ကယ်တင်တယ်**
**မနက်ဖြန်အတွက်ဇာတ်ညွှန်း ...**
**ချောက်ထဲတွန်းချမယ်**
**ကယ်တင်မယ်**

"ဥပဒေတွေတော့ရှိပြီ ... ကိုယ်ကြည့်မရတဲ့သူတွေကိုကျ နှိပ်ကွပ်၊ ကိုယ်နဲ့ အလွန်းသင့်တဲ့သူတွေကျတော့ လုပ်ချင်ရာလုပ်လွှတ်ထားမယ်ဆိုရင် ... ဥပဒေဆိုတာကိုလူတွေ လေးစားတော့မှာမဟုတ်ဘူး။ အဲဒီတော့ တရားဥပဒေစိုးမိုးရေးဆိုတာလည်း ဖြစ်လာတော့မှာမဟုတ်ဘူး။"

**ကျွန်တော် အပြစ်ပြောနေတာမဟုတ်ပါဘူး။ ပြောလည်းမပြောချင်ပါဘူး။ ဒါပေမဲ့ ... မြင်လာရ ကြားလာရတဲ့ ကိစ္စတွေထဲမှာ တိုင်းပြည်ရဲ့ ကံကြမ္မာအတွက် စိုးရိမ်စရာကောင်းတဲ့ အနေအထားတွေ ပါဝင်လာတဲ့ အတွက်ကြောင့်မို့ပါ။ တိုင်းပြည်ကိုချောက်ထဲ ထပ်မကျစေချင်တော့တဲ့အတွက်၊ နောက်မျိုးဆက်တွေ ကျွန်တော်တို့ကြုံခဲ့ရသလို ခေတ်ဆိုးခေတ်ပျက်တစ်ခုနဲ့ ထပ်မကြုံစေချင်တော့တဲ့အတွက် ကျွန်တော် ပြောသင့်ပြောထိုက်တာတွေကို ဆက်ပြောနေဦးမှာပါပဲ။ လုပ်သင့်လုပ်ထိုက်တာတွေကို ဆက်လုပ်နေဦးမှာပါပဲ။**

နေဘုန်းလတ်

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၄၂၁၀၀ ၆၅၇၉၊ ၀၉ ၄၂၁၁၁ ၇၃၂၇

# အိန္ဒိယ-မြန်မာ ပင်မကုန်သွယ်လမ်းပိတ်ဆို့မှု အိန္ဒိယဘက်က ၁၅ ရက်ထပ်တိုး

ကလေး၊ ဖေဖော်ဝါရီ ၂၇

**အိန္ဒိယ နိုင်ငံ မိုးရေးမြို့ရှိ လူမှုအဖွဲ့ အစည်းများက ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစ၍ သုံးရက်ကြာ(၇၂ နာရီ) ပိတ်ဆို့ထားသော အိန္ဒိယ-မြန်မာ ပင်မကုန်သွယ်လမ်းကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ စ၍ ၁၅ ရက်ထပ်တိုးပိတ်ဆို့လိုက်ကြောင်း နယ်စပ်ဒေသ တမူးမြို့ရှိ ကုန်သည်များထံမှ စုံစမ်းသိရှိရသည်။**

"သူတို့ အရင်ပိတ်ထားတဲ့ သုံးရက် ပြည့်လို့ ထပ်ပိတ်တာလို့ ကြားရတယ်။ အခုဟိုဘက် ဒီဘက် ကုန်စိမ်းကလွဲလို့ ဈေးရောင်းဝယ်မှု မရှိတော့ဘူး" ဟု နယ်စပ်ရှိ မြန်မာကုန်သည်တစ်ဦးက ပြောသည်။

အိန္ဒိယဘက်မှ ပစ္စည်းဝယ်ယူခွင့် တားမြစ်ထားသကဲ့သို့ မြန်မာဘက်မှ ဆန်၊ ဆီ၊ ဆား၊ ဟင်းသီးဟင်းရွက် စသော ကုန်စိမ်းပစ္စည်းများသာ တင်သွင်းခွင့်ပြုသဖြင့် နန်းဖာလုံဈေးတွင်လည်း ဈေးဝယ် မရှိတော့ကြောင်း ယင်းဈေးရှိဈေးသည်များထံမှ သိရသည်။

"ဒီမှာက ကုန်စိမ်းရောင်းတဲ့သူက သုံးပုံတစ်ပုံလောက်ပဲ ရှိတာလေ။ ကျန်တဲ့ ဈေးသည်တွေ မရောင်းရတော့ဘူး" ဟု နန်းဖာလုံဈေးသည်တစ်ဦးက ဆိုသည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့ကလည်း မြန်မာဘက်မှ အိန္ဒိယဘက်သို့ကြက်သွန် သွားပို့သော မြန်မာကုန်သည်တစ်ဦးအား ဖမ်းဆီးခဲ့ပြီး မျောက်ငိုသီးသွားပို့သော ကုန်သည်များကို ရိုက်နှက်မှုများ ရှိခဲ့ကြောင်း ဒေသခံများက ပြောကြားသော်လည်း တမူးခရိုင်ရဲတပ်ဖွဲ့ကမူ ယင်းသတင်းမှာမှန်ကန်မှုမရှိကြောင်းပြောဆိုသည်။

"ဒီလိုတော့ မရှိပါဘူး။ ဒီဘက်က သွားရောင်းတဲ့သူ မရှိဘူး။ သူတို့ဘက် ကလာဝယ်တာပဲရှိတယ်။ ဖမ်းဆီးရိုက်နှက်ခံရတယ်ဆိုတာ မဟုတ်ပါဘူး" ဟု တမူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်သော်က ပြောဆိုသည်။

မိုးရေးမြို့ရှိ တက်ကြွလှုပ်ရှားသော လူမှုအဖွဲ့အစည်းခြောက်ခု၏ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ထုတ်ပြန်ကြေညာချက်အရ ယင်းကဲ့သို့ သွားရောက်ရောင်းချသူမရှိခြင်းဖြစ်ပြီး ယင်းအဖွဲ့အစည်းများမှအဓိက တောင်းဆိုသည်မှာ ၎င်းတို့နိုင်ငံသားများ၏ လုံခြုံရေးဖြစ်ကြောင်း၊ မိမိတို့အနေနှင့် နယ်စပ်ဂိတ်မှတစ်ဆင့် နန်းဖာလုံဈေးသို့ လွတ်လပ်စွာဝင်ထွက်ခွင့်ပြုထားပြီး တမူးမြို့သို့ သွားရောက်မည်ဆိုပါက အိန္ဒိယရူပီး ၁၀ ကောက်ခံကြောင်း၊ ယင်းကဲ့သို့ ကောက်ခံခြင်းမှာ ၎င်းတို့လုံခြုံရေးတာဝန်ယူရန် မဟုတ်ကြောင်း၊ ၎င်းတို့ဘက်မှ တစ်ရက်လျှင် လူဦးရေ ၁၀၀ ခန့် နေ့စဉ်ဝင်ရောက်ခဲ့ကြောင်း ခရိုင်ရဲမှူးက ရှင်းပြသည်။

"လုံခြုံရေးကို လုံးဝမယူတာတော့ မဟုတ်ပါဘူး။ သူတို့ ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာ အမြဲ လိုက်မကြည့်နိုင်ဘူးလေ" ဟု ၎င်းက ဆိုသည်။

မိုးရေးအခြေစိုက် တက်ကြွအဖွဲ့ အစည်း ခြောက်ခုမှ တရားဝင် ကုန်သွယ်မှုလုပ်ကိုင်သောအိန္ဒိယနိုင်ငံသားများ၏ လုံခြုံရေးကို မြန်မာအစိုးရအနေနှင့်အာမခံခွင့်ပြုရန်၊ အိန္ဒိယဘက်သို့ လာရောက်သော မြန်မာနိုင်ငံသားများကို မြန်မာ လဝကမှ Boder Pass Ticket ဖြတ်ပေးရန် ကြေညာချက်ထုတ်၍တောင်းဆိုထားသည်။

ယင်းကဲ့သို့ တောင်းဆိုမှုမှာ မြန်မာဘက်သို့တောင်းဆို၍မရဘဲ အိန္ဒိယနိုင်ငံ အစိုးရသို့သာ တောင်းဆိုရမည်ဖြစ်ကြောင်း တမူးခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းက ပြောဆိုထားသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၁ ရက် နေ့တွင် မြန်မာနိုင်ငံဘက်သို့အရောင်းအဝယ်ကိစ္စဖြင့် လာရောက်သော အိန္ဒိယနိုင်ငံသား ခြောက်ဦးအနက် ပန်ချာပီနှစ်ဦး ပျောက်ဆုံးခဲ့ပြီး ၂၀ ရက်နေ့တွင် တမူးခရိုင် ခမ်းပတ်မြို့နယ်ခွဲ ထင်းဇင်ရွာနှင့် တစ်ဖာလုံခန့် ဝေးသော အိန္ဒိယနိုင်ငံဘက်တွင် မီးလောင်ကျွမ်းသော အလောင်းနှစ်လောင်းတွေ့ရှိခဲ့ကာသေဆုံးမှု စစ်ဆေးရန် အိန္ဒိယနိုင်ငံဘက်မှ ယူဆောင်သွားပြီး ယနေ့အထိစစ်ဆေးမှုရလဒ်ကို မြန်မာဘက်သို့ ပြောဆိုခြင်း မရှိသေးကြောင်း တမူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရပြီး ပန်ချာပီနှစ်ဦးပျောက်ဆုံးမှုနှင့် ပတ်သက်၍စုံစမ်းဖော်ထုတ်ပေးရန် မိုးရေးအခြေစိုက် တက်ကြွအဖွဲ့အစည်းများက ယခုကဲ့သို့ လမ်းများပိတ်ဆို့ကာ ကုန်သွယ်မှုအဟန့်အတားဖြစ်စေခဲ့ခြင်းဖြစ်ကြောင်း တမူးလူငယ်ကွန်ရက်ထံမှ သိရသည်။

■မြတ်(ကလေး)

# စင်ကာပူ Asiatech စွမ်းအင်ကုမ္ပဏီ မွန်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်မည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇

စင်ကာပူနိုင်ငံ အခြေစိုက် Asiatech စွမ်းအင်ကုမ္ပဏီသည် မြန်မာနိုင်ငံ မွန်ပြည်နယ်တွင် ဓာတ်ငွေ့အသုံးပြု လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် အဆိုပါစွမ်းအင်ကုမ္ပဏီUnited Overseas ဘဏ်နှင့် Myanmar Lighting ကုမ္ပဏီတို့က သဘောတူလက်မှတ် ရေးထိုးခဲ့ကြကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Mr Robert Chua ကပြောကြားသည်။

အဆိုပါ သဘောတူညီချက်အရ Asiatech ကုမ္ပဏီသည် မွန်ပြည်နယ်တွင် ၂၃၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့်ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်သွားမည်ဖြစ်ပြီး၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်ကို စင်ကာပူနိုင်ငံ အခြေစိုက် United Overseas ဘဏ်ကချေးငွေထုတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နိုင်ငံအနှံ့ ဖြန့်ကြက်ထားသည့် လျှပ်စစ်ဓာတ်အားပေးကွန်ရက်မှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဝေမည်ဖြစ်ပြီး ပထမအဆင့် ၄၃ မဂ္ဂါဝပ်ကို ၂၀၁၄ ခုနှစ် ဧပြီလတွင် ပြီးစီးမည်ဟု မျှော်မှန်းထားကြောင်း၊ ၂၃၀ မဂ္ဂါဝပ်ကို ၂၀၁၅ နိုဝင်ဘာလတွင် ပြီးစီးမည်ဟု မျှော်မှန်းထားကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အဆိုပါ စက်ရုံတည်ဆောက်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၁၇၀ ကုန်ကျမည်ဖြစ်ကြောင်း Asiatech ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးပါက စက်ရုံမှလျှပ်စစ်ဓာတ်အားများကို မွန်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသည့် ကရင်ပြည်နယ်အတွင်းရှိ လူဦးရေ ၅ သန်းကျော်အတွက် လျှပ်စစ်ဓာတ်အားအလုံအလောက် ရရှိစေနိုင်မည်ဖြစ်ကြောင်း Asiatech က ကြေညာထားသည်။

အလားတူပင်ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က စင်ကာပူနိုင်ငံ အခြေစိုက် Navigat စွမ်းအင်ကုမ္ပဏီခွဲ တစ်ခုဖြစ်သည့် Maxpower ကုမ္ပဏီသည် သာကေတမြို့နယ်သဘာဝဓာတ်ငွေ့လျှပ်စစ်ဓာတ်အားပေးစက်ရုံမှတစ်ဆင့် ပြည်တွင်း၌လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခွင့်အတွက် မြန်မာအစိုးရထံမှ လိုင်စင်ရရှိခဲ့သည်။

Maxpower ကုမ္ပဏီသည် မြန်မာအစိုးရ၏သဘောတူညီချက်ဖြင့် 50MW ရှိ သဘာဝဓာတ်ငွေ့လျှပ်စစ် ဓာတ်အားပေးစက်ရုံတည်ဆောက်ခဲ့ပြီး ယင်းဓာတ်အားပေးစက်ရုံမှတစ်ဆင့် လျှပ်စစ်ဓာတ်အားရောင်းချခွင့် ရရန် အတွက် MEPE နှင့် Maxpower ကုမ္ပဏီတို့က ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့ အမြောက်အမြားထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်သော်လည်း မြန်မာ့လူဦးရေသန်း၆၀ တွင် ၂၆ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိနေကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ စစ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံလျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံအနှံ့ လျှပ်စစ်မီးအလုံအလောက်ရရှိစေရေးနှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ခုနှစ် အတွင်း ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၁၇ခုဆောက်လုပ်ရန်ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့်ပူးပေါင်း၍ စီမံကိန်းတစ်ရပ် ရေးဆွဲထားသည်။ ■

## VOICE OF THE WEEK

ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီမှာလေ။ ဖွဲ့စည်းပုံပြင်ချင်တဲ့သူ နှစ်ယောက်ပဲရှိတယ်ဆိုတာ အမှန်ကတော့ မေးခွန်းမေးတဲ့သူကို ပြန်ဖြေပေးတဲ့ ဖြေကြားချက် မဟုတ်ပါဘူး။ လူငယ်သတင်းသမားတစ်ယောက်က အဘရယ် ပြောပြပေးပါဆိုတော့ ကျွန်တော်က နောက်မှပြောပါမယ်ပြောလိုက်တယ်။ အဲဒီမှာတစ်ဆက်တည်း ပြင်ချင်တဲ့သူနှစ်ယောက်ပဲရှိတယ်ကွာလို့ အလွတ်သဘော ပြောလိုက်တာ၊ တရားဝင်ပြောလိုက်တာ မဟုတ်ပါဘူး။ ဒါကို တရားဝင်ထည့်လိုက်တော့ ကျွန်တော်နည်းနည်းလေး ရှင်းရတယ်။ ဘာပဲပြောပြော ပြည်ခိုင်ဖြိုးပါတီမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် ပြင်ချင်တဲ့လူတွေ အများစုရှိပါတယ်။ ပါတီစီအီးစီထဲမှာလည်း အများစုက ပြင်ချင်ကြပါတယ်။ ဒီမှာ Hart Liner လို့ခေါ်တဲ့ သဘောထားတင်းမာသူအချို့က မပြင်ချင်ကြပါဘူး။ အများစုက ပြင်ချင်ကြပါတယ်။ မပြင်ချင်သူအချို့ကတော့လေ ဒီစကားကိုလည်း ခဏခဏမပြောချင်ပါဘူး။ နိုင်ငံတကာက သုံးသပ်တာကိုပဲ အခြေခံပြောရရင် ကိုယ်ကျိုးစီးပွားကာကွယ်ချင်တဲ့သူတွေ၊ ကာကွယ်ဖို့ရှိတဲ့သူတွေက မပြင်ချင်ကြဘူးလို့ပဲ အလွယ်တကူ ထောက်ပြချင်ပါတယ်။

**ဖေဖော်ဝါရီလ ၂၄ ရက်နေ့ထုတ် Messager သတင်းဂျာနယ်ပါ 'သူရဦးအောင်ကိုနှင့် တွေ့ဆုံမေးမြန်းခြင်း' မှ ကောက်နုတ်ချက်**

"စာနယ်ဇင်းကျင့်ဝတ်ဆိုတာ ဥပဒေမဟုတ်ဘူး။ လိုက်နာရမယ်လို့ ဘယ်သူမှမပြောထားဘူး၊ ကျင့်ဝတ်ရှိတယ်၊ မလိုက်နာဘူးဗျ၊ မလိုက်နာရင် ဘာလုပ်မလဲ စာနယ်ဇင်းကောင်စီက အစည်းအဝေးတွေလုပ်ပြီးတော့ ဒီလူကိုထုတ်သင့်တယ်၊ ဖယ်ရှားတယ်လို့၊ သတိပေးတာလုပ်ရုံပဲရှိတယ်။ ကျင့်ဝတ်မလိုက်နာတဲ့အတွက် တရားမစွဲနိုင်ဘူး။ ကျင့်ဝတ်ကိုနားလည်ပြီး လိုက်နာဖို့လိုတယ်။ အဲဒီအတွက် စာနယ်ဇင်းကောင်စီက ပညာပေးဖို့တာဝန်ရှိတယ်" ဟု ပြောသည်။

**ဖေဖော်ဝါရီလ ၂၄ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်ပါ 'သတင်းသမားများ ကျင့်ဝတ်ချိုးဖောက်မှု စာနယ်ဇင်းကောင်စီတွင် တာဝန်ရှိဟု ဝါရင့်သတင်းစာဆရာကြီးသုံးသပ်' သတင်းမှ ကောက်နုတ်ချက်**

ဥတ္တရသီရိမြို့နယ်၏ NLD လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူ၏ လူမှုကွန်ရက်စာမျက်နှာတွင် ရဟန်းသံဃာအချို့အား 'နဖားကြိုးတပ်ပြီး ဆောင်ရွက်တယ်။' 'အဃာတိုလာကိုယ်တော်' တွေဟု ရေးသားဖော်ပြချက်သည် မြန်မာနိုင်ငံရှိ သံဃာတော်များအားလုံးကို ရည်ရွယ်ခြင်းမဟုတ်ကြောင်း ဦးမင်းသူက Venus News Weekly သို့ပြောသည်။

"ကျွန်တော်က Facebook မှာ သံဃာတွေလို့မရေးထားဘူး။ ကိုယ်တော်လို့ပဲရေးတာပါ။ ရမည်းသင်းမြို့က မဟာနအတွင်းရေးမှူးကိုယ်တော်နဲ့ လယ်ဝေးက သံဃာ့နာယကအဖွဲ့က ကိုယ်တော်တို့ကိုရည်ရွယ်တာပါ။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့အတွက် ကိုယ်ရေးတာကို တာဝန်ယူပါတယ်။ ခြေမကောင်း၊ ခြေမ၊ လက်မကောင်း၊ လက်မပါ။ အကြိုက်လိုက်ပြီး မပြောနိုင်ပါဘူး" ဟု ၎င်းကပြောသည်။

**ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် Venus News ဂျာနယ်ပါ 'ဥတ္တရသီရိမြို့နယ် NLD လွှတ်တော်ကိုယ်စားလှယ်၏ လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားဖော်ပြချက်သည် သံဃာတော်များအားလုံးကို မရည်ရွယ်ဟုဆို' သတင်းမှ ကောက်နုတ်ချက်**

ဦးခွန်ဥက္ကာက အတွင်းရေးမှူးလို့ပြောတယ်။ သူက ပအိုဝ့်နီလား၊ ပအိုဝ့်ဖြူလား။ သူကို ပအိုဝ့်နီကလည်း လက်မခံဘူး။ ပအိုဝ့်ဖြူကလည်း လက်မခံဘူး။ ဒါဆို ပအိုဝ့်ကြောင်ကျားပေါ့။ အဲဒီ ပအိုဝ့်ကြောင်ကျားက အဲဒီမှာ အတွင်းရေးမှူးလုပ်နေတယ်။

ပွင့်လင်းလူ့အဖွဲ့အစည်းလို့ဆိုနေတဲ့ သူတွေတောင်မှ မပွင့်လင်းဘူး။ သူတို့ကိုယ်တိုင် ပါးစပ်ကသာပွင့်လင်းနေတာ။ မင်းကိုနိုင် သူစာအုပ်ထုတ်တယ်။ ကြည်ဖြူသျှင်က အကုန်ဝယ်သွားတယ်။ သိန်းဘယ်လောက်ဖိုး ရောင်းရသလဲ။ မင်းကိုနိုင် ဘယ်သူမှ မပြောဘူးလေ။ ပြောရင် အခွန်ဆောင်ရမယ်လေ။ သူတို့ကိုယ်သူတို့ပွင့်လင်းလူ့အဖွဲ့အစည်းဆိုရင် ဖြောင့်ပြောပေါ့ဗျာ။ ဥပမာအနေနဲ့ပေါ့နော်။ သူတို့ကို ဂျော့ဆိုးရော့စ် ငွေဘယ်လောက် ပံ့ပိုးပေးထားတယ်ဆိုတာ သူတို့မပြောဘူး။ ပွင့်လင်းလူ့အဖွဲ့အစည်းဆိုတာ ဂျော့ဆိုးရော့စ်ရဲ့ နာမည်ပါ။ သူတို့ ကိုယ်တိုင်လည်း ပွင့်လင်းဖို့လိုသေးတယ်။

NLD မှာလည်း ဒေါ်အောင်ဆန်းစုကြည်ကလွဲပြီး ကျန်တဲ့ကောင်တွေ တစ်ကောင်မှ သောက်သုံးမကျဘူးဆိုတာလည်းသိတယ်။ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်မယ်ဆိုရင်လည်း လက်ခံတယ်။ ဒီတော့ သူ့ကိုသမ္မတဖြစ်အောင် ဘယ်လိုနည်းနဲ့ ဖြေလျှော့ပေးဖြစ်မလဲပေါ့နော်။ သူမှာ ခင်ပွန်းကလည်းသေသွားပြီ။ နိုင်ငံခြားက သူ့သားနှစ်ယောက် မြန်မာနိုင်ငံသားခံယူလိုက်ရင်ပြီးရော၊ ချွေးမတွေဘာတွေဆိုရင်လည်း ကင်းလွတ်စေဆိုပြီး ဖြေလျှော့ပေးလို့ရတယ်ပေါ့နော်။ အဲဒီမှာ ဦးကိုနီက ဘာထဖြစ်သလဲဆိုရင် ဦးလှဆွေပြောတာမဟုတ်ဘူး။ ၁၈ နှစ်ပြည့်ပြီးသားသားနှစ်ယောက်ကို ဘယ်နိုင်ငံသားခံယူပါ။ ဒီနိုင်ငံသားခံယူပါလို့ ပြောခွင့်မရှိဘူးတဲ့။ ကျွန်တော်ဆိုလိုချင်တာက သားနှစ်ယောက်ကိုပြောလို့မရရင် သန်း ၆၀ သော ပြည်သူတွေကို ဘယ်လိုပြောမလဲ။ ကျွန်တော်ပြောတာ မဟုတ်ဘူးလား။ ကျွန်တော်တို့ တတ်နိုင်သမျှ ဖြေလျှော့ပေးမယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာလည်း အရည်အချင်းရှိတဲ့ အမျိုးသမီးတစ်ယောက်ပါ။ သူ့ကို ပုဂ္ဂလိကအမြင်ကတ်တာမျိုး လုံးဝမရှိပါဘူး။

**ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထုတ် Hot Nwes ဂျာနယ်ပါ 'အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် တွေ့ဆုံခြင်း' မှ ကောက်နုတ်ချက်**

# ရှယ်ယာဝယ်မည်ဆိုလျှင်

**စစ်ငြိမ်း**

**တိုင်း** ပြည်တွင် ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ ပေါ်မွတ်နေချိန်တွင် မည်သို့သောရှယ်ယာများကို မည်သည့်အကြောင်းများဖြင့် ချိန်ထိုးဝယ်နိုင်မည်နည်း။

အရင်းအနှီးဈေးကွက် ပေါ်ပေါက်လာရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုကျိုစတော့အိတ်ချိန်းနှင့် ဒိုင်ဝါလုပ်ငန်းစုတို့ ပူးပေါင်းဆောင်ရွက်နေသည်။ ယင်းမှာ ၂၀၁၅ နှစ်လယ်ပိုင်းတွင် ရန်ကုန်စတော့ အိတ်ချိန်း YSE တည်ထောင်နိုင်ရန်ဖြစ်သည်။

စတော့အိတ်ချိန်းပေါ်ပေါက်လာပါက ရင်းနှီးမြှုပ်နှံမှုပြုမည့် (ရှယ်ယာဝယ်မည့်သူ) အများပြည်သူတို့ ဆုံးရှုံးနစ်နာမှုမရှိစေရန် ကြိုတင်ပြင်ဆင်သင့်သည့် အချက်များ၊ မြန်မာနိုင်ငံအနေနှင့် လတ်တလော သိသင့်သိထိုက်သော သတင်းအချက်အလက်များကို ဖော်ပြလိုက်သည်။

## ဘယ်လိုကုမ္ပဏီမှာရင်းနှီးမြှုပ်နှံမလဲ

အရေးကြီးဆုံးအချက်မှာ အောင်မြင်မှုရှိပြီးသား၊ နာမည်ကျော်ကြားသည့် ခိုင်မာသောကုမ္ပဏီ၊ လုပ်ငန်းအတွေ့အကြုံရှိပြီး လုပ်ငန်း ထပ်မံတိုးချဲ့ရန် ပြင်ဆင်နေသော ကုမ္ပဏီမျိုးတွင် ရင်းနှီးမြှုပ်နှံသင့်သည်။

ရှယ်ယာဝယ်မည်ဆိုလျှင် အနာဂတ်စီမံကိန်းရှိပြီး ယင်းစီမံကိန်းအကောင်အထည်ဖော်ရန် ကျွမ်းကျင်သူများ၊ စီမံခန့်ခွဲမည့်သူများရှိသောအဖွဲ့အစည်း၊ ငွေကြေးရှင်းတမ်းစာရင်းဇယားများကို တိကျစွာကိုင်တွယ်မည့် စာရင်းစစ်အဖွဲ့နှင့် အဆိုပါစာရင်းဇယားများကိုပွင့်လင်းစွာထုတ်ပြန်သော ကုမ္ပဏီမျိုး၏ ရှယ်ယာကို ဝယ်သင့်သည်။

လုပ်ငန်းစီမံကိန်းနှင့် ကုမ္ပဏီ၏ အနာဂတ်အလားအလာကောင်း၊ မကောင်းကို သုံးသပ်ဆင်ခြင် ဝယ်ယူသင့်ပြီး ကုမ္ပဏီ၏ နှစ်ပတ်လည်စာရင်းအချုပ်ကိုလေ့လာသိရှိထားရန်လိုသည်။

စတော့ရှယ်ယာသည် လောင်းကစားမဟုတ်သည့်အတွက် ရှယ်ယာဝယ်ရာတွင် ရှိသမျှ ပိုက်ဆံအကုန်သုံး၍ မဝယ်သင့်ဘဲ ငွေပိုငွေလျှံရှိမှသာ ယင်းငွေဖြင့်ဝယ်ယူစုဆောင်းသင့်သည်။ စီးပွားရေးလုပ်ငန်းဖြစ်သောကြောင့် အမြတ်ရှိသလို အရှုံးရှိနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

## ရှောင်ရန်

အများပိုင်ကုမ္ပဏီလုပ်ငန်းအတွေ့အကြုံမရှိသောကုမ္ပဏီမျိုး၊ မက်လုံးများစွာပေးပြီး လုပ်ငန်းစီမံကိန်းကို သေချာရေရာစွာမပြနိုင်သော၊ လုပ်ငန်းစီမံကိန်းလုပ်ဆောင်ရာတွင် မိသားစုကုမ္ပဏီအချင်းချင်း အရောင်းအဝယ်၊ အပေးအယူလုပ်နေသော ကုမ္ပဏီမျိုးကိုရှောင်ကြဉ်သင့်သည်။

## ဆောင်ရန်

ရှယ်ယာဝယ်ရာတွင် ဆုံးရှုံးမှုမရှိစေရန် စတော့၊ ရှယ်ယာနှင့် ပတ်သက်သော အကြောင်းအရာများကို သေချာစွာ လေ့လာထားရန်လိုအပ်ပြီး၊ ကုမ္ပဏီနှင့် ကုမ္ပဏီကိုဦးဆောင်နေသူများ၏အကြောင်းကိုလည်း သိရှိထားရန်လိုသည်။

ကုမ္ပဏီနှင့် ရှယ်ယာဝယ်သူအကြားတွင် အစိုးရကတင်းကျပ်သည့်စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကာကွယ်ပေးရန်လိုပြီး ယင်းကဲ့သို့ ဥပဒေ၊ နည်းဥပဒေများမရှိသေးချိန်တွင် ရှယ်ယာဝယ်ယူရန် မသင့်ပေ။

## လက်ရှိမြင်ကွင်း

လက်ရှိအချိန်တွင် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့ပြီး စတော့အိတ်ချိန်းအကောင်အထည်ဖော်ရာတွင် အဓိကကျသောနည်းဥပဒေမှာမူ ယခုအချိန်ထိ မထွက်ရှိသေးပေ။

ယင်းနည်းဥပဒေအရ ဖွဲ့စည်းတည်ထောင်ရမည့် Securities Exchange Commission (SEC) ဖွဲ့စည်းမှုမှာလည်း မပြီးပြတ်သေးပေ။ အဆိုပါ SEC သည် စတော့အိတ်ချိန်းတွင် ပါဝင်ကြမည့်ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များကို အဓိကကြီးကြပ်မည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် အများပိုင်ကုမ္ပဏီပေါင်း တစ်ရာကျော်ရှိနေပြီဖြစ်ပြီး ရှယ်ယာထုတ်ရောင်းနေသော အများပိုင်ကုမ္ပဏီများအနက် FMI ကုမ္ပဏီနှင့် FPJVC သစ်တောဖက်စပ်ကုမ္ပဏီတို့သည် ခိုင်မာမှုရှိသောကုမ္ပဏီများအဖြစ် Thura Swiss ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် ဒေါက်တာအောင်သူရက သုံးသပ်ထားသည်။

ကုမ္ပဏီရှယ်ယာများ ရောင်းဝယ်ရာတွင် Over The Counter (OTC) ကောင်တာတွင် ရောင်းဝယ်ခြင်းနှင့် တရားဝင်ရှယ်ယာပွဲစားများခန့်အပ် ရောင်းဝယ်ခြင်းများရှိသည်။ ■



EPA

## တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်း

၂၇-၂-၂၀၁၄ ခေါ်ဈေး

| ယာဉ်အမျိုးအစား | မော်ဒယ်လ် | အကွာရာ | ဈေးနှုန်း (ကျပ်သိန်း) |
|---|---|---|---|
| Probox (Suceed) | ၂၀၀၈ | အသစ် | ၁၁၅ |
| AD Van (ပုံပြောင်း) | ၂၀၀၈-၀၉ | အဟောင်း | ၁၀၀-၁၀၅ ကြား |
| Mazda Demio (ပုံပြောင်း) | ၂၀၀၈-၀၉ | အသစ် | ၁၀၅-၁၁၀ |
| Van (ဖင်ကောက်) ဒီဇယ် | ၂၀၀၂-၀၃ | အသစ် | ၁၆၀-၁၇၀ ကြား |
| Toyota Ipsum | ၂၀၀၂-၀၃ | အသစ် | ၂၀၀ ဝန်းကျင် |
| Toyota Wish | ၂၀၀၂-၀၃ | အသစ် | ၂၀၀ ဝန်းကျင် |
| Toyota Kluger | ၂၀၀၂-၀၃ | အသစ် | ၂၄၀-၂၇၀ ကြား |
| Mark II ရွှေငါး(ပုံပြောင်း) | ၂၀၀၂-၀၃ | အသစ် | ၂၀၀-၂၂၀ ကြား |
| Toyota Belta | ၂၀၀၈-၀၉ | အသစ် | ၁၅၀ (1300 CC) |
| Honda CRV | ၂၀၀၂-၀၃ | အသစ် | ၁၇၀-၁၈၀ ကြား |
| Prado TZ | ၁၉၉၇ | အသစ် | ၃၀၀ ဝန်းကျင် |
| ယာဉ်အိုဟောင်း အပ်နှံစလစ် | | | ၉၈ သိန်း |

ယာဉ်၏အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲနိုင်ပါသည်။

## မော်တော်ယာဉ်သုံးလောင်စာ

### Octane 92 နှင့် Octane 95 ဘာကြောင့်၊ ဘယ်လို

**Octane 92**

၁။ စက်သုံးဆီ အရောင်းဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်။
၂။ EFI (Electronic Fuel Injection )ဆီပို့စနစ်ပါဝင်သည့် မော်တော်ယာဉ်အားလုံး အနိမ့်ဆုံးအနေနှင့် Octane 92 အသုံးပြုရ။
၃။ လက်ရှိတွင် ၂၀၁၀ ပြည့်နှစ်မော်ဒယ်အောက် ယာဉ်များ အသုံးများ။
၄။ ဈေးနှုန်းတစ်ဂါလန် ကျပ် ၃၇၀၀ ခန့်။
၅။ အသုံးပြုပြီး ကီလိုမီတာ ၁ သိန်းကျော်လျှင် အင်ဂျင်အရှိန်အဆွဲလျော့။
၆။ မော်ဒယ်လ်မြင့်ယာဉ်များတွင် ပေါက်ကွဲအားမလုံလောက်သဖြင့် အင်ဂျင်တွင်း မီးခိုးပိုထွက်ပြီး Injector (ပေါက်ကွဲလောင်ကျွမ်းစေရန် ဆီမှုန်ဆီမွှားများကို အင်ဂျင်အတွင်းသို့ ပို့လွှတ်ပေးသည့်ကိရိယာ) ချေး(ဂျီး)ပိတ်ကာ မကြာခဏ လဲလှယ်ရ။

**Octane 95**

၁။ ပြည်တွင်း၌ အရည်အသွေးပြည့်ဝသည့် Premium Octane (100 %) မရရှိနိုင်သည့်အတွက် Octane 95 ကိုသာ သုံးစွဲရပြီး မြို့ကြီးများတွင်ပင် Octane 95 ရောင်းချသည့် စက်သုံးဆီဆိုင် အကန့်အသတ်ရှိ။
၂။ ၂၀၁၂ ခုနှစ်မော်ဒယ်နှင့်အထက် ယာဉ်များသုံးမဖြစ်မနေ သုံးစွဲသင့်။
၃။ ဈေးနှုန်းတစ်ဂါလန် ကျပ် ၄၄၀၀ ခန့်။
၄။ အင်ဂျင်အရှိန်အဆွဲကျလာပါက Octane 95 ပြောင်းသုံးသင့်။
၅။ Octane 92 သုံးခြင်းထက် အင်ဂျင်သက်တမ်းပိုမိုကြာရှည်ခံ (ကီလိုမီတာ တစ်သိန်းခွဲခန့်အထိ အင်ဂျင်ထိခိုက်မှုနည်း)
၆။ လောင်စာပေါက်ကွဲအား ပိုကောင်းသဖြင့် အင်ဂျင်တွင်း လောင်စာဆီနှင့် လေမမျှတ၍ ဖြစ်ပေါ်လာသော မီးသံခေါက်ခြင်း လျော့နည်းနိုင်၊ Injector သက်တမ်းပိုမိုတာရှည်ခံ။

## အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာပေါက်ဈေး

| ရက်စွဲ | အမေရိကန်ဒေါ်လာ (ကျပ်) | ယူရို (ကျပ်) | စင်ကာပူဒေါ်လာ (ကျပ်) |
|---|---|---|---|
| ၂၄.၂.၂၀၁၄ | ၉၈၀ | ၁၃၄၃ | ၇၇၀ |
| ၂၅.၂.၂၀၁၄ | ၉၈၀ | ၁၃၄၂ | ၇၇၃ |
| ၂၆.၂.၂၀၁၄ | ၉၇၉ | ၁၃၄၃ | ၇၇၂ |
| ၂၇.၂.၂၀၁၄ | ၉၇၈ | ၁၃၃၅ | ၇၉၆ |

အချိန်နှင့်လိုက်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။ ဝယ်ဈေးသာဖြစ်ပြီး ရောင်းဈေးနှင့် ၈ ကျပ်ခန့်ကွာသည်။

## တစ်ပတ်အတွင်းရွှေဈေး

| ရက်စွဲ | မြန်မာ့ရွှေဈေး (ကျပ်) | | ကမ္ဘာ့ရွှေဈေး (ဒေါ်လာ) | |
|---|---|---|---|---|
| | ဖွင့်ဈေး | ပိတ်ဈေး | ဖွင့်ဈေး | ပိတ်ဈေး |
| ၂၄.၂.၂၀၁၄ | ၆၈၅,၀၀၀ | ၆၈၇,၀၀၀ | ၁၃၂၀ | ၁၃၃၀ |
| ၂၅.၂.၂၀၁၄ | ၆၈၆,၂၀၀ | ၆၈၆,၃၀၀ | ၁၃၃၄ | ၁၃၃၅ |
| ၂၆.၂.၂၀၁၄ | ၆၈၇,၀၀၀ | ၆၈၇,၅၀၀ | ၁၃၄၀ | ၁၃၄၁ |
| ၂၇.၂.၂၀၁၄ | ၆၈၆,၀၀၀ | ၆၈၄,၃၀၀ | ၁၃၃၀ | ၁၃၃၂ |

Source ။ ။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

# FOREIGN AFFAIRS

## ထိုင်းလာဘ်စားမှုတိုက်ဖျက်ရေးကော်မရှင်က ယင်းလပ် ငွေကြေးအလွဲသုံးစားမှုအပြင် ပေါ့ဆမှုဖြင့်ပါတရားစွဲ

**ဘန်ကောက်၊ ဖေဖော်ဝါရီ ၂၇**

**ထိုင်း အစိုးရက လယ်သမားများထံမှ ဆန်စပါးဝယ်ယူသည့်ကိစ္စနှင့်ပတ်သက်၍ ငွေကြေးအလွဲသုံးစားမှုဖြင့် တရားစွဲဆိုခံထားရသော ဝန်ကြီးချုပ်ယင်းလပ်ကို ယခုထပ်မံ၍ ပေါ့ဆမှုပါထပ်တိုး၍ တရားစွဲဆိုလိုက်ကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။**



ထိုင်းအစိုးရ၏ ဆန်စပါးဝယ်ယူသော မူဝါဒအရ ဈေးကွက်ပေါက်ဈေးထက်မြင့်သောဈေးနှုန်းဖြင့် လယ်သမားများထံမှ ဆန်စပါးဝယ်ယူရာတွင် ငွေအကျေပေးချေနိုင်ခြင်းမရှိသည့်အတွက် လယ်သမားများကဆန္ဒပြတောင်းဆိုခဲ့ကြပြီးနောက် ဝန်ကြီးချုပ်ယင်းလပ်အပါအဝင် အစိုးရအဖွဲ့ဝင်များကို ငွေကြေးအလွဲသုံးစားမှုဖြင့် ထိုင်းလာဘ်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲဆိုထားခြင်းဖြစ်သည်။

ယခုထပ်မံ၍ ဝန်ကြီးချုပ်ယင်းလပ်ကို ထိုင်းလာဘ်စားမှု တိုက်ဖျက်ရေးကော်မရှင်က ပေါ့ဆမှုဖြင့်ထပ်မံတရားစွဲရန် ပြင်ဆင်နေခြင်းလည်းဖြစ်သည်။

အကယ်၍ ဝန်ကြီးချုပ်ယင်းလပ်သာ ငွေကြေးအလွဲသုံးစားပြုလုပ်သည့်ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိခဲ့ပါက သူမအနေနှင့် ရာထူးမှဆင်းပေးရမည်ဖြစ်ပြီး နိုင်ငံရေးလုပ်ခွင့်ကိုလည်း ငါးနှစ်ပိတ်ပင်ခံရမည်ဖြစ်သည်။

ယင်းလပ်ကိုတရားစွဲဆိုထားသော အမှုများနှင့်ပတ်သက်၍ ယင်းလပ်၏ရှေ့နေများနှင့် ဆွေးနွေးမည့် နေရာဖြစ်သော ဘန်ကောက်မြို့မြောက်ပိုင်းရှိထိုင်းအမျိုးသားလာဘ်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးရှေ့တွင် ယင်းလပ်ကိုထောက်ခံသူ လူ ၃၀၀ ခန့်စုဝေးရောက်ရှိသွားခဲ့ကြပြီး ရုံးထဲတွင် ဆန္ဒပြနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များစောင့်ကြပ်လျက်ရှိသည်။

ငွေကြေးအလွဲသုံးစားမှုဖြင့်တရားစွဲဆိုခံထားရသော ဝန်ကြီးချုပ်ယင်းလပ်သည် ယခုတရားစွဲဆိုမှုတွင် ရုံးတော်သို့လာရောက်ခဲ့ခြင်းမရှိပေ။

ထို့အတူ ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ဆန္ဒပြလျက်ရှိသော ယင်းလပ်ဆန့်ကျင်သူဆန္ဒပြသူများ၏ ခေါင်းဆောင် ဆူသက်သောင်ဆူဘန်ကလည်း ဝန်ကြီးချုပ်ယင်းလပ်နှင့် ရုပ်မြင်သံကြားမှထုတ်လွှင့်ပြသမည့် စကားစစ်ထိုးပွဲဆင်နွှဲလိုကြောင်းထုတ်ဖော်ပြောကြားလိုက်သည်။

"နေရာနဲ့အချိန်သာပြောပါ။ထိုင်ခုံနှစ်ခုံနဲ့ မိုက်ကရိုဖုန်းချပြီးတော့ တီဗီကနေ တိုက်ရိုက်လွှင့်လိုက်ပါ" ဟု ယင်းလပ်နှင့် စကားစစ်ထိုးလိုသည့် ဆန္ဒပြခေါင်းဆောင် ဆူသက်က သတင်းထောက်များကို ပြောကြားသည်။

ဆူသက်၏ပြောကြားချက်နှင့် ပတ်သက်၍ "စကားစစ်ထိုးပွဲကပြောမယ့်အကြောင်းအရာဘောင်တော့ရှိရမှာပေါ့။ ဘယ်လိုဘောင်ဖြစ်မလဲဆိုတာတော့သေသေချာချာမသိဘူး" ဟု ချင်းမိုင်မြို့တွင် သတင်းထောက်များကို ဝန်ကြီးချုပ်ယင်းလပ်က ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ယခုလအစောပိုင်းက အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့သော်လည်း ယင်းလပ်အစိုးရနှင့် ရွေးကောက်ပွဲကို ဆန့်ကျင်သော ဆန္ဒပြသူများကြောင့် အပြည့်အဝ ပြီးမြောက်ခြင်းမရှိသေးပေ။

ထိုင်းနိုင်ငံတွင် ယမန်နှစ်နိုဝင်ဘာလမှစတင်ခဲ့သော ယင်းလပ်ဆန့်ကျင်ရေးဆန္ဒပြမှုများတွင် ပဋိပက္ခဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၂၁ ဦးသေဆုံးခဲ့ပြီး ၇၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ထိုင်းတွင် ယင်းလပ်ဆန့်ကျင်သော အင်အားစုများမှာ ဘန်ကောက်မြို့တော်နေ အထက်တန်းနှင့်လူလတ်တန်းစားများနှင့် တောင်ပိုင်းသားများဖြစ်ကြပြီး ယင်းလပ်ကို ထောက်ခံသူများမှာ မြောက်ပိုင်းနေ လယ်သမားများ အများစုဖြစ်သည်။

လတ်တလော ပဋိပက္ခများပြင်းထန်လျက်ရှိသော်လည်း ယခင်က ထိုင်းနိုင်ငံရေးတွင် မကြာခဏပါဝင်ပတ်သက်လေ့ရှိသော ထိုင်းစစ်တပ်က ယခုအချိန်ထိ ထိုင်းနိုင်ငံရေးပဋိပက္ခတွင် ဝင်ရောက်စွက်ဖက်မည်မဟုတ်ဟု ပြောကြားထားသည်။ ■

## ဂျပန်အပေါ် အောင်နိုင်ခဲ့သည့်နေ့ကို အမျိုးသားနေ့အဖြစ် တရုတ်သတ်မှတ်

**ဘေဂျင်း၊ ဖေဖော်ဝါရီ ၂၇**



ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်တို့အပေါ် တရုတ်ကွန်မြူနစ်တို့ အနိုင်ရရှိခဲ့သည့်နေ့နှင့် နန်ကင်းအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်ပွားခဲ့သည့်နေ့တို့ကို တရုတ်အမျိုးသား၊ အားလပ်ရက်အဖြစ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီက အတည်ပြုလိုက်ကြောင်း Xihua သတင်းတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၃ ရက်နေ့ကို အောင်ပွဲနေ့အဖြစ်သတ်မှတ်ခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်နေ့ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသူများ အောက်မေ့ဖွယ်နေ့အဖြစ် သတ်မှတ်လိုက်ကြောင်း၊ သုံးရက်ကြာကျင်းပသည့် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

ဖက်ဆစ်ဂျပန်အစိုးရအဖွဲ့က လက်နက်ချကြောင်း၊ တရားဝင်လက်မှတ်ရေးထိုးပြီးနောက်နေ့ဖြစ်သော စက်တင်ဘာ ၃ ရက်နေ့ကို အောင်ပွဲနေ့အဖြစ် တရုတ်အစိုးရအဖွဲ့က ၁၉၅၁ ခုနှစ် စတင် သတ်မှတ်ခဲ့သည်။

ဂျပန်တပ်ဖွဲ့ဝင်များက စစ်တွင်းကာလ တရုတ်မြို့တော်ဖြစ်သော နန်ကင်းမြို့၌ ၁၉၃၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်နေ့မှ စတင်ပြီးရက်ပေါင်း ၄၀ ကျော်ကြာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံသား ၃၀၀,၀၀၀ ကျော် သေဆုံးခဲ့ရသည်။

အဆိုပါဖြစ်ရပ်များ ဖြစ်ပွားခဲ့သည့် နေ့နှစ်ရက်ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် တရုတ်ဥပဒေပြုအမတ်များ၊ နိုင်ငံရေးအကြံပေးများ၊ ပြည်သူများက မကြာခဏတောင်းဆိုခဲ့ပြီး ယခုအခါ တရားဝင် အားလပ်ရက်အဖြစ် အတည်ပြုလိုက်ပြီဖြစ်သည်။ ■

## အိန္ဒိယနှင့် ဆော်ဒီ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မည်

**နယူးဒေလီ၊ ဖေဖော်ဝါရီ ၂၆**

အိန္ဒိယနှင့်ဆော်ဒီအာရေးဗီးယား နှစ်နိုင်ငံကြား ကာကွယ်ရေးရာ ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးလိုက်ကြောင်း The Diplomat သတင်းတွင် ဖော်ပြထားသည်။

ဆော်ဒီ ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ စသည့်ရာထူးများကို ရယူထားသည့် အိမ်ရှေ့မင်းသား ဘင်အဒူလာဇစ်အယ်ဆော့ အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးစဉ်အတွင်း သဘောတူညီချက် ရေးထိုးလိုက်ခြင်း ဖြစ်သည်။

ကာကွယ်ရေးရာ ပူးပေါင်းဆောင်ရွက်ရေးအပြင် အခြားသောနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် မဟာဗျူဟာမြောက် ပူးပေါင်းလုပ်ဆောင်မှုကို ပိုမိုမြှင့်တင်ရန် အိန္ဒိယနှင့်ဆော်ဒီအာရေးဗီးယားနှစ်နိုင်ငံလုံးက သဘောတူညီလိုက်သည်။

စစ်ရေးဆိုင်ရာသတင်းအချက်အလက်ပူးပေါင်းဖလှယ်ရေး၊ စစ်သင်တန်းပေးလေ့ကျင့်ရေး၊ စစ်ဘက်ဆိုင်ရာထောက်ပံ့မှု ပူးပေါင်းလုပ်ဆောင်ရေးတို့ကို သဘောတူညီချက်နှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်သည်။

အိန္ဒိယနှင့်ဆော်ဒီအာရေးဗီးယား ပူးတွဲကော်မတီ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၂ ခုနှစ်တွင် စတင်လုပ်ဆောင်ပြီးသည့် နောက်မှစ၍ ကာကွယ်ရေးရာ ပူးပေါင်းဆောင်ရွက်မှုများ စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။

၂၀၁၀ ပြည့်နှစ်တွင်လည်း ရီးယာဒ်သဘောတူညီချက် ထုတ်ပြန်လိုက်ပြီး အိန္ဒိယနှင့်ဆော်ဒီအာရေးဗီးယားနိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဟု နှစ်နိုင်ငံလုံးက ကတိပြုလိုက်သည်။

ယင်းကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်မည်ဟု သဘောတူညီထားသော်လည်း အိန္ဒိယနိုင်ငံ၏ရန်သူ ပါကစ္စတန်နိုင်ငံကို ဆော်ဒီအာရေးဗီးယားနိုင်ငံက သံတမန်ရေး၊ ရုပ်ဝတ္ထုရေးထောက်ပံ့မှုများ ပေးအပ်နေခြင်းကြောင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ရေးလုပ်ဆောင်ရာတွင် အခက်အခဲများ ပေါ်ပေါက်နေသည်။

၁၉၇၁ ခုနှစ် အိန္ဒိယ-ပါကစ္စတန်စစ်ပွဲတွင် ဆော်ဒီအာရေးဗီးယားနိုင်ငံက ပါကစ္စတန်နိုင်ငံကို ထောက်ပံ့ပေးခဲ့သည်။

သို့သော်လည်း ဆော်ဒီအာရေးဗီးယားနိုင်ငံမှာ အရှေ့အလယ်ပိုင်းဒေသတွင်း ရေနံအဓိကထုတ်လုပ်သည့် နိုင်ငံဖြစ်ခြင်း၊ ဒေသဆိုင်ရာ အင်အားကြီးနိုင်ငံဖြစ်ခြင်းတို့ကြောင့် အိန္ဒိယမှာ ဆော်ဒီနှင့် ပိုမိုပူးပေါင်းလာရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံသား ၂ ဒသမ ၈ သန်းမှာ ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် နေထိုင်လျက်ရှိသည်။

ဆော်ဒီအာရေးဗီးယားနှင့် အင်ဒိုနီးရှားနိုင်ငံကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ချုပ်ဆိုလိုက်ပြီးနောက် တစ်လအကြာတွင် အိန္ဒိယနှင့်သဘောတူညီချက်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ယင်းအချက်များကို ကြည့်လျှင် ရီးယာဒ်၏ ကာကွယ်ရေးရာ ဦးတည်ချက်သည် အရှေ့ဘက်သို့ဦးတည်နေကြောင်း သိသာသည်။ အိန္ဒိယလူဦးရေ စုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းမှာ မွတ်ဆလင်များဖြစ်ပြီး စုစုပေါင်းဦးရေ သန်း ၁၀၀ ခန့်ထိရှိကာ ကမ္ဘာပေါ်တွင် မွတ်ဆလင်ဦးရေတတိယအများဆုံးရှိသည့်နိုင်ငံဖြစ်သည်။ ■

# ပိုမိုရဲတင်းလာသော ဂျာမနီနိုင်ငံခြားရေးမူဝါဒ

အောင်ငြိမ်းချမ်း

**ယူကရိန်းအရေးမှာ အရေးပါသောဖြစ်ရပ်တစ်ခုဖြစ်သည်။ သို့သော်လည်း ယူကရိန်းအရေးနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံ၏ ပြုမူတုံ့ပြန်ပုံများမှာ ပိုမိုအရေးပါနေသည်။ ဥရောပနှင့်ပူးပေါင်းရေးလမ်းကြောင်းကို စွန့်ပယ်ခဲ့သည့် ယူကရိန်းသမ္မတယာနူကိုဗစ်ကို ဂျာမနီက ဆန့်ကျင်စိန်ခေါ်လိုက်ခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်မဟုတ်ပေ။ ယာနူကိုဗစ်ကို စိန်ခေါ်လိုက်ခြင်းမှာ ယာနူကိုဗစ်နောက်ကွယ်တွင်ရှိသော ရုရှားကို ဂျာမန်တို့စိန်ခေါ်လိုက်ခြင်းပင်ဖြစ်သည်။ ယင်းသည်ပင် ဂျာမနီ၏အရောင်အဝါ တောက်ပလာသော နိုင်ငံခြားရေးမူဝါဒကို လှစ်ဟပြလိုက်ခြင်းပင်ဖြစ်သည်။**

ဒုတိယကမ္ဘာစစ်ပြီးကာလမှစ၍ ဂျာမနီမှာအများနှင့် လိုက်ရောညီထွေရှိသော နိုင်ငံခြားရေးမူဝါဒများချမှတ်ခဲ့သော်လည်း မကြာသေးမီကာလများမှစ၍ ယင်းမူဝါဒကို သိသိသာသာပြောင်းလဲနိုင်ရန် လုပ်ဆောင်လာသည်။ ဂျာမနီအဓိပတိ၊ သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီး စသည့်ခေါင်းဆောင်အသီးသီးတို့က နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲလုပ်ဆောင်ရန် ပြောင်ပြောင်တင်းတင်းပင် တောင်းဆိုနေပြီဖြစ်သည်။ ဂျာမနီနယ်နိမိတ် ပြင်ပအရေးအခင်းများတွင် စစ်ရေး၊နိုင်ငံရေးအရ ပါဝင်မှုကိုတိုးမြှင့်ပြီး ဂျာမနီ၏နိုင်ငံတကာ အခန်းကဏ္ဍတိုးမြှင့်ရန် ၎င်းတို့ကလိုလားနေသည်။

ပထဝီနိုင်ငံရေးရာ မိုးသက်မုန်တိုင်းများကျရောက်နေချိန်တွင် ဂျာမနီနိုင်ငံက မဟာဗျူဟာရေးရာ ပြောင်းလဲမှုများ လုပ်ဆောင်ရန် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ဂျာမနီမှာ ဥရောသမဂ္ဂကို လက်တွေ့ဦးဆောင်နေရသူဖြစ်ပြီး ဥရောပပရောဂျက်များ၊ ကျရှုံးနေမှုများကို ကိုင်တွယ်ဖြေရှင်းနေရသည်။ ထို့အပြင် ကမ္ဘာ့အင်အားကြီး အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့အရေးများမှ တဖြည်းဖြည်း ဆုတ်ကွယ်ရေးမူဝါဒချမှတ်ထားသည့်ကာလအတွင်း၊ ဂျာမနီက လိုက်လံချိန်ညှိပေးနေရပြီး အန္တရာယ်များလှသော ရုရှားနှင့်ဆက်ဆံရေးကိုလည်း စီမံပေးနေရသည်။ ယင်းကဲ့သို့ အခြေအနေများကို ကိုင်တွယ်ရန်မှာ ဂျာမနီ၏လက်ရှိ နိုင်ငံခြားရေးမူဝါဒနှင့် အံဝင်မှုမရှိပေ။ ထို့အပြင် ဂျာမနီနိုင်ငံတာဝန်မယူပါက မည်သူတာဝန်ယူလုပ်ဆောင်မည်နည်းဟု မေးရန်လိုလာသည်။ အခြားသူတစ်ဦး လုပ်ဆောင်ပါကလည်း ဂျာမနီ၏အကျိုးစီးပွားနှင့် ကိုက်ညီမှု ရှိ မရှိမှာ မသေချာပေ။

## နယ်နိမိတ်မျဉ်းများ ချမှတ်ခြင်း

ဂျာမနီ၏အကျိုးစီးပွားများနှင့် အခြားသောနိုင်ငံများ၏ အကျိုးစီးပွားတူညီမှု မရှိသဖြင့် မူဝါဒအပြောင်းအလဲများ လုပ်ဆောင်ရန် လိုအပ်လာခြင်းဖြစ်သည်။ အခြားသောနိုင်ငံများအတွက်မူ ယင်းအရေးမှာ ပြဿနာကြီးမားခြင်းမရှိသော်လည်း ဒုတိယကမ္ဘာစစ်ကာလ အစွန်းရောက် အမျိုးသားရေးဝါဒ ထွန်းကားခဲ့သော ဂျာမနီနိုင်ငံမှာမူ တက်ကြွသော နိုင်ငံခြားရေးမူဝါဒချမှတ်ရေးကို အမြဲသတိထားရှောင်ကြဉ်ခဲ့သည်။ သို့သော် လက်ရှိအခြေအနေများအောက်တွင် ဂျာမနီနိုင်ငံ ရပ်တည်နေသည့် အနေအထားမှာ အံဝင်မှုမရှိတော့သည်ကို ဂျာမန်များ တွေ့ရှိလာရသည်။

ယူကရိန်းနိုင်ငံရေး အခြေအနေ အပြောင်းအလဲများ ဖြစ်ပေါ်နေချိန်တွင် ဂျာမနီနိုင်ငံ၏ ထုတ်ပြန်ချက်များ ပေါ်ပေါက်လာခြင်းမှာလည်း တိုက်ဆိုင်မှုတစ်ရပ် မဟုတ်ပေ။ ယူကရိန်းမှာ ဥရောပကျွန်းဆွယ်နှင့် ရုရှားနိုင်ငံကြားရှိ နယ်စပ်ကုန်းမြေတစ်ရပ်ဖြစ်ပြီး ဂျာမနီနိုင်ငံအတွက် အရေးပါသော နယ်မြေတစ်ရပ်ဖြစ်သည်။ လက်ရှိတွင် အရေးမပါလျှင်တောင်မှ အနာဂတ်တွင် တင်းမာမှုများ မမျှော်လင့်ပဲ ပေါ်ပေါက်လာပါက ဂျာမနီနိုင်ငံအတွက် လွန်စွာအရေးပါမည်ဖြစ်သည်။ ထို့အတူ ယူကရိန်းနိုင်ငံမှာ ရုရှားနိုင်ငံအတွက် မရှိမဖြစ် လိုအပ်သောနယ်မြေတစ်ခုဖြစ်သည်။ ယူကရိန်းမှာ ရုရှားသို့ဝင်ရောက်ရာ ဂိတ်ပေါက်တစ်ခုလည်းဖြစ်သည်။ ရုရှားကို ရန်လိုသည့် နိုင်ငံတစ်ခုခု ယူကရိန်းကို သိမ်းပိုက်လိုက်ခြင်းမှာ ရုရှားအမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လိုက်ခြင်းပင်ဖြစ်သည်။ သို့သော်လည်းပြောင်းပြန်အခြေအနေမှာ မှန်ကန်မှု မရှိပေ။ ရုရှားမှ ဥရောပသို့ ဝင်ရောက်ရာ အဓိကလမ်းပေါက်သည် ယူကရိန်းနိုင်ငံ မဟုတ်ပေ။ (ဒုတိယကမ္ဘာစစ်မှာ ခြွင်းချက်ဖြစ်သည်) အဘယ်ကြောင့်ဆိုသော် ကာပေသီယံတောင်တန်းဒေသများက ကျူးကျော်မှုများကို အခက်အခဲ ဖြစ်စေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဂျာမနီနိုင်ငံက ရုရှားနှင့် စစ်ပွဲသစ်တစ်ရပ်ဆင်နွှဲရန် ရည်ရွယ်မထားပါက (ဂျာမနီကလည်း မစီစဉ်ထားပါ) ယူကရိန်းမှာ ဥရောပ သို့မဟုတ် ဂျာမနီအတွက် အရေးမပါချေ။

စီးပွားရေးအရဆိုလျှင်လည်း အထက်တွင်ဖော်ပြခဲ့သကဲ့သို့ပင်ဖြစ်သည်။ ရုရှားမှဥရောပသို့ စွမ်းအင်တင်ပို့ရာတွင် ယူကရိန်းနိုင်ငံကို ဖြတ်သန်းနေရသဖြင့် ရုရှားအတွက် ယူကရိန်းမှာ အရေးပါနေသည်။ သို့သော်လည်း ယူကရိန်းမှာ ဥရောပတိုက်အတွက် စွမ်းအင်နယ်ပယ်မှတစ်ပါး အခြားစီးပွားရေးအရ အရေးပါမှု မရှိချေ။ ယူကရိန်းအရေးမှာ ဥရောပနိုင်ငံများအတွက် အရေးမပါသော်လည်း ဆိုဗီယက်ပြည်ထောင်စုဝင်ဟောင်း၊ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံငယ်လေးများဖြစ်သော ဘော့လ်တစ်နိုင်ငံများနှင့် ပိုလန်နိုင်ငံအတွက်မူ လွန်စွာအရေးပါသည့်ဖြစ်ရပ်ဖြစ်သည်။ ယင်းကဲ့သို့သောနိုင်ငံများအတွက် ရုရှားနိုင်ငံမှာ အဓိကပထဝီနိုင်ငံရေးရာ ခြိမ်းခြောက်မှုဖြစ်ပြီး ယူကရိန်းအရေးပိုမို အရေးယူဆောင်ရွက်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို ဆွဲဆောင်စည်းရုံးလျက်ရှိသည်။




လိမ္မော်ရောင်တော်လှန်ရေးကာလတွင်၊ အမေရိကန်ဦးဆောင်သော အနောက်နိုင်ငံများက ဆိုဗီယက်ပြည်ထောင်စုဝင် နိုင်ငံဟောင်းများရှိ အတိုက်အခံများကို ရန်ပုံငွေများ ပွင့်ပွင့်လင်းလင်း ထောက်ပံ့လာခြင်းကြောင့် ရုရှား၏မဟာဗျူဟာအကျိုးစီးပွားအပေါ် ခြိမ်းခြောက်ခံခဲ့ရသည်။ ယင်းနောက်တွင် ရုရှားနိုင်ငံက ဂျော်ဂျီယာနိုင်ငံကို ကျူးကျော်ပြလိုက်ခြင်းဖြင့် အနောက်ဝင်ရောက်စွက်ဖက်မှု၏ အကျိုးဆက်ကို ထုတ်ဖော်သတိပေးလိုက်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း၊ ဂျာမနီနိုင်ငံက ယူကရိန်း အတိုက်အခံများကို ငွေကြေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများ ပေးအပ်ခဲ့ပြီး ယင်းကဲ့သို့ ဖြစ်ရပ်များမှာ ရုရှားနိုင်ငံကို စိတ်ဆိုးဒေါသထွက်စေမည်ဖြစ်သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်းကမူ ဂျာမနီနိုင်ငံမှာ ရုရှားကို စိတ်ဆိုးဒေါသထွက်အောင် မလုပ်ဆောင်နိုင်ခဲ့ပေ။ ဂျာမနီရင်ဆိုင်နေရသော ပြဿနာများ၏ အဖြေမှာ ရုရှားဖြစ်နိုင်ခြင်းကြောင့် ရုရှားနှင့် ပူးပေါင်းနေရခြင်းဖြစ်သည်။ ရုရှားနိုင်ငံမှ စွမ်းအင်များကို ဈေးပေါပေါဖြင့် ရရှိနေသလို၊ အလုပ်သမားရင်းမြစ်များလည်း ရရှိနေပြီး ဂျာမနီ ထွက်ကုန်များကိုလည်း ရုရှားဈေးကွက်တွင် ရောင်းချနိုင်မည့် အလားအလာများကြောင့် ဖြစ်သည်။ ဂျာမနီ၏အစဉ်အလာ မဟာမိတ်များနှင့် ဆက်ဆံရေးဆိုးရွားလာခြင်းကြောင့် ရုရှားနိုင်ငံမှာ အလားအလာရှိသော သံတမန်ရေးရာမဟာမိတ်နှင့် မဟာဗျူဟာရေးရာ ရောင်းရင်းတစ်ဦးဖြစ်နိုင်ခြေ ရှိနေသည်။ ၂၀၀၃ ခုနှစ် အီရတ်နိုင်ငံတွင်းသို့ အမေရိကန် ကျူးကျော်ဝင်ရောက်ရာတွင် ဘာလင်က ပူးပေါင်းပါဝင်ရန် ငြင်းဆိုခဲ့သဖြင့် အမေရိကန်-ဂျာမန် ဆက်ဆံရေးဆိုးရွားခဲ့သည်။ ထို့အပြင် ဥရောပသမဂ္ဂအသုံးစရိတ်ချွေတာရေးအစီအစဉ်များကို ဂျာမနီ အဓိပတိ မာကယ်က ထောက်ခံခဲ့သဖြင့် ပြင်သစ်၊ ဥရောပတောင်ပိုင်းနိုင်ငံများနှင့် ဆက်ဆံရေးတင်းမာခဲ့သည်။ လက်တွေ့ဖြစ်လာသည်မှာ ခန့်မှန်းထားသည့်အတိုင်း မဟုတ်ခဲ့ပေ။ ဂျာမနီနှင့် မဟာမိတ်ဟောင်းများကြား တင်းမာမှုများ ပေါ်ပေါက်ခဲ့သော်လည်း ဂျာမနီနှင့် ရုရှားဆက်ဆံရေးမှာ ပြီးပြည့်စုံသည့် အရာတစ်ခုမဟုတ်ပေ။ ရုရှားနိုင်ငံမှာ မည်သည့်အခါမျှ စက်မှုထွန်းကားခဲ့ခြင်းမရှိဘဲ ကုန်ကြမ်းပစ္စည်းများ တင်ပို့ခြင်းဖြင့်သာ စီးပွားရှာခဲ့သည်။ ထို့အပြင် သမ္မတပူတင်လက်ထက်တွင် ရုရှားနိုင်ငံမှာ ပိုမိုအာဏာရှင်ဆန်လာခဲ့ပြီး ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင်းသို့ စီးပွားရေး၊ နိုင်ငံရေးတိုးစစ်ဆင်နွှဲခဲ့သည်။ ယင်းကဲ့သို့သော လုပ်ဆောင်ချက်များကြောင့် ဂျာမနီနိုင်ငံ၏ ရည်မှန်းချက်များနှင့် ပဋိပက္ခဖြစ်လာရသည်။ ဘာလင်၏ အဓိက လိုလားချက်မှာ စီးပွားရေးအင်အားကို ထိန်းသိမ်းထားရေးဖြစ်ပြီး ကုန်ပစ္စည်းတင်ပို့နိုင်မှုအပေါ် လွန်စွာ မှီခိုနေသည်။ သို့သော်လည်း ဥရောပစီးပွားရေး အကျပ်အတည်း ဖြစ်ပွားခဲ့သဖြင့် ဥရောပသမဂ္ဂအဖွဲ့တွင်း စားသုံးမှုနှုန်းထား ပြိုလဲသွားခဲ့ပြီး ဘာလင်မှာ အခြားသော ဈေးကွက်သစ်များကို တိုးချဲ့ရှာဖွေလာရသည်။ တရုတ်နှင့် အမေရိကန်နိုင်ငံများသို့ အချို့သောစက်မှုပစ္စည်းများ တင်ပို့နိုင်ခဲ့သော်လည်း ဥရောပတိုက်သည်သာ ဂျာမနီကုန်ပစ္စည်းများ၏ အဓိကဈေးကွက်အဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။ ထို့ကြောင့် ဂျာမနီ၏ တစ်ခုတည်းသော ရွေးချယ်ရာမှာ ဥရောပတိုက်တွင်၊ လွတ်လပ်စွာကုန်သွယ်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားရေးဖြစ်သည်။

ဥရောပအလယ်ပိုင်းနိုင်ငံများတွင် ရုရှားနိုင်ငံ ပြန်လည်နိုးကြားရှင်သန်လာသဖြင့် ယင်းဒေသရှိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှာ စိုးရိမ်လာကြသည်။ အပေါ်ယံအားဖြင့်ကြည့်လျှင် ဂျာမနီနိုင်ငံမှာ ရုရှားနိုးကြားမှုနှင့် အတူယှဉ်တွဲနေထိုင်ရန် စီစဉ်ထားသည်ကို တွေ့နိုင်သည်။ ပိုလန်၊ ချက်သမ္မတနိုင်ငံ၊ ဆလိုဗက်ကီးယားနိုင်ငံများမှာ ဂျာမနီစက်မှုထောက်ပံ့ရေး လုပ်ငန်းစဉ်ကြီးမှ ဖယ်ရှားမရသော အစိတ်အပိုင်းများဖြစ်ပြီး စက်မှုကျွမ်းကျင်လုပ်သားများ ထုတ်လုပ်ရေး ရင်းမြစ် တစ်ခုဖြစ်သည်။ ယင်းနိုင်ငံများ ဂျာမနီလွှမ်းမိုးမှု စက်ဝန်းအောက်တွင် ဆက်လက်ရှိနေရေးမှာ ဘာလင်အတွက် ညှိနှိုင်းမရသည့် အနေအထား ဖြစ်သည်။

အထက်တွင် ဖော်ပြထားသည့် အရေးများမှာ အသစ်အဆန်းများ မဟုတ်ချေ။ ရုရှားနှင့်ဂျာမနီကြား ခိုင်မာသော နယ်နိမိတ်တည်ထောင်ရေးနှင့်ပတ်သက်ပြီး ဂျာမနီမှာ အကန့်အသတ်များနှင့် ကြုံတွေ့နေရသည်။ ရုရှားစွမ်းအင်ထောက်ပံ့မှုအပေါ် ဘာလင်က မှီခိုနေရပြီး ယင်းအချက်ကို ရုရှားနိုင်ငံက အမြတ်ထုတ်ကိုင်တွယ်အသုံးပြုနိုင်သည်ဟု ဂျာမနီက ယုံကြည်ထားသည်။ ထို့အပြင် အလယ်ပိုင်းဥရောပဒေသကို ရုရှားနိုင်ငံက ဥရောပသမဂ္ဂအဖွဲ့ထိန်းချုပ်မှုမှ ဖဲ့ယူသွားနိုင်သည်။ အဆိုးရွားဆုံးဖြစ်ရပ်တွင် ဂျာမနီမှာ အကွဲကွဲအပြားပြားဖြစ်သော ဥရောပ၊ အလှမ်းကွာဝေးလှသော အမေရိက၊ ရန်လိုတင်းမာနေသောရုရှား၊ စသည့်အင်အားစုများ၊ အလယ်သို့ရောက်ရှိသွားနိုင်သည်။

မဟာဗျူဟာရေးရာအရ အရေးယူလုပ်ဆောင်ရန် လိုအပ်မှုမရှိဘဲ ယူကရိန်းအတိုက်အခံများကို ဂျာမနီနိုင်ငံက တက်တက်ကြွကြွ ထောက်ပံ့နေခြင်းကို ကြည့်လျှင် ဘာလင်၌ တွက်ချက်မှုသစ်များ ပေါ်ပေါက်နေသည်မှာ သိသာမြင်သာသည်။ ရုရှားမှာပြည်တွင်းရေးကိစ္စများနှင့် လုံးပန်းနေရပြီး ဥရောပအရေးတွင် အားနည်းနေချိန်၊ စွမ်းအင်ထောက်ပံ့မှု ရပ်ဆိုင်းနေချိန်၊ အနိမ့်ဆုံးသို့ရောက်ရှိနေချိန် ရုရှား-ဂျာမန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှ ရေရှည်အကျိုးအမြတ် မရရှိနိုင်ကြောင်း၊ သေချာသွားသည့် အချိန်တွင် ဂျာမနီနိုင်ငံက ဆုံးဖြတ်ချက်သစ်များချမှတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးမူဝါဒမှာ ဒေသဆိုင်ရာ အင်အားမျှခြေ အယူအဆပေါ် ပိုမိုမှီခိုလာသဖြင့် ဒုတိယကမ္ဘာစစ်ပြီး ၁၉၄၅ ခုနှစ် နောက်ပိုင်းကာလကကဲ့သို့ အမေရိကန်ပြည်ထောင်စု၏ အလုံးစုံကာကွယ်ရေးရာ အာမခံမှုကို ဂျာမန်တို့ မျှော်လင့်နိုင်မည်မဟုတ်ပေ။ နေတိုးစစ်အုပ်စုမှာလည်း အစည်းပြေလာပြီး ရုရှား၏ခြိမ်းခြောက်မှုများ ပိုမိုကြုံတွေ့နေရချိန်တွင် ဂျာမနီနိုင်ငံမှာ အမျိုးသားရေးနှင့် ဒေသဆိုင်ရာလုံခြုံရေးရာ မူဘောင်သစ်များချမှတ်ရန် လိုအပ်လာသည်။

## လိုအပ်ချက်သစ်

စစ်ရေးအပေါ် အဓိကအမှီပြုမည့် ဂျာမနီနိုင်ငံခြားရေးမူဝါဒသစ်မှာ ရုရှားနှင့် အမေရိကန်နှစ်နိုင်ငံအပေါ် စိုးရိမ်ရမှုတစ်ခုတည်းကြောင့်သာမဟုတ်ပေ။ ဂျာမနီ

စာ 34 သို့


BRAND'S
သားလေး အောင်မြင်မှုရဲ့လျှို့ဝှက်ချက်
သားလေး စာမေးပွဲဖြေနေတဲ့ ကာလအတွင်းမှာ
အာရုံစူးစိုက်နိုင်မှုနဲ့ ဦးနှောက်စွမ်းရည်ကိုပေးတဲ့
ဘရင်းကြက်ပေါင်းရည် ကို အမြဲကျွေးရူးတင်ပါတယ်
သော်စစ်နိုင်
၂၀၁၂ ခုနှစ်မြန်မာတစ်နိုင်ငံလုံး
တက္ကသိုလ်ဝင်တန်းပထမဆုရှင်၊
ဆေးတက္ကသိုလ်ကျောင်းသား
ယခု
ဆေးပြားပုံစံဖြင့်လည်းရရှိနေပါပြီ။
ဆေးသိပ္ပံ ဆိုင်ရာ
အတည်ပြုပြီး
BRAND'S
ESSENCE OF CHICKEN
Essence of Chicken
ဆေးသိပ္ပံဆိုင်ရာအတည်ပြုပြီး ကျန်းမာတဲ့ခန္ဓာ ထက်မြက်တဲ့ဦးနှောက် စွမ်းရည်ဖြစ်စေဖို့
ဘရင်းကြက်ပေါင်းရည်ကို နေ့စဉ်သောက်ပါ။